
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အရှေ့ဘက်ကောင်းကင်

စာစဉ် - ၁၀

ဘုန်းကော်စီစဉ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ


၁။ ကျီးကန်းမ စာ-၅

၂။ မုန်းသူ့ရန်ငြိုး စာ-၅၄

၃။ ဝမ်းတွင်းစုန်း စာ-၉၈

၄။ အင်းကြီးတစ္ဆေ စာ-၁၄၃




# ကျီးကန်းမ

**အညာ**ဆောင်းဗျ။ အေးချက်ကတော့ ကမ်းကုန်ရောဗျို့။ ဘာတေတို့ အညာသားလေးတွေဆိုတာ ညရောက်ရင် မီးလှုံကြ၊ ပြီးရင် အိပ်ရာဝင်တာနဲ့ ဂုန်နီအိတ်ကို ချုပ်ထားတဲ့ စောင်တစ်ထပ်၊

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



အညာစောင်ဘူထူတစ်ထပ် ခြုံပြီး ကွေးကြရတာပေါ့ဗျာ။

ဒီညနေ ထမင်းကလည်း စားကောင်းသဗျ။ ဖရဲကင်းလေးတွေ အချိုချက်လို့၊ ချဉ်ပေါက်ဖတ်ကို မြေပဲနဲ့ရောထောင်းပြီး ကြက်သွန်နီအကွင်းလိုက် လှီးထားတာလေးနဲ့ မြေပဲဆီမွှေးမွှေးလေးလောင်းပြီး သုတ်ထားတာလေးရယ်၊ အမဲခြောက်ကို ရေနူးနည်းစိမ်ပြီး ဖုတ်ထားတာလေးလည်း ပါသဗျ။ အမဲခြောက်မီးဖုတ်ကို အမေက စိတ်ရှည်လက်ရှည် ထုထားတော့ မွနေတာဗျို့။ ပဲဆီလေး နစ်နေအောင်ဆမ်းပြီး စိမ်ထားတော့ ကောင်းချက်ဗျာ။

ကျုပ်ဖြင့် ထမင်း ဘယ်နှပန်းကန်ထည့်မိမှန်းတောင် မသိပါဘူးဗျာ။ လကဖြင့် ပြာသိုတောင် ကုန်ကာနီးပေါ့။ အအေးကတော့ နည်းနည်းမှကို မလျော့သေးပါဘူးဗျာ။

နေလုံးပျောက်ပြီး မိုးချုပ်တာနဲ့ စိမ့်လာတော့တာဗျို့။ ကျုပ်လည်း ဝိုင်းထဲမှာ စောစောပဲ မီးဖိုလိုက်တယ်။ အဘတို့ အမေတို့က အသက်ကလေးတွေ ရကုန်ကြပြီလေဗျာ။ အအေးဒဏ် သိပ်မခံနိုင်ကြတော့ဘူးဗျ။ ကျုပ် မီးဖိုမီးစွဲတာနဲ့ ထင်းရုံထဲက ထင်းတုံးကြီးကြီးတွေ ဆွဲလာပြီး မီးကူးအောင် လုပ်လိုက်တယ်။

"အမေ"





"ဟဲ့ ဘာတုံး တာတေရဲ့"

"လာကြ၊ လာကြ၊ အဘကိုပါ ခေါ်ခဲ့၊ မီးဖိုပြီးပြီ၊ စောစောလေး မီးလှုံကြ၊ ဒီည တော်တော်အေးမယ့်ပုံပဲ၊ ခုတောင်မှ စိမ့်လာပြီ"

"ဩော် အေး အေး လာပြီဟေ့၊ တော့် ကိုဉာဏ်တော့်သားတာတေ ခေါ်လို့၊ မီးဖိုပြီးပြီတဲ့"

"အေး အေး၊ လာပြီ လူလေးရေ"

အဘက ကျုပ်ကြားအောင် လှမ်းပြောတယ်။ ခဏနေတော့ အမေနဲ့ အဘက အိမ်ပေါ်က ဆင်းလာကြတယ်ဗျ။ ကျုပ်ဖိုပေးထားတဲ့ မီးဖိုဘေးမှာ။ ကျုပ်က ဖျာကြမ်းလေးပါ တစ်ခါတည်း ခင်းပေးထားတာဗျ။

အဘက ရေနွေးကရားရော အကြမ်းပန်းကန်တွေပါ ယူလာတယ်။ အမေက လက်ဖက်ခွက် ယူလာတယ်။ ဒါလည်း ကျုပ်တို့ အညာသူ အညာသားတွေရဲ့ စည်းစိမ်တစ်မျိုးပေါ့ဗျာ။

"ကိုကြီးတာတေ၊ မီးတောင်လှုံနေကြပြီလား"

ဟောဗျာ၊ ကျောက်ခဲနဲ့ သံမဏိ ရောက်ချလာပြီ။

"ဟော့ကောင်တွေ လာကွ၊ ဒီည အေးလို့ကွ၊ အဘနဲ့ အမေကို မီးစောစော ဖိုပေးထားတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ကျောက်ခဲနဲ့ သံမဏိ လာကြဟေ့၊ လက်ဖက်စား ပြီး ရေနွေးကြမ်းပူပူသောက်ကြ"

အမေက ဒီကောင်နှစ်ကောင်ကို လွှတ်ခင်တာဗျ။ စေတနာ လည်း အားကြီးရှိတာ။ ဟိုနှစ်ကောင်ကလည်း အမေ တစ်ခုခုခိုင်း ရင် ပြာနေကြတာဗျို့။ အမေ့ကိုလည်း ဒီကောင်နှစ်ကောင် တော် တော်ခင်တာဗျ။ အရီး၊ အရီးဆိုတာ ပါးစပ်ဖျားကကို မချဘူးဗျို့။

"မထိုင်တော့ဘူး အရီး၊ ကျုပ်တို့ ကိုကြီးတာတေကို လာခေါ်ကြတာဗျ၊ ဘလေးချစ်ခိုင်တို့ပိုင်းကို သွားမလို့ဗျ"

"ဟေ…ဟုတ်လား၊ ချစ်ခိုင်တို့ပိုင်းမှာ ဘာတွေလုပ်စား ကြမလို့တုံး"

"မလုပ်စားပါဘူး အရီးရဲ့၊ မနက်ကသတင်းကို သွားပြီး မေးစမ်းကြည့်မလို့ပါ"

"ဟေ၊ ဘာသတင်းတုံးကွ ကျောက်ခဲရ၊ ငါလည်း ဘာမှမသိရပါလား"

"ဟာ ကိုကြီးတာတေကလည်း ရွာရှေ့ပိုင်းက ဘလေး ချစ်ခိုင်တို့ပိုင်းမှာ မနက်အစောကြီး ကျီးကန်းတွေ ရောက်နေလို့ဗျ။ လင်းတကျောဖြူကြီးတစ်ကောင်လည်း ပါတယ်တဲ့"

"ဟာ ဒီကောင် ကျောက်ခဲ၊ ငါက အဟုတ်မှတ်လို့၊





ပိုင်းထဲက သစ်ပင်တွေမှာ ကျီးကန်းနားတာ ဘာဖြစ်တုံးကွ၊ ဒါများ အထူးအဆန်းလုပ်လို့ကွာ၊ လာ လာ၊ ဒီမှာပဲ မီးလှုံကြ"

"ဟာ ကိုကြီးတာတေကလည်း ကျုပ်စကားက ဆုံး တောင် မဆုံးသေးဘူးဗျ"

"ဟေ…ဒါဆိုလည်း ဆက်ပြောကွာ"

"ကျီးကန်းက ငါးကောင် ခြောက်ကောင်လောက်ရှိသတဲ့ ဗျ၊ အားလုံးတောကျီးကန်းကြီးတွေချည်းပဲတဲ့၊ အကောင်တွေက လည်း တော်တော်ကြီးတာတဲ့ဗျ၊ ဘလေးချစ်ခိုင်က ပိုင်းထဲဆင်း အလာမှာ ကျီးကန်တစ်ကောင်က 'အာ၊ အာ၊ အာ' ဆိုပြီး အသံမာမာကြီးနဲ့ အော်လိုက်သတဲ့ဗျို့။ ဘလေးက ဒီကျီးကန်း အော်တာကြီးက တစ်မျိုးပါလားဆိုပြီး သရက်ပင်ပေါ်ကို မော့ ကြည့်လိုက်တော့ ကျီးကန်းတွေက ဘလေးကို ဝိုင်းကြည့်နေကြ တာတဲ့ဗျာ၊ လူတွေ့တာတောင် မပျံဘူးတဲ့ဗျာ။

ဘလေးက 'ရှူး၊ ရှူး' ဆိုပြီး လက်နဲ့ဝှေ့ပြီး မောင်းတာ လည်း နည်းနည်းတောင်မလှုပ်ဘူးတဲ့ဗျ။ ကျီးကန်းတွေကလည်း အကြီးကြီးတွေဆိုတော့ ဘလေးချစ်ခိုင်က နည်းနည်းစိုးရိမ်သွားပြီး အိမ်ပေါ်ပြန်တက်ခဲ့တယ်တဲ့ဗျာ။ ကိုကြီးတာတေ သိသားပဲဗျာ၊ ဘလေးချစ်ခိုင်က ဒီရွာမှာ လောက်လေးပစ်ပြိုင်ရင် အမြဲတမ်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့လူမို့လား၊ သူ့ရဲ့ လောက်လေးကိုင်းမှာ လေးကြိုး ချက်ချင်း တပ်၊ လောက်စာလုံးယူပြီး ဝိုင်းထဲကို ပြန်ဆင်းလာခဲ့တယ်တဲ့ဗျို့။ ဝိုင်းထဲရောက်တော့ ကျီးကန်းကြီးတွေက ရှိနေတုန်းပဲတဲ့ဗျာ။ အော်လည်း မအော်ဘူးတဲ့၊ ဘလေးကိုပဲ စိုက်ကြည့်နေကြတာဆို ပဲ။ ကိုကြီးတာတေ စဉ်းစားကြည့်လေ။ ကျီးကန်းဆိုတာ လောက် လေးတို့ လောက်လေးခွတို့ မြင်ရင် ချက်ချင်းထပျံတာပဲမို့လား၊ ဒီကျီးကန်းတွေကတော့ မပျံဘူးတဲ့ဗျ၊ လှုပ်တောင် မလှုပ်ဘူးတဲ့ ဗျို့။ ဒီတော့ ဘလေးက သူ့ရဲ့ လက်စွဲတော် လောက်လေးကြီးနဲ့ ပစ်မလိုလုပ်ပြီး ခြောက်လှန့်လိုက်သတဲ့။ ဒါလည်း ကျီးကန်းတွေ က နည်းနည်းမှကို မကြောက်ဘူးတဲ့ဗျာ။

ဒါနဲ့ ဘလေးက လောက်စာအိမ်မှာ လောက်စာလုံးထည့်၊ ကျီးကန်းတစ်ကောင်ကို ချိန်ပြီး ပစ်လိုက်ရောတဲ့ဗျာ။ ဘလေးရဲ့ လောက်လေးကြီး ဘယ်လောက်ပြင်းတယ်ဆိုတာ ကိုကြီးတာတေ သိတာပဲဟာ၊ ဖုန်းကနဲထိပြီး ကျီးကန်းကြီး ဘုံးကနဲ မြေကြီးပေါ် ကျလာရောတဲ့ဗျို့။ ဒီတော့မှ ကျန်တဲ့ ကျီးကန်းတွေက ထပျံသွား ကြတာတဲ့ဗျ။ ဒါတောင် အဝေးကို ပျံတာမဟုတ်ဘူးတဲ့၊ ဝိုင်း အပေါ်မှာ ဝဲနေကြတာတဲ့ဗျာ၊ အော်လည်း မအော်ကြဘူးတဲ့ဗျို့။ ကျီးကန်းဆိုတာ သူတို့ကျီးအုပ်ထဲက တစ်ကောင်ထိရင် ကျန်တဲ့





အကောင်တွေက တအာအာနဲ့ ဝိုင်းအော်တဲ့အမျိုးပဲဗျာ။ ဒီကျီးကန်း ကြီးတွေက တစ်ကောင်မှ မအော်ဘူးတဲ့ဗျာ။ မြေကြီးပေါ် ကျလာ တဲ့ ကျီးကန်းကြီးက ဆန့်ငင် ဆန့်ငင်နဲ့ ဖြစ်နေတုန်းမှာတဲ့ဗျာ အုန်းပင်ပေါ်မှာ နားနေတဲ့ လင်းတကြီးတစ်ကောင်က ချက်ချင်း ထိုးဆင်းလာသတဲ့ဗျာ၊ လင်းတကြီးမှ နဲတဲ့အကောင်ကြီး မဟုတ် ဘူးတဲ့ ကိုကြီးတာတေရေ။ ကျောဖြူကြီးဆိုပဲ။ တစ်ခါတည်း အဲဒီလင်းတကျောဖြူကြီးက ဆန့်ငင် ဆန့်ငင်ဖြစ်နေတဲ့ ကျီးကန်း ကြီးပေါ် ကားရားခွရပ်လိုက်ပြီး သူ့ကိုယ်လုံးနဲ့ ဝပ်ပေးလိုက်တာတဲ့ ဗျ။ ဘလေးချစ်ခိုင်လည်း အံ့သြပြီး ကြည့်နေတုန်း ရှိသေးသတဲ့ လင်းတအောက်က ဆန့်ငင် ဆန့်ငင် ဖြစ်နေတဲ့ ကျီးကန်းကြီးက ချက်ချင်းကောင်းသွားပြီး လင်းတကြီးရော ကျီးကန်းကြီးပါ ထပျံ သွားကြရောတဲ့ဗျို့”

“ဟာ…ဟုတ်လား၊ ထူးဆန်းလှချည်လားကွ၊ ဘလေး ချစ်ခိုင်က သူ့လောက်လေးကြီးနဲ့ ထပ်မပစ်ဘူးလားကွ ကျောက်ခဲရ”

“ဟာ ကိုကြီးတာတေကလည်း ဘလေးလည်း အံ့သြပြီး ကြည့်နေတော့ ဘယ်ပစ်မိမှာတုံးဗျာ”

“အေးကွ ကျောက်ခဲရ၊ ထူးတော့ ထူးဆန်းသားကွ၊ ဒီလင်းတနဲ့ ဒီကျီးကန်းတွေက ဘယ်လိုပတ်သက်နေလို့တုံး”



www.burmeseclassic.com

www.burmeseclassic.com



“ရှိသေးတယ်ဗျ၊ ကိုကြီးတာတေရ”

ဘာမှမပြောတဲ့ တုံးဇိုဘာဝေ သံမဏိတောင် ဝင်ပြောတာဗျ။

“အေး ပြောပါဦးကွ သံမဏိရ”

“အဲဒီလင်းတကြီးနဲ့ ကျီးကန်းတွေက ချက်ချင်းပျံမသွားဘူးတဲ့ဗျ၊ ဘလေးချစ်ခိုင်တို့ဝိုင်းပေါ်မှာ တော်တော်ကြာအောင် ဝိုင်းပတ်ပြီး ပျံနေကြတာတဲ့၊ ကျီးကန်းတွေကတော့ မအော်ဘူးတဲ့ ဗျ၊ လင်းတကျောဖြူကြီးက ‘ဂီး၊ ဂီး၊ ဂီး’ ဆိုပြီး အသံအကျယ်ကြီးနဲ့ အော်သွားသတဲ့။ ဘလေးလည်း ငှက်တွေ ပျောက်သွားတော့မှ အိမ်ပေါ်တက်လာတာတဲ့ဗျ”

“နေပါဦးကွ၊ မင်းတို့ အခုသိထားတာလည်း စုံနေမှပဲ၊ ဘလေးဆီကို သွားပြီး ဘာကိုမေးဦးမှာတုံးကွ”

“ဟာ ဒါက ရွာထဲကလူတွေ တစ်ယောက်နဲ့ တစ်ယောက် ပြောကြတာပဲ ရှိတာ ကိုကြီးတာတေရ၊ ဘလေးချစ်ခိုင်ပြောတာ ကြားရမှ အမှန်ကို သိမှာ မဟုတ်လား။ လူဆိုတာ တစ်စိတ်ကို တစ်အိတ်လုပ်ပြီး ပြောကြတာဗျ၊ အဲဒီအထဲမှာ ကျုပ်တို့ ထနောင်းကုန်းသားတွေက သူများထက်တောင် ပိုကြသဗျ။ တစ်စိတ်ကို နှစ်အိတ်လောက် လုပ်ပြောချင်ကြတာ၊ ကဲ လာပါဗျာ၊ ကိုကြီးတာ





တေကလည်း”

ကျောက်ခဲက ကျုပ်ကို မရမက ကပ်ခေါ်နေတာဗျ။

“တာတေရယ်၊ လိုက်သွားလိုက်ပါဟယ်၊ နှင့်ညီတွေက လိုက်စေချင်လို့ တကူးတက လာခေါ်နေတဲ့ဟာ”

နောက်ဆုံးတော့ ဘလေးချစ်ခိုင်တို့ ဝိုင်းထဲကို ကျုပ်ရောက်ခဲ့ရော ဆိုပါတော့ဗျာ။ ဟုတ်တော့ ဟုတ်သားဗျ။ ဘိုးညီလေးတို့ ဘိုးရှုံတို့တောင် ရောက်နေလို့ဗျို့။ မီးဖိုဘေးမှာ ဝိုင်းနေတာ လူကြီးရော လူငယ်ပါဆိုရင် ဆယ်ယောက်လောက်ရှိတယ်။

“ဟာ တာတေတောင် ရောက်လာပါလားဟေ့ ချစ်ခိုင်ရေ၊ မင်းသတင်းကို တာတေ ကြားသွားလို့ရှိမယ်ကွ”

“အခုမှ ကြားတာ ဘလေးရဲ့၊ ဒီကောင်တွေ ကျောက်ခဲတို့ လာပြောမှ သိရတာ။ ဘယ်လိုတုံး ဘလေးရဲ့၊ ထူးဆန်းလိုက်တာဗျာ၊ ဘလေး လောက်လေးချက် ထိသွားတဲ့ငှက်ဟာ အသက်ရှင်တယ်ဆိုတာ ရှိဖူးလို့လား”

ကျုပ်က မေးလိုက်တော့ ဘလေးက သဘောကျပြီး ပြုံးနေတယ်ဗျ။

“ဘယ်မှာလာပြီး ရှိမှာတုံးကွာ တာတေရာ၊ အခုမနက်က ငါပစ်လိုက်တာ ခါတိုင်းထက်တောင် အားစိုက်လိုက်သေး



www.burmeseclassic.com

www.burmeseclassic.com



တာကွ၊ ဘာဖြစ်လို့တုံးဆိုတော့ ကျီးကန်းကြီးတွေက နှစ်ပေ လောက်ကို ရှိတာဟေ့။ ဒီတော့ ငါ အားကုန်ဆွဲပြီး ပစ်လိုက်တာ၊ လောက်လေးကိုင်းဆိုတာ မကျိုးရုံပဲရှိတာ၊ ဒီပစ်ချက်မျိုး ထိလို့က တော့ ဘယ်လောက်ကြီးတဲ့ ငှက်ပဲဖြစ်ဖြစ် မသေဘဲ မရှိနိုင်ပါဘူး ကွာ''

''နှစ်ပေ ဟုတ်လား ဘလေး၊ တော်တော်ကိုကြီးတဲ့ ကျီးကန်းတွေပါလားဗျ''

''ဒီလိုကွ တာတေရ၊ ကျီးကန်းက နှစ်မျိုးရှိတယ်၊ မြို့ ကျီးကန်းနဲ့ တောကျီးကန်းကွ၊ မြို့ကျီးကန်းက နှုတ်သီးကနေ အမြီးဖျားအထိ ဆယ့်ငါးလက်မလောက် ရှိတယ်၊ အကောင်လည်း သေးတယ်၊ တောကျီးကန်းက နှုတ်သီးဖျားကနေ အမြီးအဖျား အထိ လက်မနှစ်ဆယ်၊ နှစ်ဆယ့်နှစ်လက်မလောက် ရှိတယ်ကွ၊ အခုကောင်ကြီးတွေက နှစ်ဆယ့်လေးလက်မလောက် ရှိတာပေါ့ ကွာ''

''ဟာ၊ ဘလေး တိုင်းဖူးတယ် ဟုတ်လား''

ကျုပ်က အံ့ဩတကြီးနဲ့ ဘလေးချစ်ခိုင်ကို မေးလိုက်တာ ဗျ။ ဘလေးချစ်ခိုင်က လူဖလံလေးဗျ။ အရပ် ပုပြတ်ပြတ်နဲ့ ခပ်သေးသေးလေး။ အသားလတ်လတ်၊ နှုတ်ခမ်းမွှေးရေးရေးလေး





နဲ့ဗျ။ မျက်နှာမှာ ကျောက်ပေါက်မာလေး သဲ့သဲ့ပါတယ်။ သူပစ်တဲ့ လောက်လေးနဲ့ သူ့အရပ်က အတူတူပဲလို့ ထနောင်းကုန်းသားတွေ က ဘလေးကွယ်ရာမှာ ရယ်စရာတောင် ပြောကြတာဗျို့။

''ဟကောင် တာတေရ၊ ငါ့ကို ထနောင်းကုန်း၊ ဘန့်သွေး ကုန်း၊ မီးလောင်ကုန်းသားတွေက ငှက်မုဆိုးချစ်ခိုင်လို့ ခေါ်ကြတာ မင်း မသိဘူးလား။ ဒီတစ်ပိုက်မှာ ငါ့လောက် ငှက်ကျွမ်းကြေတဲ့ သူ၊ ငှက်နားလည်တဲ့သူ ဘယ်ရှိလို့တုံး''

ဟုတ်သားဗျ။ ဘလေးကို ငှက်မုဆိုးလို့ ခေါ်ကြတာ။ ဘလေးက ယုန်လည်း မပစ်ဘူး၊ တခြားသားကောင်လည်း မလိုက် ဘူး၊ ငှက်တစ်မျိုးပဲ ပစ်တဲ့လူဗျ။ ဘလေးတို့ ပစ်လိုက်ရင်လည်း တစ်ချက် တစ်ကောင်ပဲဗျို့။

''နေဦး ချစ်ခိုင်ရဲ့၊ ဘိုးတွေးကြည့်တာတော့ အုန်းပင်ပေါ် နားနေတဲ့ လင်းတကျောဖြူကြီးနဲ့ ဒီတောကျီးကန်းကြီးတွေက အတူတူလာတာပဲ ဖြစ်မယ်ကွ''

ဘိုးညီလေးက ပြောတာဗျ။

''ဟာ သေချာတာပေါ့ ဘိုးရာ၊ ဒါကြောင့် လင်းတကြီး က ချက်ချင်းထိုးဆင်းလာပြီး ကျီးကန်းကို အသက်ရှင်အောင်လုပ် ပေးလိုက်တာပေါ့၊ ပြန်တော့လည်း အတူတူပျံသွားကြတာပဲလေ''



www.burmeseclassic.com

www.burmeseclassic.com



"ထူးတော့ အတော်ထူးတာပဲကွ၊ ငါတော့ တယ်ပြီး မသင်္ကာဘူး ချစ်ခိုင်ရာ"

ဘိုးရုံကလည်း မျက်မှောင်ကြီးကြုတ်ပြီး ပြောတယ်ဗျ။

"ဘာကိုတုံး ကိုရုံရဲ့၊ ဘာကို မသင်္ကာတာတုံး"

ဘိုးညီလေးက ဘိုးရုံကို လှည့်မေးတယ်။

"ကျုပ်စိတ်ထင်တော့ ဒီကျိုးကန်းတွေဟာ သာမန်မဟုတ်ဘူးထင်တယ်ဗျ၊ တစ်ခုခု လုပ်ထားတဲ့ တိရစ္ဆာန်တွေ ဖြစ်မယ်ဗျ"

"ဗျာ…ဘယ်လို တစ်ခုခုလုပ်ထားတာတုံး ဘိုးရုံရဲ့၊ ရှင်းအောင် ပြောစမ်းပါဗျာ"

ဘလေးချစ်ခိုင်က ဘိုးရုံပြောတာကို နားမလည်လို့ ပြန်မေးလိုက်တာဗျ။

"ဘိုးပြောတာက ဒီလိုကွဲ့ မောင်ချစ်ခိုင်ရဲ့၊ ကဝေတွေ၊ စုန်းတွေနဲ့များ ပတ်သက်နေသလားလို့ တွေးမိလို့ပါကွာ"

ဘိုးရုံပြောတာကို အားလုံးက စိတ်ဝင်စားသွားကြပြီဗျို့။

"နို့…အဲဒီလိုဟာမျိုး ကိုရုံ မြင်ဖူး၊ ကြားဖူးတာ ရှိလို့လား"

ဘိုးညီလေးက ဘိုးရုံကို ပြန်မေးတယ်။ ဒီတော့ ဘိုးရုံက ခေါင်းလေးညိတ်ပြီး ပြောသဗျ။





"ကျုပ်ငယ်ငယ်တုန်းက ကျုပ်တို့ရွာမှာ မိန်းမကြီး တစ်ယောက်ရှိတယ်၊ 'မမင်းယု' လို့ ခေါ်တယ်၊ ရွာထဲမှာ ဘာရောဂါဖြစ်ဖြစ် သူကုရင် ပျောက်တာပဲဗျ။ ဟိုဆေးလိုလို၊ ဒီဆေးလိုလိုနဲ့ တကယ်တော့ ဟုတ်ဟုတ်ငြားငြား ဘာဆေးမှ တိုက်တာ မဟုတ်ဘူးဗျို့။ သူ့လက်နဲ့ ထိရုံ၊ သပ်ချရုံနဲ့ကို ပျောက်တာ"

"ဟာ…တော်တော်စွမ်းတဲ့ ဘွားတော်ကြီးပါလား"

ကျောက်ခဲဗျ။ ကျောက်ခဲက တအံ့တသြနဲ့ ဝင်ပြောတာ။ ဘိုးရုံကတော့ ဆက်ပြောတယ်။

"ကျုပ်ဘိုးက ကျုပ်ကို တိုးတိုးကပ်ပြောတယ်ဗျ၊ 'လူလေး အဲဒီမယ်မင်းယုကြီးကို လမ်းမှာတွေ့ရင် မကြည့်မိစေနဲ့၊ ဘာသာပဲနေ ကြားလား၊ ဒီမိန်းမကြီးက ဝမ်းတွင်းစုန်းမကြီးကွ မောင်ရုံရဲ့' လို့ ပြောသဗျ"

"နေပါဦး ဘိုးရဲ့၊ ဝမ်းတွင်းစုန်းဆိုတာ ဘာကိုပြောတာတုံးဗျ"

ကျောက်ခဲ မေးပြန်ပြီဗျို့။ ဘိုးရုံက ဒီတစ်ခါတော့ ကျောက်ခဲကို လှမ်းကြည့်ပြီး ပြောသဗျ။

"ဝမ်းတွင်းစုန်းဆိုတာ မွေးကတည်းက အလိုလိုကို စုန်းပညာတတ်နေတာကွဲ့၊ ကလေးချင်း ကစားနေတုန်း သူများအရိပ်



www.burmeseclassic.com

www.burmeseclassic.com



ကို သူ့ဖနှောင့်နဲ့ ပေါက်လိုက်ရင် အပေါက်ခံရတဲ့ ကလေးဟာ ဖျားတော့တာပဲကွ၊ ဒီလောက်တော့ ငါ့မေးဖို့ မလိုပါဘူး ကျောက်ခဲရွာ၊ မင်းဆရာ တာတေ့ကို မေးရင် သိပါတယ်ကွ"

ဘိုးရုံက ပြောတော့ အားလုံးက ကျုပ်ကိုကြည့်ပြီး ပြုံးနေကြတယ်ဗျ။

"ကျုပ်လည်း ဒီလောက်တော့ မသိပါဘူး ဘိုးရဲ့"

လို့ ကျုပ်က ပြောလိုက်တယ်။ ဘိုးရုံက သူ့စကားကို ဆက်တယ်။

"အဲဒီမိန်းမကြီးက သူ့ဝိုင်းထဲမှာ တောကျီးကန်းကြီး တစ်ကောင်ကို သူ့ပညာနဲ့ မွေးထားသတဲ့ဗျို့၊ သူ့မှာ ပိုက်ဆံအသုံးပြတ်တော့မယ်ဆိုရင် သူ့တောကျီးကန်းကြီးကို လွှတ်လိုက်တာပဲတဲ့ဗျ။ ကိုယ့်ရွာမှာဖြစ်ဖြစ်၊ အနီးအနားရွာတွေဖြစ်ဖြစ်ပေါ့ဗျာ၊ တောကျီးကန်းကြီးက အိမ်ခေါင်မှာ နားပြီး 'အာ၊ အာ၊ အာ၊ မ...ဝါ၊ အာ၊ အာ၊ မ...ဝါ' လို့ အော်သတဲ့ဗျ။ ဒါဆိုရင် အဲဒီအိမ်က လူတစ်ယောက် ဖျားရင်ဖျား၊ ဗိုက်အောင့်ရင်အောင့် တစ်ခုခုတော့ ဖြစ်တာပဲတဲ့ဗျို့။ ဟိုဆရာ၊ ဒီဆရာ ကြိုက်တဲ့ဆရာနဲ့ကု ပျောက်ကိုမပျောက်ဘူးတဲ့ဗျ။ နောက်ဆုံး မယ်မင်းယုကြီး ပင့်ပြီး ကုတော့မှ ပျောက်တာတဲ့ဗျို့။ သူက ဆေးကုခ များများ





မတောင်းဘူးတဲ့ဗျ၊ ဆန်တစ်ပြည်နဲ့ ငွေငါးမတ်တင်ရဆိုပဲ။ ဒါပေမဲ့ သူ့မှာ ဆေးမကုရတဲ့နေ့ဆိုတာ မရှိဘူးဆိုပဲဗျ။ မိန်းမကြီးဆိုတာ ရွှေလက်ကောက်ကြီးတွေ ဝတ်လို့ဗျ၊ ရွှေဆွဲကြိုးတုတ်တုတ်ကြီးလည်း ဆွဲလို့ပေါ့ဗျာ။ စုန်းလား၊ ကဝေလားတော့ မသိဘူးဗျ၊ ကျုပ်ဘိုးကတော့ ကျုပ်ကို အဲဒီလို တိုးတိုးမှာတာပဲဗျ၊ ကျုပ်နည်းနည်းကြီးလာတော့ မယ်မင်းယုဝိုင်းနားရောက်ရင် သူမွေးထားတယ်ဆိုတဲ့ တောကျီးကန်းကြီးကို လိုက်ရှာကြည့်တာပဲဗျ"

"တွေ့ရောတွေ့လား မောင်ရုံရဲ့"

"တွေ့တော့ တွေ့တယ်ဗျ၊ ဒါပေမဲ့ ကျုပ်ဘိုးပြောတဲ့ တောကျီးကန်းကြီး ဟုတ်လား မဟုတ်လားတော့ ကျုပ် မသိဘူးဗျ"

"ကိုရုံ့ဘိုးက သေသေချာချာသိလို့ ပြောတာရှိမှာပေါ့"

ဘိုးညီလေးက ဘိုးရုံကို ပြောတယ်။

"ဟုတ်တယ် ဘိုးညီလေးရဲ့၊ ကျုပ်ဘိုးက အားကြီးစကားနည်းတာ၊ မဟုတ်တဲ့စကားဆို နည်းနည်းမှ ပြောတာမဟုတ်ဘူး၊ မယ်မင်းယုအကြောင်းကိုလည်း မဟုတ်ဘဲနဲ့တော့ ကျုပ်ဘိုးက ပြောမှာမဟုတ်ပါဘူးဗျာ။ ကျုပ်တို့ဘက်ရွာတွေမှာ ဒီမိန်းမကြီးကို 'ဆေးဝါးမစု၊ မမင်းယု' လို့တောင် ပြောကြတာဗျ။ မီးဖို



www.burmeseclassic.com

www.burmeseclassic.com



သည် ကလေးမွေးလို့ မရရင် သူ့သာ သွားခေါ်လိုက်၊ လျှောလျှော လျူလျူကို မွေးနိုင်တာဗျို့။ ဒါပေမဲ့ အိမ်ကလူတွေ အပြင်ထွက်ပေးရသတဲ့ဗျ။ ညဘက်ဆိုရင် တစ်အိမ်လုံး မီးတွေ မှုတ်ပေးရတာတဲ့၊ မှောင်ကြီးထဲမှာမှ သူက မွေးပေးတာဆိုပဲ။ အဲဒီအချိန်မှာ အိမ်ခေါင်ပေါ်က သူမွေးထားတဲ့ ကျီးကန်းကြီးက 'အာ၊ အာ၊ အာ၊ မ…ဝါ၊ မ…ဝါ' လို့ အော်နေတာတဲ့ဗျ။ ဒါပေမဲ့ လူတွေကတော့ ဒါကို ဘယ်သတိထားမိမှာတုံးဗျာ၊ ကျုပ်ဘိုးကတော့ သေသေချာချာကို သတိထားမိတာဗျ။ အဲဒါကြောင့် ကျုပ်က စိတ်ထဲ တယ်ပြီးမသင်္ကာဘူးလို့ ချစ်ခိုင်ကို ပြောတာပါ။ မနက်က မင်းပစ်လိုက်တဲ့ ကျီးကန်းဟာ တစ်ခုခုနဲ့များ ပတ်သက်နေသလားလို့ တွေးမိလို့ပါ''

ဒီတော့ ဘလေးချစ်ခိုင်က ပြန်ပြောသဗျ။

''ဘိုးရုံပြောတာလည်း ဖြစ်တော့ဖြစ်နိုင်တာပဲဗျ၊ ဒါပေမဲ့ ကျုပ်ကတော့ နောက်တစ်ခါတွေ့လို့ကတော့ ကျီးကန်းရော လင်းတရော ဘာကောင်ကိုမှ အလွတ်ပေးမှာ မဟုတ်တော့ဘူးဗျ၊ ကျုပ်လောက်လေးနဲ့ အသေကို ဆော်တော့မှာဗျို့''

အဲဒီလိုပြောရင်းနဲ့ ငှက်တွေအကြောင်း စကားရောက်သွားပြီး ဘလေးချစ်ခိုင်ပြောတဲ့ ငှက်တွေအကြောင်းကို နားထောင်





ကြရတော့တာပေါ့ဗျာ။ ဘလေးချစ်ခိုင်ကလည်း ငှက်မုဆိုးဆိုတဲ့ နာမည်နဲ့ လိုက်အောင်ကို ငှက်ကျွမ်းကြတဲ့သူပဲဗျို့။

ဘလေးချစ်ခိုင်က ကျီးကန်းအကြောင်း၊ သပိတ်လွယ်အကြောင်း၊ ယောက်ဖခွေးခေါ်ငှက်အကြောင်း၊ သာလိကာ၊ ဗွတ်ကလုံ၊ ဗွတ်ကလား၊ ဇွေ၊ ဝရောင်း၊ ငှက်ကျား၊ မြေလူး၊ နှံပြည်စုတ်၊ ငုံး၊ ငှက်ဘီလူး၊ စာဘုန်းကြီး၊ စာပတီး၊ တစ်တီတူး၊ ဘုမ္မတီး၊ ဓီးကွက်၊ ဒီးဒုတ်၊ လင်းဝက်၊ လင်းဆွဲ၊ ချိုးငှက်၊ ပုံလွှား၊ ငှက်ခါးနဲ့ လင်းယုန်တွေ၊ စွန်တွေ၊ လင်းတတွေအကြောင်းပါ ပြောပြတာများ နားထောင်လို့ကောင်းသလောက် ဗဟုသုတလည်း တော်တော်ရတာဗျို့။ အဲဒီညက ဆယ်နာရီကျော်မှ ကျုပ်တို့အိမ်ပြန်ကြတာ။ ကျုပ်အိမ်ရောက်တော့ အဘနဲ့ အမေတောင် အိပ်ပျော်နေကြပြီဗျ။

မနက်အိပ်ရာကနိုးတော့ အမေ ဘယ်အချိန်က ထပေါင်းထားမှန်းမသိတဲ့ ကောက်ညှင်းပေါင်းက အဆင်သင့်ကြိုလို့ဗျ။ ပဲပေါင်းလေးဗျ။ ပဲလွှန်းဖြူဖြူလေးတွေနဲ့ ပေါင်းထားတဲ့ ကောက်ညှင်းပဲပေါင်းလေးဗျာ။ နှမ်းလှော်ထောင်းကလေးနဲ့ အဘရယ်၊ အမေရယ်၊ ကျုပ်ရယ် အတူတူဝိုင်းပြီး ကောက်ညှင်းပေါင်းပူပူလေး 'ဖူးကနဲ' မှုတ်ပြီး လက်ထဲမှာ ကျစ်အောင်ဆုပ်လိုက်၊



www.burmeseclassic.com

www.burmeseclassic.com



နှမ်းထောင်းနဲ့တို့ပြီး စားလိုက်နဲ့ ကျုပ်ဖြင့် လွှတ်ပျော်တာဗျ။ ကောက်ညှင်းပေါင်းစားရင်း အဘက ကျုပ်ကို မေးတယ်။

"လူလေး ညက ချစ်ခိုင်တို့ဝိုင်းကို သွားတာ ဘာတွေများ သတင်းထူးတုံးကွ"

အဘမေးတော့ ကျုပ်က ပြောရတော့တာပေါ့ဗျာ။

"အဘရေ‥မနေ့ကညက ကျောက်ခဲနဲ့ သံမဏိပြောတာအမှန်ပဲဗျ။ မနက်စောစော သူ့ဝိုင်းထဲကို ရောက်နေတဲ့ တောကျီးကန်းကြီးတွေကို ဘလေးချစ်ခိုင်က ခြောက်လှန့်ပြီး မောင်းတာ နည်းနည်းမှကို မကြောက်ဘဲ ဘလေးကို မျက်လုံးပြူးကြောင်ကြောင်ကြီးတွေနဲ့ ကြည့်နေတာတဲ့ဗျို့။ ဒါနဲ့ ဘလေးက ဒေါသဖြစ်လာပြီး အိမ်ပေါ်တက်၊ သူ့လက်စွဲတော် လောက်လေးကြီးမှာ လေးကြိုးတပ်ပြီး လောက်စာလုံးနဲ့ ကျီးကန်းတစ်ကောင်ကို ပစ်ချလိုက်တာ ဘုံးကနဲ ပြုတ်ကျရောတဲ့ဗျ။ အဲဒီကျီးကန်း ဆန့်ငင်ဆန့်ငင် ဖြစ်နေတဲ့အချိန်မှာ ဘလေးတို့ဝိုင်းထဲက အုန်းပင်ကြီးပေါ်ကနေ လင်းတကျောဖြူကြီးတစ်ကောင် ထိုးဆင်းလာပြီး ပြုတ်ကျတဲ့ ကျီးကန်းအပေါ်မှာ ကားရားကြီး ခွနားတယ်ဆိုပဲ။ ပြီးတော့ သူ့ကိုယ်လုံးနဲ့ အသက်ငင်နေတဲ့ ကျီးကန်းကို ဖိထားလိုက်တာ ဘလေး ပစ်ထားတဲ့ ကျီးကန်းက အကောင်းပကတိ ဖြစ်သွားပြီး





ထပျံသွားတော့တာပဲတဲ့ အဘရေ။ အဲဒီလင်းတကြီးနဲ့ ကျီးကန်းတွေက ဘလေးတို့ဝိုင်းပေါ်မှာ တော်တော်ကြာအောင်ဝဲပြီး ပျံနေသေးတာဆိုပဲ။ နောက်တော့မှ ပျံထွက်သွားကြတာတဲ့ အဘရေ"

"အင်း‥ချစ်ခိုင်ကလည်း ငှက်မုဆိုးပဲလေ၊ တစ်သက်လုံး ငှက်ပစ်လာတဲ့ကောင်ပဲ၊ လက်ကလည်း တော်တော်တည့်တာကလား၊ ချစ်ခိုင်သာ မိမိရရ ပစ်ရလို့ကတော့ လွဲသွားတယ်ဆိုတာ ရှိကို မရှိတာကွ။ ဒီတော့လည်း ငှက်တွေက သူ့ကိုမြင်ရင် မုန်းနေကြတယ် ထင်ပါရဲ့ လူလေးရယ်။ မြွေသားစားတဲ့လူကို မြွေတွေက သိသလိုနေမှာပေါ့လေ။ ငှက်တွေကလည်း ချစ်ခိုင်ကို ငှက်မုဆိုးဆိုတာ သိနေသလားမှ မသိတာ"

"ဒါပေမဲ့ အဘရဲ့၊ ဒီတောကျီးကန်းကြီးတွေက နည်းနည်းတော့ ထူးဆန်းတယ်လို့ ကျုပ် ထင်တယ်ဗျ၊ အကောင်ကြီးတွေကလည်း အကြီးကြီးတွေဆိုပဲ"

"အေးလေ၊ ကျီးကန်းပဲ၊ ကျီးကန်းဘာသာ လာပေါ့၊ ဘာလို့ လင်းတကျောဖြူကြီးနဲ့ပေါင်းပြီး လာကြတာတုံး။ ပြီးတော့ သေတော့မယ့် ကျီးကန်းကို လင်းတက ဆင်းပြီး ဆေးကုပေးသလို လုပ်တာတော့ အဘလည်း အံ့သြတယ်ကွ၊ ဒါ မရိုးလောက်ဘူးထင်တယ် လူလေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပြောရင်းနဲ့ အဘနဲ့ ကျုပ်နဲ့ ငှက်တွေအကြောင်း ရောက်သွားကြတာပေါ့ဗျာ။ အဘက ကျုပ်ကို တောကျီးကန်းတွေ အကြောင်း ပြောပြတယ်ဗျ။

“တောကျီးကန်းတွေက ထူးခြားတယ် ငှလေးရဲ့၊ ဒါလည်း အဘ ဒီလောက်သိတာ မဟုတ်ပါဘူးကွာ၊ မင်းဘလေးချစ်ခိုင် ပြောပြတာပါ။ တပို့တွဲဆိုရင် ကျီးကန်းတွေ မိတ်လိုက်ကြရော ဆိုပဲကွဲ့၊ ကျီးဖိုက သူ့သဘောကျတဲ့ ကျီးကန်းမဆီကို သွားပြီး ခြေထောက်ကလေးမြှောက်ပြ၊ ခေါင်းငုံ့ပြီး အတောင်ဖြန့်ပြ၊ အမြီးကို ကြွပြတာတဲ့ကွ၊ ငှက်မကို မြှူဆွယ်တဲ့သဘောနေမှာပေါ့ကွာ။ တစ်ခါတလေကျတော့လည်း ငှက်ဖိုက အစာလေးချီလာပြီး ငှက်မ ရှေ့မှာ ချပေးသတဲ့၊ ငှက်မက သဘောတူရင် ကျီးဖိုယူလာတဲ့ အစာကို စားလိုက်ရောတဲ့၊ သဘောမကျရင်တော့ ယူလာတဲ့ အစာကို မစားဘူးတဲ့ဗျ”

“ဟာ…ကျီးကန်းတွေက ဒီ့လောက်တောင် သိသတဲ့လား အဘရဲ့၊ နေပါဦး၊ ဒါတွေကို အဘက ဘယ်လိုလုပ် သိတာတုံးဗျ”

“ဩော် တာတေရယ်၊ ချစ်ခိုင် ပြောတာပါဆိုမှဟယ်၊ စောစောကတင် နင့်အဘပြောပြီပဲဟာ”





အမေက ကျုပ်ကို ငေါက်တာဗျ။ နေဦး၊ ကျုပ်ပြောရဦးမယ်ဗျို့။ ကျုပ်တို့အညာမှာက ကိုယ့်အဘနဲ့ အသက်သိပ်မကွာတဲ့ ငယ်တဲ့လူကို ဦးလေးလို့ မခေါ်ဘူးဗျ။ ဘလေးလို့ ခေါ်ကြတာ။ ကိုယ်နဲ့ အမျိုးတော်လို့ရယ် မဟုတ်ဘူး။ ပြီးတော့ တစ်လက်စတည်း ပြောရဦးမယ်။ လောက်လေးဆိုတာ ခင်ဗျား သိချင်မှသိမှာဗျ။ လေးကိုင်းကို ဝါးနဲ့လုပ်ရတာ၊ ဝါးကောင်းကောင်းကိုရှာပြီး ခုတ်ရတယ်။ ပြီးရင် လေးကိုင်းကို ရေနံသုတ်လိုက်၊ ကျပ်တင်လိုက် လုပ်ရတယ်။ လေးကိုင်းရဲ့ ထိပ်နှစ်ဖက်မှာ လေးကြိုးတပ်ဖို့ အချိုင့်လေး ထွင်းရတယ်။ ဒါမှ လေးကြိုးပြုတ်မထွက်မှာပေါ့ဗျာ။

ဘလေးချစ်ခိုင်မှာတော့ အသင့်လုပ်ပြီးသား လေးကိုင်း ငါးခုလောက်ကို ရှိတာဗျ။ ပြီးရင် လက်ကိုင်နေရာမှာ လေးကိုင်းရဲ့ အလယ်တည့်တည့်ပေါ့ဗျာ။ အဲဒီနေရာမှာ လက်ကိုင်ကို ကြိမ်နဲ့ သေသေချာချာ ဖွတ်မြီးထိုး ထိုးရတာဗျ။ လေးကြိုးက နှစ်ချောင်းတွဲဗျ။ အလယ်တည့်တည့်မှာ ကြိမ်နဲ့ပဲ လောက်စာအိမ် ထိုးရတယ်။ ဒါက လောက်စာလုံးထည့်မယ့်နေရာပေါ့ဗျာ။ လေးကြိုးတပ်ပြီးရင် လေးကိုင်းက ကွေးသွားတာပေါ့ဗျာ။ မြားနဲ့ပစ်တဲ့ လေးကိုင်းလို ကွေးသွားတာပေါ့။ ပစ်တော့မယ်ဆိုရင် လောက်စာအိမ်မှာ လောက်စာလုံးထည့်ပြီး တစ်ဖက်က ကိုင်ထား၊ နောက်လက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က လေးကိုင်းကို ကိုင်ပြီး လေးကြိုးကို အဆုံးအထိဆွဲပြီး လက်ကို လွှဲပစ်ရတာဗျ။ မပစ်တတ်ရင် လေးကိုင်း ကိုင်ထားတဲ့ လက်မကို လောက်စာလုံးက သွားထိပြီး လက်မကြီး ယောင်လာရောဗျို့။ ပစ်လိုက်တဲ့အချိန်မှာ လေးကိုင်းကို နည်းနည်းလေးခတ်လိုက်ရတယ်။ ဒါမှ လက်မကို မမှန်မှာ"

အဘက စကားဆက်တယ်ဗျ။

"နောက်ပြီး ငှက်ဆိုတာက မျက်စိလွှတ်ကောင်းတယ်ဆိုပဲ လူလေးရဲ့ အဝေးကြီးကို မြင်နိုင်တာတဲ့ဟေ့၊ ဒါကြောင့်လည်း လေထဲမှာ ဝဲနေတဲ့ စွန်တွေ သိမ်းငှက်တွေဟာ မြေပြင်က ကြွက်ကလေးတွေကို သေသေချာချာ မြင်နိုင်လို့ ဆင်းပြီးသုတ်ကြတာပေါ့ လူလေးရ၊ အကြားအာရုံလည်း တော်တော်ကောင်းတယ်ဆိုပဲ၊ အနံ့ခံတော့ မကောင်းဘူးတဲ့ကွ"

"ဒါလည်း ဘလေးချစ်နိုင် ပြောတာပဲလား အဘ"

"တခြားလူတွေလည်း ပြောပါတယ်၊ ဒါပေမဲ့ ချစ်နိုင်လောက်တော့ ဘယ်သူမှ မသိကြဘူးကွ၊ ဒီကောင်က ငှက်ပစ်ရုံတင်မဟုတ်ဘူး၊ ငှက်တွေကိုလည်း စိတ်ဝင်စားတဲ့ကောင် လူလေးရ၊ နေဦးကွ၊ ချစ်နိုင် အဘကို ပြောတာရှိသေးတယ်။ တပို့တွဲလကုန်လောက်ဆိုရင် အသိုက်တွေ ဆောက်ကြရောတဲ့ဟေ့၊ သစ်





ကိုင်းခြောက်တွေ ရှာကြ၊ သစ်ခက်ခြောက်တွေ ချိုးကြနဲ့ သစ်ကိုင်းကြီးတွေမှာ အသိုက်ဆောက်ကြတာတဲ့။ အသိုက်ထဲမှာ မြက်ခြောက်တွေ ချော်မျှင်တွေ ခင်းသေးတာတဲ့။ ပြီးတော့မှ ကျီးကန်းမက ဥ ဥတာဆိုပဲ။ ကျီးကန်းသိုက်တစ်သိုက်မှာ လေးငါးခြောက်ဥ ဥတာတဲ့ကွ။ ကျီးကန်းဥတွေ ငါလည်း မြင်ဖူးပါတယ်၊ ရှည်ရှည်လေးတွေ လူလေးရ၊ စိမ်းပြာပြာတွေ၊ အညိုစင်းလေးတွေ၊ အစက်ကလေးတွေ အစိမ်းပေါ်မှာ ပါသေးတယ်။ တပေါင်း၊ တန်ခူးဆိုရင် ကျီးတွေ ပေါက်တော့တာဟေ့။ အဲဒီအချိန်မှာ ကျီးဖိုနဲ့ ကျီးမက မနားရအောင် အစာရှာကျွေးကြရတာတဲ့ကွ။ တော်သလင်းလောက်ရောက်မှ အသိုက်ကနေ ကျီးပေါက်ကလေးတွေ ထွက်လာပြီး အပျံသင်ကြ၊ ဆော့ကြ၊ ကစားကြတာဆိုပဲ"

"ငှက်တွေရဲ့ သဘာဝတွေကလည်း တော်တော်ကို စိတ်ဝင်စားစရာကောင်းတာပဲ အဘရာ"

ကျုပ်ပြန်ပြောလိုက်လို့ စကားဆုံးရုံ ရှိသေးသဗျ။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

"ဟ ကျောက်ခဲပါလား၊ ဒီကောင် ပြာယီးပြာယာနဲ့ ဘာဖြစ်လာပြန်တာတုံး"

ကျုပ်က ပြောလိုက်ပြီး ဝိုင်းဝကို လှမ်းကြည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် ကျောက်ခဲ ဝိုင်းထဲကို ဝင်လာတဲ့ပုံစံက မပြေးရုံတမယ်ပဲ ဗျ။ ကိစ္စတော်တော်အရေးကြီးပုံရတယ်ထင်တယ်။

"ကျောက်ခဲ ဘာဖြစ်လာတာတုံး"

အိမ်ပေါ်ကို ပြေးတက်လာတဲ့ ကျောက်ခဲကို ကျုပ်က ဆီးမေးလိုက်တာဗျ။

"ကိုကြီးတာတေ၊ ဟောဟဲ၊ ဟောဟဲ"

ကျောက်ခဲ တော်တော်မောနေတာဗျ။ ဒီကောင် စကား တောင် ချက်ချင်းမပြောနိုင်ဘူး။ ကျုပ်က ရေအိုးစင်က သောက်ရေ တစ်ခွက် ပြေးခပ်ပြီး ကျောက်ခဲကို ပေးလိုက်တယ်။ ဒီကောင် ရေကို ဖြည်းဖြည်းသောက်တယ်။ ဒီတော့မှ အမောပြေသွားပြီး...

"ကိုကြီးတာတေ၊ ဘလေးချစ်ခိုင် ဆုံးပြီဗျ"

"ဟေ" "ဟာ" "ဟာ"

'ဟေ' ဆိုတာက ကျုပ် လန့်အော်လိုက်တာဗျ။ 'ဟာ' ဆိုတာက အဘနဲ့ အမေ လန့်အော်ကြတာ။

"ဘယ်လိုဖြစ်တာတုံး ကျောက်ခဲ"

"သူ့ယာထဲမှာ သေတာတဲ့ဗျ၊ ဘလေးက မနက်အစော ကြီးထပြီး သူ့ယာထဲက မပဲခင်းကို သွားကြည့်တာတဲ့၊ ဟိုတစ်နေ့ က ပဲခင်းကို မြေသြဇာပက်ထားတာ၊ အခြေအနေကြည့်ဖို့ သွား





တာတဲ့ဗျ။ ပြီးတော့ ပေါင်းလေးဘာလေးလည်း နုတ်မယ်တဲ့ဗျို့၊ သူ့ရဲ့လက်စွဲတော် လောက်လေးကြီးကို ပခုံးမှာလွယ်ပြီး လောက် စာလုံးအိတ်ကို စလွယ်သိုင်းလွယ်သွားတာတဲ့ဗျ"

"နေပါဦး ကျောက်ခဲရဲ့၊ သေတာက ပိုးထိလို့လား၊ လေတွေဘာတွေ ဖြတ်သွားတာလား"

"ဟုတ်ဘူးဗျ၊ ကျီးကန်းတွေ ဝိုင်းထိုးလို့ သေတာတဲ့"

"ဟေ...ဟုတ်လား၊ မင်းသွားကြည့်ပြီးပြီလား"

"မရောက်သေးဘူးဗျ၊ ကျုပ်လည်း ကြားကြားချင်း ကိုကြီးတာတေကို လာခေါ်တာဗျ၊ ရွာထဲကလူတွေရော သူကြီးရော ဆယ်အိမ်ခေါင်းတွေရော သွားကြပြီဗျ"

"ဟာ...ဟုတ်လား၊ ကဲ လာကွာ၊ တို့လည်း သွားကြည့် ရအောင်"

"ချစ်ခိုင်နှယ် ဖြစ်မှဖြစ်ရလေဟယ်"

ကျုပ်အမေက ဝမ်းနည်းပမ်းနည်း ပြောလိုက်တာဗျ။ ဘလေးချစ်ခိုင်ကို ကျုပ်တို့တစ်ရွာလုံးက လွတ်ခင်ကြတာဗျ။ ဘလေးချစ်ခိုင်ဆိုတဲ့လူက ငှက်ပစ်ဝါသနာပါတာကလွဲရင် ဘယ်သူ့ ကိုမှ ဒုက္ခပေးတဲ့လူ မဟုတ်ဘူး။ ရပ်ရေးရွာရေးဆိုလည်း ဘယ် တော့မှ လက်နှေးတဲ့လူ မဟုတ်ဘူးဗျ။ သာရေး နာရေးဆိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ လူငယ်တွေနဲ့ကို ဒိုးတူဘောင်ဖက် လုပ်တဲ့လူပါဗျာ။ ဒီတော့လည်း တစ်ရွာလုံးက ဘလေးကို ခင်ကြတော့တာပေါ့ဗျာ။

ဘလေးချစ်ခိုင်က သူစိုက်ထားတဲ့ ပဲခင်းသားမှာ သေနေတာဗျို့။ တစ်ရွာလုံး ဝိုင်းအုံကြည့်နေတဲ့အထဲမှာ ကျုပ်နဲ့ ကျောက်ခဲလည်း ဝင်တိုးရတော့တာပေါ့ဗျာ။ ကျုပ်လာတာတွေ့တော့ တစ်ချို့က နည်းနည်းရှဲပေးကြသဗျ။ သူတို့စိတ်ထဲမှာ ဒီလို ထူးထူးဆန်းဆန်းကိစ္စတွေဆိုရင် ကျုပ်နဲ့ဆိုင်တဲ့ကိစ္စလို့ ထင်နေကြပုံပဲဗျို့။

"ဟာ"

ကျုပ်နဲ့ ကျောက်ခဲ ဘလေးအလောင်းကို တွေ့ကြပြီဗျ။ ကျုပ်ရော ကျောက်ခဲရော ပါးစပ်က 'ဟာ'ကနဲ ပြိုင်တူအော်လိုက်ကြမိတယ်ဗျို့။

"ဟာ၊ ဒါ ဘယ်လိုဖြစ်တာတုံးဗျာ"

ကျောက်ခဲက ကျုပ်ကို မေးသလိုလို၊ သူ့ဖာသာ ပြောသလိုလိုနဲ့ အလန့်တကြား ပြောလိုက်တာဗျ။

ဟုတ်ပ့ါဗျာ၊ ဘလေးအလောင်းက ပက်လက်ဗျ။ မျက်လုံးနှစ်လုံးစလုံး မရှိတော့ဘူးဗျို့။ မျက်လုံးနေရာမှာ ဟောက်ပက်ကြီးဖြစ်နေလို့ဗျာ။ ပါးစပ်ကြီးကလည်း ဟပြီး အော်နေတဲ့ပုံဗျ။ ဘလေးမသေခင် မချိမဆံ့ဝေဒနာ ခံစားပြီး မချိမဆံ့ အော်ဟစ်ပြီးမှ





သေသွားတဲ့ပုံပါဗျာ။ တစ်ကိုယ်လုံးလည်း သွေးတွေချင်းချင်းနီနေတာဗျို့။ အဝတ်အစားတွေလည်း စုတ်ပြဲပြီးနေတာဗျ။

"ဟာ"

ကျုပ်ဖြင့် လန့်တောင်အော်မိတာဗျို့။ သွေးတွေရွှဲနေလို့ စောစောက မသိတာဗျ။ သေသေချာချာ ကြည့်လိုက်တော့မှ ဘလေးကိုယ်မှာ အသားတွေမှ မရှိတော့တာ၊ အရိုးတွေ ပေါ်နေတာဗျ။ မျက်နှာမှာလည်း အသားမရှိတော့ဘူး။ ကျုပ် ရှေ့တိုးသွားလိုက်တယ်။ အလောင်းနားမှာကပ်ပြီး ရပ်ကြည့်နေတဲ့ သူကြီးနဲ့ ဆယ်အိမ်ခေါင်းတွေအနားကိုကပ်ပြီး ကြည့်လိုက်တယ်။

အို…ဖြစ်မှဖြစ်ရလေဗျာ။ ဘလေးရဲ့ရင်ဘတ်ခြမ်းတစ်ခုလုံး အသားဆိုလို့ ဘာမှမရှိတော့တာ၊ အရိုးတွေ ပေါ်နေတာဗျ။ ကျုပ်တို့ စောစောကကြည့်တဲ့နေရာက နည်းနည်းလှမ်းတွေ့ပြီး သေသေချာချာ မမြင်ရတာပဲ။ အို…ဗိုက်ထဲမှာလည်း ဟောင်းလောင်းကြီးဗျ။ အူတွေ အသည်းတွေ ဘာမှကို မရှိတော့တာ။ ကျောကုန်းဘက်ကိုသာ လှန်မစားနိုင်လို့ အသားကျန်နေတာဗျ။ မျက်နှာမှာလည်း အသားတစ်စက်မှ မရှိတော့ဘူးဗျာ။ ဟာ… ဘလေးရဲ့လျှာပါ မရှိတော့တာဗျ။ လျှာကိုပါ စားသွားတာပဲ။

"ဘယ်လိုဖြစ်ရတာတုံး သူကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟင်…ဘိုးညီလေးဗျ။ ဒီအဘိုးကြီး တောင်ဝှေးကြီးထောက်ပြီး ဒီအထိ လိုက်လာတာပဲ။

"ရွာမြောက်ပိုင်းက သာတင့်တွေ့တာ ဘိုးညီလေးရဲ့၊ သာတင့်က သူ့ယာထဲက ပဲခင်းကိုအသွား ဒီနားမှာ ကျီးတွေဝိုင်းအုံနေလို့ ဘာများလဲဆိုပြီး လာကြည့်တာတဲ့၊ အပေါ်မှာဝဲနေတဲ့ ကျီးကတင် အကောင်တစ်ရာလောက် ရှိတာဆိုပဲ၊ အောက်မှာ ချစ်ခိုင်ကို ဝိုင်းထိုးဆိတ် စားသောက်နေတာက အကောင်းငါးရာလောက်တောင် ရှိမယ်လို့ သာတင့် ပြောတယ်ဗျ။ ဒါနဲ့ သူက မြေဆိုင်ခဲကြီးနဲ့ လှမ်းပစ်လိုက်တော့မှ ကျီးတွေ ဝေါကနဲ ပျံသွားတာတဲ့။ ဒီတော့မှ သူလာကြည့်တော့ ချစ်ခိုင်အလောင်းကို တွေ့တာတဲ့။ ပထမတော့ သာတင့်က ခွေးသေတွေ ဘာတွေကိုများဝိုင်းပြီး ကျီးကန်းတွေ စားနေသလားလို့ တွေးမိတာတဲ့၊ လာကြည့်တော့မှ ချစ်ခိုင်အလောင်း တွေ့တာဆိုပဲ။ သူ အံ့သြပြီး ကြည့်နေတုန်းမှာပဲ ကျီးကန်းတွေက သူ့ကို ဝိုင်းထိုးမယ်လုပ်လို့ မနဲလွတ်အောင် ပြေးခဲ့ရသတဲ့ဗျာ။ ကျုပ်ကို လာပြောလို့ ကျုပ်တို့ လူစုပြီး ဒီကိုရောက်တဲ့အချိန်မှာတော့ ကျီးကန်းတွေ မရှိတော့ဘူးဗျ"

"ဖြစ်မှဖြစ်ရလေ ချစ်ခိုင်ရယ်"

ဘိုးညီလေးက လည်ပင်းမှာ ပတ်ထားတဲ့ တဘက်ကလေး





နဲ့ မျက်ရည်သုတ်နေတယ်။ ဘလေးချစ်ခိုင်နဲ့ မလှမ်းမကမ်းမှာ သူ့ရဲ့ လက်စွဲတော် လောက်လေးကြီးဗျ။ လောက်စာလုံးတွေလည်း မြေကြီးပေါ်မှာ ပြန့်ကျဲနေတယ်။

ဘလေးနဲ့ တစ်လံလောက် နှစ်လံလောက်အကွာမှာ ကျီးကန်းအသေ ငါးကောင် ခြောက်ကောင် တွေ့တယ်ဗျ။ သူမသေခင်တော့ ရသလောက်ပစ်သွားသေးတာပဲလို့ ကျုပ်တွေးလိုက်မိတယ်။ ဒါပေမဲ့ ကျီးကန်းအကောင်တစ်ထောင်လောက်ကိုတော့ ဘလေး ဘယ်လိုလုပ်ပစ်နိုင်မှာတုံးဗျာ။

အသားမရှိတော့ဘဲ အရိုးတွေပေါ်နေတဲ့ မျက်လုံးဟောက်ပက်ကြီးတွေနဲ့ ဘလေးချစ်ခိုင်ရဲ့ အလောင်းကြီးကလည်း မျက်စိထဲက မထွက်တော့ပါဘူးဗျာ။

ယာထဲမှာပဲ အလောင်းကို ခေါင်းသွင်းပြီး နေ့ချင်းသင်္ဂြိုဟ်လိုက်ကြရတာပေ့ါဗျာ။ အလောင်းကို ရွာထဲအထိ ပြန်မယူတော့ဘူးဗျ။ အလောင်းကလည်း မြင်လို့ကို မကောင်းတော့တာလေဗျာ။ ပါးစပ်ကြီးဟပြီး မချိမဆံ့အော်နေတဲ့ ပုံကြီးဗျ။

တစ်ရွာလုံး တိတ်ကိုသွားတာဗျို့။ လူတွေ တော်တော်ကြောက်သွားကြတာ။ ဟိုသစ်ပင် မော့ကြည့်၊ ဒီသစ်ပင် မော့ကြည့်နဲ့ ကျီးကန်းတွေများ ရောက်နေမလားဆိုပြီး လန့်နေကြတော



www.burmeseclassic.com

www.burmeseclassic.com



ဗျ။ လူကြီးတွေကလည်း ပြောကြရတာပေါ့ဗျာ။

"ဟဲ့…နင်တို့က ဘာအတွက် ဒီလောက်ကြောက်နေကြတာတုံး၊ ချစ်ခိုင်က ငှက်မုဆိုးမို့ ငှက်သတ်တာခံရတာလေ၊ နင်တို့မကြားဖူးဘူးလား။ အလမ္ပာယ်ဆရာ မြွေကိုက်သေရသတဲ့၊ အခုလည်း ငှက်မုဆိုး ငှက်သတ်လို့ သေရတာပဲလေ၊ နင်တို့က ငှက်မုဆိုးမှ မဟုတ်တာ၊ ငှက်တွေကို ဘာလို့ ကြောက်နေကြတာတုံး"

လူကြီးတွေက ဘယ်လိုတွေပဲပြောပြော ကျုပ်တို့ ထနောင်းကုန်းသားတွေက ကြောက်ကြတာပဲဗျ။ ကျောက်ခဲတို့အရွယ်တွေကတော့ သွားလေရာမှာ လွယ်အိတ်တွေ စလွယ်သိုင်းလို့ဗျ။ လွယ်အိတ်ထဲမှာ လောက်စာလုံးနဲ့ လေးခွတစ်လက် ထည့်ထားကြတာ။ ကျီးကန်းတွေ ရန်မူရင် တစ်ရွာလုံး ဝိုင်းပြီးခုခံဖို့ပေါ့ဗျာ။ ဒါပေမဲ့ နှစ်ပေလောက်ရှိတဲ့ တောကျီးကန်းကြီးတွေကတော့ ကျုပ်တို့ရွာကို မလာတော့ဘူးဗျ။

ဒါပေမဲ့ ဘလေးချစ်ခိုင် ဆုံးပြီး တစ်လလောက်ကြာတော့ ရွာထဲမှာ ကျွက်စီကျွက်စီ ဖြစ်ကြပြန်ရောဗျို့။ ကျုပ်လည်း ဘာဖြစ်တာတုံး သိရအောင် ရွာထဲ ထွက်လာခဲ့တယ်။

"တာတေရေ…ဒီလိုကြည့်နေလို့တော့ မဖြစ်တော့ဘူး





နော်၊ တစ်ခုခုတော့ လုပ်မှဖြစ်မှာဟေ့"

ကျုပ်ဝိုင်းထဲက ထွက်တာနဲ့ မြောက်ပိုင်းက ဘိုးစိန်ညိုနဲ့ တန်းတိုးတာဗျို့။

"အခု ဘာဖြစ်လို့တုံး ဘိုးရဲ့"

"ဟ…တို့မြောက်ပိုင်းက စိန်ဖေလေ၊ ပဲခင်းထဲက ပြန်လာတာ တောကျီးကန်းတွေ ဝိုင်းလိုက်လို့ဟ တာတေရ၊ မနဲကို အသက်လုပြီး ပြေးခဲ့ရတာဆိုပဲ၊ ရွာထဲဝင်တော့မှ နောက်ပြန်လှည့်သွားကြတာတဲ့။ ဒီနေ့ဆိုရင် ရွာပြင်ကို ဘယ်သူမှတောင် မထွက်ရဲကြဘူးတဲ့ဟ"

"ဟာ…ဟုတ်လား ဘိုး၊ ဒီကျီးကန်းတွေ ပြန်ရောက်လာကြပြန်ပြီပဲ၊ ထူးတော့ တော်တော်ထူးနေပြီပဲ ဘိုးရဲ့"

"ဟုတ်တယ်ကွ တာတေရ၊ စိန်ဖေသာ လွတ်အောင် မပြေးနိုင်ရင် ချစ်ခိုင်ပုံစံအတိုင်း ဖြစ်တော့မှာထင်တယ်၊ တစ်ခုခုတော့ လုပ်စမ်းပါ လူလေးရာ၊ မင်းဆရာကြီးတွေ ပင့်သင့်ရင်လည်း သွားပင့်ပေတော့ကွာ"

"ကျုပ် ကြည့်လုပ်ပါ့မယ် ဘိုးရာ"

"အေး၊ အေး၊ မင်းကို အားကိုးပါတယ် တာတေရာ"

ကျုပ် ရွာထဲမသွားတော့ဘဲ ဝိုင်းထဲကို ပြန်ဝင်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်တက်တော့ အဘနဲ့ အမေက အကျိုးအကြောင်းမေးလို့ ကျုပ်ပြောပြရတာပေါ့ဗျာ။ တစ်နေ့လုံး ကျုပ် အလုပ်တွေလုပ်ရင်း ဒီအကြောင်းကိုပဲ တွေးနေမိတာဗျ။ ကျုပ် ဘာကိုမှ အဖြေထွက်အောင် မတွေးနိုင်ဘူး။ ညအိပ်ရာဝင်တော့ မဖဲဝါရဲ့ ကိုယ်ပွားအရုပ်ကလေးကို လက်ထဲမှာ ဆုပ်ထားပြီး မဖဲဝါကို ကျုပ်ပြောလိုက်တယ်။

"သနိုင်းရှင်မ မဖဲဝါ၊ ကျုပ်တို့ရွာမှာ ကျီးကန်းတွေ သောင်းကျန်းလို့ဗျ၊ လွန်ခဲ့တဲ့တစ်လက ဘလေးချစ်ခိုင်ကို သတ်ပြီး စားပစ်ကြတယ်။ ကျုပ်တို့က ဘလေးချစ်ခိုင်ကို ငှက်မုဆိုးမို့လို့ ကျီးကန်းတွေ သတ်ပစ်တယ်လို့ ထင်တာ၊ အခုတော့ ကိုစိန်ဖေကို သတ်ဖို့ ဝိုင်းလိုက်ကြပြန်ပြီဗျ၊ ဒီကျီးကန်းတွေဟာ လူသားစားတဲ့ ကျီးကန်းတွေဆိုတာ သေချာပြီ မဖဲဝါ၊ ဒီကိစ္စကို အိပ်မက်ပေးပြီး ပြောပြပါ၊ ပြီးတော့ ဒီရန်ကို ဘယ်လိုနှိမ်နင်းရမယ်ဆိုတာလည်း ပြောပြပါဗျာ။ ကြာရင် ကျုပ်တို့ရွာသားတွေ ယာထဲတောင်ဆင်းပြီး အလုပ်လုပ်ရဲမှာ မဟုတ်တော့ဘူးဗျ"

ကျုပ်ကိုင်ထားတဲ့ မဖဲဝါကိုယ်ပွားရုပ်ကလေးက ဆတ်ကနဲ ဆတ်ကနဲ တုန်သွားတာကို ကျုပ် သိလိုက်တယ်။ အရုပ်ကလေးကို ကျုပ်ခေါင်းအုံးအောက်မှာ ထားပြီး အိပ်လိုက်တယ်။







"တာတေ ငါ ဒီမှာ"

ကျုပ်က ခါတိုင်းမြင်နေကျ ဆယ့်နှစ်ရာသီအဝါပင်ကြီးအောက်ကို ကြည့်တော့ မဖဲဝါကို မတွေ့တာနဲ့ ဟိုကြည့် ဒီကြည့် လုပ်နေတာဗျ။ မဖဲဝါက ဒါကိုသိလို့ ကျုပ်ကို လှမ်းပြောတာဗျို့။

အသံကြားတဲ့ဘက်ကို ကျုပ်လှမ်းကြည့်လိုက်တယ်။ ကျုပ်ရဲ့ နောက်ကျောဘက်က ဖက်သန်းပင်ကြီးအောက်မှာ ရပ်နေတာဗျို့။ ခါတိုင်းလိုပဲ ပန်းအဝါလေးတစ်ပွင့် ပန်ထားတယ်။ ကျုပ်နဲ့ရွယ်တူ ကောင်မလေးပုံစံ ဖန်ဆင်းပြီး လာတာဗျ။

"တာတေ နင်တို့ရွာတော့ စုန်းငြိုးတာ ခံနေရပြီ"

"ဗျာ…စုန်းငြိုးတာ ဟုတ်လား၊ ကျုပ်တို့ရွာမှာ စုန်းမရှိပါဘူးဗျ"

"ဟဲ့ တာတေ၊ ဒီစုန်းက နင်တို့ရွာက စုန်းမဟုတ်ဘူးဟဲ့၊ တခြားမှာနေတဲ့စုန်း၊ သူ့ကို ကျီးကန်းမလို့ ခေါ်ကြတယ်။ သူက ကမ္ဘာပတ်ပြီး သွားနေတာ၊ ဒီဘက်တွေကို မရောက်တာကြာပြီ၊ အခုမှ ဘယ်ကဘယ်လို ရောက်လာတာတုံး မသိဘူး၊ ငါနဲ့လည်း မတည့်ဘူး။ ကျီးကန်းမက ငါ့ဆိုရင် အားကြီးမုန်းတာ"

"ဟာ‥ဟုတ်လား၊ ကျီးကန်းမက မဖဲဝါကို ဘာကြောင့် မုန်းတာတုံးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတုန်းက ငါပိုင်တဲ့ ရန်ကုန်က ကြံတောသချိုင်းကြီးထဲမှာ လာပြီး မဟုတ်က ဟုတ်က အစီအရင်တွေ လာလုပ်လို့ ငါမောင်းထုတ်လိုက်ဖူးတယ်။ အဲဒါကို ကျီးကန်းမက ငါ့အပေါ်မှာ ရန်ငြိုးထားတယ်။ တစ်နေ့ကျရင် နင်ကောင်းကောင်းဒုက္ခရောက်အောင် လုပ်ပြမယ်လို့ ငါ့ကို ကြိမ်းဝါးသွားတယ် တာတေရဲ့။ အခုတော့ သူနဲ့ ငါနဲ့ ပြန်တွေ့ကြရတော့မှာပေါ့လေ"

"ဟင်၊ မဖဲဝါ ဘာလုပ်မလို့တုံး"

"ဒီကျီးကန်းမကြီးက သူပုန်းတဲ့နေရာတိုင်းမှာ ဆေးတွေစီရင်ပြီး ကျီးကန်းတွေကို အစာကျွေးတာဟဲ့ တာတေရဲ့။ သူ့ဆေးမိသွားတဲ့ ကျီးကန်းတွေအားလုံးဟာ သူ့အစေအပါးတွေဖြစ်ပြီး သူခိုင်းတိုင်း လုပ်ကြတော့တာပဲဟဲ့၊ သူ ဒီနယ်ကို ဘယ်တုန်းက ရောက်နေမှန်း ငါတို့ မသိဘူး။ သူနဲ့အတူပါလာတဲ့ ကျီးကန်းတွေရော ဒီနယ်က သူဆေးကျွေးထားတဲ့ ကျီးကန်းတွေရော ပေါင်းလိုက်ရင် ကျီးကန်းတွေ ထောင်နဲ့ချီပြီး ရှိနေပြီ။ အဲဒီတောကျီးကန်းကြီးတွေက ကျီးကန်းမရဲ့ အစေအပါးတွေချည်းပဲဟဲ့"

"နေပါဦး မဖဲဝါရဲ့၊ ဒီစုန်းမကြီးကို ဘာဖြစ်လို့ ကျီးကန်းမလို့ ခေါ်တာတုံးဗျ"

"ဟဲ့ တာတေ၊ ဒီကောင်မကြီးက စုန်းပညာကို အမြင့်ဆုံး





တတ်နေပြီဟဲ့၊ အသက်ကလည်း ရာချီနေလောက်ပြီ၊ တခြားစုန်းတွေက ထမီခြုံရင် လင်းတဖြစ်ကြတယ်။ သူက အဝတ်အနက်ကြီး ခြုံလိုက်ရင် ကျီးကန်းကြီး ဖြစ်သွားရောဟေ့။ အရွယ်ကတောကျီးကန်း ငါးဆလောက် ကြီးတယ်၊ ဒါကြောင့် ဒီစုန်းမကြီးကို ကျီးကန်းမလို့ ခေါ်တာ"

"သြော်…ဒီစုန်းမကြီးက ဗမာမကြီးပဲလား"

"ဟာ မဟုတ်ဘူး၊ ဒီက မဟုတ်ဘူး၊ ဘယ်နိုင်ငံက စုန်းမကြီးမှန်းကို မသိတာ"

"ဟာ…ဒါဆိုရင် ကျုပ်တို့ရွာတော့ ဒီစုန်းမကြီး ငြိုးတာကိုခံရရင် တစ်ရွာလုံး သေကုန်တော့မယ်ထင်တယ်"

"နင် ဒီလောက်ကြောက်စရာမလိုဘူး တာတေ၊ ဒီကောင်မကြီး ပုန်းနေတဲ့ ဂူပေါက်ကို ငါသိတယ်။ အခုလာမယ့် လကွယ်ညကိုးနာရီတိတိမှာ နင် ထနောင်းကုန်းအနောက်ဘက် တံခါးကနေထွက်ခဲ့၊ ပြီးရင် ညောင်ကျပ်ပင်ကြီးအောက်မှာ စောင့်နေ၊ နင့်ကို နက်ကျော် လာပြီးခေါ်လိမ့်မယ်။ နက်ကျော်ကို နင်မကြောက်နဲ့ တာတေ၊ နက်ကျော်က နင့်ကို သိတယ်၊ သူ နင့်ကို ခင်တယ်။ သူနဲ့သာ လိုက်သွား၊ သူက ကျီးကန်းမ ပုန်းနေတဲ့ ဂူပေါက်ကြီးကို လိုက်ပြလိမ့်မယ်။ အဲဒီတောင်တစ်တောင်လုံးမှာ ကျီးကန်းမရဲ့



www.burmeseclassic.com

www.burmeseclassic.com



အစေအပါး ကျီးကန်းတွေ အများကြီးရှိတယ်။ ဒါပေမဲ့ ဒီကောင်တွေက အစားကြူးတဲ့ကောင်တွေဆိုတော့ အအိပ်လည်း ကြူးတယ်၊ အိပ်တန်းတက်ပြီဆိုတာနဲ့ မနိုးတော့ဘူး၊ ပြီးတော့ သူတို့ မျက်လုံးတွေက ညဘက်မှာ ကောင်းကောင်းမမြင်ရဘူး။ နင် ရဲရဲသာ လိုက်သွား၊ နင် ဂူထဲဝင်ပြီးလို့ စုန်းမကြီးက နင့်ကို အာရုံစိုက်နေတဲ့အချိန်မှာ ငါ ဂူထဲကို ကျီးကန်းမ မသိအောင် ဝင်ခဲ့မယ်။ ငါ့ကို ကျီးကန်းမ တွေ့သွားတာနဲ့ နင့်ကို သူ အာရုံစိုက်မှာ မဟုတ်တော့ဘူး၊ သိလား။ ငါ့ကိုပဲ အသေအကြေ တိုက်တော့မှာ။ ငါရှုံးမယ့်အရေမြင်ရင် နင့်ဆရာကြီးတွေ ပေးထားတဲ့ အင်းတွေနဲ့ ဝင်ပြီးပစ်ပေတော့။ တကယ်လို့ စုန်းမကြီးက အဝတ်နက်ခြုံပြီး ကျီးကန်းဖြစ်သွားပြီဆိုရင် နင် နောက်ဆုတ်လိုက်တော့၊ နက်ကျော် ရင်ဆိုင်လိမ့်မယ်။ နောက်ဆုံး ကျီးကန်းမကြီး ဂူထဲကနေ ထွက်သွားရင် နင်ဘာမှ မလုပ်နဲ့တော့ ကြားလား၊ နင် သူ့ကို သတ်လို့တော့ ရမှာမဟုတ်ဘူး၊ ဒီနယ်ကနေ မောင်းထုတ်လို့ပဲရမှာ။ ဒါပေမဲ့ ကျီးကန်းမက သူရှုံးသွားရင် ဒီနယ်ကို ဘယ်တော့မှ ပြန်မလာတော့ဘူးဟဲ့"

"တာတေ၊ တာတေ ထတော့လေ၊ မိုးလင်းနေပြီဟဲ့"

အမေ နှိုးတော့မှ ကျုပ် နိုးသွားတာဗျ။ ကျုပ်ချက်ချင်း





မဖဲဝါပေးတဲ့ အိပ်မက်ကို သတိရသွားပြီး အမေ့ကို လှမ်းမေးလိုက်တယ်။

"အမေ လကွယ်ဖို့ ဘယ်နှရက် လိုသေးတုံးဗျ"

"အောင်မယ် တာတေ၊ နင်က ဘာများလုပ်ဦးမလို့တုံး"

"ဟာ ကိစ္စရှိလို့ပါ အမေရ"

"နောက်သုံးရက် လိုသေးတယ်ဟဲ့"

ကျုပ် အမေ့ကို ဘာမှပြန်မပြောတော့ဘဲ အိပ်ရာသိမ်းနေလိုက်တယ်။ ပြီးတော့ မျက်နှာသစ်ဖို့ ဝိုင်းထဲကို ဆင်းလာခဲ့တယ်။

တစ်နေ့ တစ်နေ့ ကျုပ်မှာ အင်းတွေရှာရ၊ ဘုရားရှိခိုး ပုတီးစိပ်လုပ်ရနဲ့ အားကို မအားပါဘူးဗျာ။ ကျုပ်ဆရာကြီးတွေရဲ့ ထုံးစံအတိုင်းပေါ့ဗျာ။ ကိစ္စတစ်ခုလုပ်တော့မယ်ဆိုရင် တစ်နေကုန် ဘုရားခန်းဝင်ပြီး ဘုရားရှိခိုး၊ ဂုဏ်တော်ပုတီးစိပ်ပေါ့ဗျာ။ ပြီးတော့ ဆရာကြီးတွေ ရွတ်တဲ့ ဆရာသစ္စာဆိုဂါထာ သုံးပုဒ်ကို ရွတ်ဖတ်ရတာပေါ့ဗျာ။ ဒီရက်အတွင်း ကျုပ် ဝိုင်းပြင်ကို လုံးဝမထွက်ဘူးဗျ။

အဘနဲ့ အမေက ကျုပ်လုပ်နေတာတွေကို မသိမသာ အကဲခတ်ပြီး ကြည့်နေကြတာဗျ။ ဘာမှတော့ မမေးဘူး။ ကျုပ်က အဖေရှင်တို့၊ ဘိုးလူပေတို့ကို တိုင်တည်ပြီး အကြောင်းကြားလိုက်တယ်။ ဒီလိုနဲ့ ကျုပ်စောင့်နေတဲ့ လကွယ်ညကို ရောက်လာတော့



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ဗျာ။

မဖဲဝါပြောတဲ့အတိုင်း ညကိုးနာရီတိတိမှာ ကျုပ် ရွာနောက်ဘက်တံခါးကထွက်ပြီး ညောင်ကျပ်ပင်ကြီးအောက်ကို ရောက်နေပြီ။ ကျုပ်ရဲ့ အင်းတွေ ဆေးတွေ ထည့်ထားတဲ့ ဆေးလွယ်အိတ်ကို စလွယ်သိုင်းလွယ်ထားတယ်။ ကျုပ်သုံးဖို့ ရွေးထားတဲ့ အင်းတွေကတော့ လွယ်အိတ်အပြင်ဘက်က အိတ်ကပ်ထဲမှာ အစဥ်အတိုင်း ထပ်ထားပြီးသားဗျ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး၊ အီး"

ဟော နက်ကျော်ကြီး လာပြီးဗျို့။ လကွယ်ည အမှောင်ထုကြီးထဲက ပေါ်လာတဲ့ နက်ကျော်ကြီး အသံဗျ။ ကျုပ်က မျက်ကွင်းဆေး ကွင်းလာခဲ့တာလေဗျာ။ နက်ကျော်ကြီးကို ကျုပ်မြင်နိုင်တယ်လေဗျာ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

နက်ကျော်ကြီးရဲ့အသံ တဖြည်းဖြည်း နီးလာပြီဗျို့။ ဟော ဟိုမှာ နက်ကျော်၊ နက်ကျော်။ ဒီကောင် ကျုပ်ဆီကို တန်းလာနေတာဗျ။ နည်းတဲ့အကောင်ကြီးလားဗျာ။ တကယ်ကို နွားမဒန်းတစ်ကောင်လောက်ကို ရှိတာဗျ။

နက်ကျော်က ကျုပ်ကို ရပ်ပြီးကြည့်နေတယ်။ သူ့အမြီး





ကြီးကိုလည်း လှုပ်ပြတယ်ဗျ။ ကျုပ်က သူ့ကို ခေါင်းညိတ်ပြပြီး ညောင်ကျပ်ပင်ကြီးအောက်က ထွက်လိုက်တယ်။ ကျုပ်လည်း ထွက်လိုက်ရော နက်ကျော်က ချာကနဲလှည့်ပြီး အလယ်ရိုးမဘက်ကို ဦးတည်ပြီး သွားရောဗျို့။ ကျုပ်လည်း နက်ကျော်ကြီးနောက်က ခပ်သုတ်သုတ် လိုက်ရတာပေါ့ဗျာ။

မဖဲဝါရဲ့ ခွေးကြီးက ရှေ့ကသွား၊ ကျုပ်က နောက်ကလိုက်နဲ့ တောင်ခြေကို ရောက်လာတယ်။ လရောင်မရှိပေမယ့် ကြယ်ရောင်လေးရှိလို့ တော်တော့တာပေါ့ဗျာ။ အေးလိုက်တာတော့ မပြောပါနဲ့တော့ဗျာ။ ရိုးမနဲ့နီးလေ အေးလေပေါ့။ ဒါပေမဲ့ နက်ကျော်က အပြေးသွားနေတော့ ကျုပ်ကလည်း သူ့ကို မျက်ခြည်မပြတ်အောင် အပြေးအလွှား လိုက်နေရတာနဲ့ ကျုပ်မှာ ချွေးတွေ တောင်ပြန်လို့ဗျာ။ ချမ်းလည်း သိပ်မချမ်းတော့ဘူးဗျ။

နက်ကျော်ခေါ်တဲ့လမ်းအတိုင်း ကျုပ်တောင်ပေါ်ကို တက်ခဲ့တယ်။ ကျုပ်စိတ်ထင် ညဆယ့်တစ်နာရီလောက်ရှိတော့ နက်ကျော်က ရှေ့ဆက်မသွားတော့ဘဲ ရပ်လိုက်ရောဗျ။ ပြီးတော့ ချုံပုတ်တွေထဲ တိုးဝင်ခိုင်းတယ်။ သူက ရှေ့ကတိုးသွားတော့ ကျုပ်လည်း နောက်က လိုက်ရတာပေါ့ဗျာ။ ဒါပေမဲ့ အသံမမြည်အောင် ကျုပ်က သတိထားပြီး တိုးရတာပေါ့ဗျာ။ ချုံပုတ်ကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို တိုးပြီး ဟိုဘက်ကို ထွက်လိုက်တော့ . . .

ဟာ . . . တွေ့ပြီဗျို့၊ တွေ့ပြီ။ ကျီးကန်းမနေတဲ့ဂူပေါက်ကြီး ဗျ။ ဂူဝကို ချုံပုတ်ကြီး ပိတ်နေတာကိုဗျာ။ ဂူထဲမှာ မီးလင်းနေ တယ်ဗျ။ ကျုပ် အပေါက်ဝကိုကပ်ပြီး သေသေချာချာ ကြည့်လိုက် တော့ နံရံမှာ ကျောက်ဖယောင်းတိုင်တွေ ထွန်းထားတာဗျ။ ပြီး တော့ ဂူအလယ်မှာ မီးဖိုကြီးတစ်ဖိုနဲ့ ကျောက်အိုးကြီးတစ်လုံး တည်ထားတာ တွေ့ရတယ်။

ဒါ စုန်းမကြီး ဆေးကျိုထားတာပဲ ဖြစ်မယ်ဗျို့။ ကျုပ် စုန်းမကြီးကို လိုက်ကြည့်တော့ မတွေ့ဘူးဗျ။ ဂူထဲက ကျောက် ပန်းဆွဲကြီးမှာ နားနေတဲ့ လင်းတကြီးနှစ်ကောင်ကို တွေ့လိုက် တယ်။ တစ်ကောင်က လင်းတထိပ်နီကြီးဗျ၊ တစ်ကောင်က လင်းတကျောဖြူကြီးဗျ။ ဘလေးချစ်ခိုင် မသေခင်ကပြောတဲ့ လင်းတကျောဖြူကြီးဆိုတာ ဒီကောင်ကြီးပဲ ဖြစ်မယ်ဗျို့။ ဟော ဂူထောင့်က မည်းမည်း မည်းမည်းနဲ့ ထွက်လာတာ ဘာကြီးပါ လိမ့်။ ဟာ မျောက်ဝံကြီးဗျ။ နည်းတဲ့အကောင်ကြီးလားဗျာ။ ဟော၊ ဟော မျောက်ဝံကြီးက ဆေးကျိုတဲ့ ကျောက်အိုးကြီးနားကို လျှောက်လာပြီး မီးဖိုထဲကို ထင်းချောင်းတွေ ထိုးထည့်လို့ပါလား ဗျ။ ဟော ဟော ခါးကြီးကုန်းပြီး 'ဖူး ဖူး' နဲ့ မီးတောင်မှုတ်နေ





လိုက်သေးရောဗျာ။ မီးဖိုက မီးတောက်သွားတာနဲ့ မျောက်ဝံကြီးက ကုန်းကုန်းနဲ့ ဂူထောင့်က မှောင်ထဲကို ဝင်သွားတယ်ဗျို့။

ဒီတော့မှ ကျုပ်လည်း ဂူထဲကို သတိထားပြီး ဝင်လိုက် တယ်။ နက်ကျော်က ကျုပ်နောက် ခပ်လှမ်းလှမ်းကနေ ပါလာ တယ်။

"ဂီး၊ ဂီး၊ ဂီး၊ ဂီး၊ ဂီး၊ ဂစ်၊ ဂစ်၊ ဂစ်"

ဟာ ကျုပ်ကို မြင်သွားပြီဗျို့။ လင်းတထိပ်နီကြီးက အိပ်နေတာမှ မဟုတ်တာ၊ ကင်းစောင့်နေတာဗျ။ ဒီကောင် ကျုပ် ကို တွေ့သွားပြီ။

"ဂီး၊ ဂီး၊ ဂီး၊ ဂီး"

ဟော လင်းတကျောဖြူကြီးကလည်း ကျုပ်ကို မြင်သွား ပြီး အော်တော့တာပဲဗျို့။

"ဟဲ့ ထိပ်နီနဲ့ ကျောဖြူ ဘာတွေဖြစ်နေကြတာတုံး"

ဟာ . . . ဒါ ကျီးကန်းမကြီးရဲ့ အသံပဲဗျ။ စောစောက မျောက်ဝံကြီး ဝင်သွားတဲ့ ဂူထောင့်မှောင်ရိပ်ထဲကနေ ထွက်လာ တာဗျ။ ခါးကြီးက တစ်ဆစ်ချိုးကုန်းပြီး ခေါင်းမှာ ပဝါနီနီကြီး တစ်ထည်ကို ခေါင်းပေါင်းထားတယ်ဗျို့။ နှာခေါင်းက ရှည်ရှည် ချွန်ချွန်ကြီးဗျ။ လက်ထဲမှာ ကိုင်ထားတဲ့ တောင်ဝှေးကို တဒေါက်



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်ထောက်ပြီး ခါးကုန်းကုန်းကြီးနဲ့ အလင်းရောင်အောက်ကို ထွက်လာပြီဗျို့။ ခါးမှာ ဝတ်ထားတာက ထဘီမဟုတ်ဘူးဗျ။ ဘောင်းဘီပွပွကြီး ဝတ်ထားတာ။ သူဝတ်ထားတဲ့ အင်္ကျီကလည်း ရင်ဖုံးအင်္ကျီလို ပွပွကြီးဗျ။ အပေါ်ရော၊ အောက်ရော အနက်ရောင်ချည်းပဲ။ စုန်းမကြီးရဲ့ ပုံစံကိုက နှာခေါင်းချွန်ချွန်ကြီးနဲ့ မည်းမည်းကြီးဆိုတော့ ကျီးကန်းကြီး လမ်းလျှောက်လာသလိုပါပဲဗျာ။

"ဂီး၊ ဂီး၊ ဂီး၊ ဂီး"

လင်းတကြီးနှစ်ကောင်ကလည်း မနားတမ်း အော်နေတော့တာဗျို့။

"ဟဲ့ကောင် နှစ်ကောင်၊ ဘာဖြစ်လို့တုံးလို့ ငါ့မေးနေတာပြောလေ"

"ဂီး၊ ဂီး၊ ဂီး၊ ဂီး"

"ဘာ…ရန်သူ ဟုတ်လား၊ ဘယ်မှာတုံး ရန်သူ"

ကျီးကန်းမကြီးက လင်းတကြီးတွေပြောတဲ့ စကားကို နားလည်ပုံပဲဗျ။ ခါးကုန်းကုန်းကြီးနဲ့ ဂူထဲကို လိုက်ကြည့်တယ်။ ကျုပ်က ကျောက်တုံးကြီးတစ်လုံးနောက်မှာ ကပ်ပြီးရပ်နေတာဆိုတော့ ကျုပ်ကို ရုတ်တရက် မမြင်ဘူးနဲ့ တူတယ်ဗျ။

ကျုပ်က ပုန်းနေတဲ့ ကျောက်တုံးကြီးရဲ့နောက်ကနေ ရှေ့





ကို ထွက်လိုက်တယ်။ ဒီတော့မှ ကျီးကန်းမကြီးက ကျုပ်ကို မြင်သွားပြီး သူ့လက်ထဲက တောင်ဝှေးကို ဒေါက်ကနဲ ဆောင့်လိုက်ပြီး…

"ဟဲ့ နင် ဘယ်သူတုံး"

"ကျုပ်က တာတေပါ"

"ဘာ…တာတေ ဟုတ်လား၊ နင်က ငါနေတဲ့ ကျောက်ဂူထဲကို ဘာလာလုပ်တာတုံး"

ဒီမိန်းမကြီး ဗမာမဟုတ်ဘူးလို့ ထင်ရပေမယ့် ဗမာစကားကို ကောင်းကောင်းပြောတတ်သားပဲဗျ။

"ကျုပ်ခွေးပျောက်သွားလို့ လိုက်ရှာရင်း တောထဲမှာ မျက်စိလည်သွားလို့ဗျ"

"နင့်ခွေး ဟုတ်လား၊ နင့်ခွေးကို ဆာလောင်နေတဲ့ ငါ့ကျီးကန်းတွေက စားပစ်လိုက်တာဖြစ်မှာပေါ့ ကောင်လေးရဲ့၊ အခုတော့ ငါ့ကျီးကန်းတွေက နင့်ခွေးကိုတင် မဟုတ်ဘူး၊ နင့်ကိုပါ စားပစ်တော့မယ်၊ သိလား ကောင်လေး"

"ကျုပ်ကို ခင်ဗျားကျီးကန်းတွေက စားမယ် ဟုတ်လား၊ စားရဲရင် စားကြည့်လေ၊ တာတေ့အကြောင်း သိသွားမှာပေါ့ဗျ"

"အောင်မာ၊ ဆောင့်ကြွားကြွားနဲ့၊ မလောက်လေး



www.burmeseclassic.com

www.burmeseclassic.com



မလောက်စား အကောင်လေးကများ၊ ဟဲ့ ထိပ်နီနဲ့ ကျောဖြူ၊ ဒီအကောင့်ကို သတ်ပြီး စားလိုက်ကြစမ်း"

"ဂီး၊ ဂီး၊ ဂီး၊ ဂီး၊ ဂီး၊ ဂစ်၊ ဂစ်၊ ဂစ်"

လင်းတကြီးနှစ်ကောင်က အတောင်ပံတွေ တဖျန်းဖျန်း ခတ်ပြီး ကျုပ်ရှေ့တည့်တည့်ကနေ ပျံပြီးဝင်လာတယ်ဗျို့။ ကျုပ်လည်း လက်ထဲမှာ အဆင်သင့်ကိုင်ထားတဲ့ အင်းချပ်နဲ့ ပစ်လိုက်တယ်ဗျ။ ကျုပ်ပစ်လိုက်တဲ့အင်းက 'ဂဠုန်စက်' အင်းဗျ။ လင်းတလောက်ကတော့ ဘယ်မှုမှာတုံးဗျာ။

"ဝုန်း၊ ဝုန်း"

ကျုပ်ပစ်လိုက်တဲ့အင်းကြောင့် လင်းတကြီးနှစ်ကောင် မီးတွေ ထတောက်ပြီး ဂူကြမ်းပြင်ပေါ်ကို ထိုးကျသွားရောဗျို့။ ဒီတော့မှ ကျီးကန်းမကြီးက ကျုပ်ကို မျက်လုံးပြူးကြီးနဲ့ ကြည့်ပြီး...

"လက်စသတ်တော့ နင်က ဆရာကိုး၊ ငါ့တစ်သက်မှာ ဒီလောက်ငယ်တဲ့ဆရာ တစ်ခါမှ မတွေ့ဘူးသေးတာ၊ ကဲ နင့်ကို ငါ မသတ်မီခင် ဒီဂူထဲက နင် ထွက်သွားပေတော့"

"ကျုပ် ဒီဂူထဲက ထွက်သွားဖို့ လာခဲ့တာမဟုတ်ဘူး၊ ခင်ဗျားကို ဒီဒေသက မောင်းထုတ်ဖို့ လာခဲ့တာဗျ၊ ကျီးကန်းမကြီး





ရဲ့"

"အောင်မာ၊ နင်က ငါ့နာမည်ကိုတောင် သိနေတာကိုး၊ နင်က ပေါ့သေးသေးကောင်တော့ မဟုတ်ဘူးပဲ"

"ဟုတ်တယ်၊ ကျုပ်က ခင်ဗျားကို ကြံတောသင်္ချိုင်းထဲက မောင်းထုတ်ခဲ့တဲ့ မဖဲဝါရဲ့ မိတ်ဆွေဗျ"

"ဘာ...နင်က ဟိုသရဲမရဲ့ မိတ်ဆွေ ဟုတ်လား၊ ဒါဆိုရင် ဟန်ကျလိုက်တာ၊ နင့်ကို ဓားစာခံလုပ်ပြီး ဟိုသရဲမကို ငါ လက်စားချေရမယ်၊ ကဲ နင့်ဟာမ သရဲမကို ခေါ်လိုက်စမ်း၊ မခေါ်ပေးနိုင်ရင်တော့ နင်သေဖို့ပြင်ထားပေတော့၊ ဆရာပေါက်စနကောင်စုတ်ကလေး"

"ဟား၊ ဟား၊ ဟား၊ ဟား၊ ငါ့ကို ခေါ်စရာမလိုဘူး ငါ ဒီမှာရောက်နေပြီသားဟဲ့ ကျီးကန်းမရဲ့"

ဟာ...မဖဲဝါ ရောက်လာပြီဗျို့။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ ဝူး"

အို...နက်ကျော်ကြီးကလည်း အူပြီး ဂူကြမ်းပြင်ကို လက်သည်းတွေနဲ့ ကုတ်လို့ဗျ။ ဒီတုန်းမှာ ကျုပ်က မဖဲဝါကို ကြည့်လိုက်တယ်။ မဖဲဝါက ကျုပ်ကို မျက်နှာရိပ်မျက်နှာကဲနဲ့ ပြတယ်ဗျ။ ကျုပ်သိတာပေါ့။ ကျုပ်ကို အင်းပစ်ခိုင်းနေတာလေ။



www.burmeseclassic.com

www.burmeseclassic.com



ကျိုးကန်းမကို မဖဲဝါ ဒီအတိုင်းရင်ဆိုင်လို့ ဘယ်ရမှာတုံး။ ကျုပ်ဆို တဲ့ကောင်ကလည်း အဆင်သင့်ပြင်ပြီးသားပါဗျာ။ စောစောက အင်းတစ်ချပ် ပစ်ပြီးကတည်းက နောက်တစ်ချပ်က လက်ထဲမှာ အဆင်သင့် ကိုင်ပြီးသားလေ။ ဒီတစ်ခါ ကျုပ်ပစ်မှာက 'မှော်စက် ရောင်' အင်းဗျ။ စုန်းတွေရဲ့ စက်မျိုးစုံကို ဖျက်ပစ်မယ့် အင်းပဲဗျ။ ကျုပ် နောက်ကို ခြေတစ်လှမ်း မသိမသာ ဆုတ်လိုက်ပြီး မဖဲဝါကို မဲနေတဲ့ ကျိုးကန်းမကြီးတည့်တည့်ကို အင်းပစ်သွင်းလိုက်တယ်။

"ကဲကွာ၊ အဲဒါ မှော်စက်ရောင်အင်းတဲ့ဟေ့၊ ခံနိုင်ရင် ခံတော့ဟ"

"ဝုန်း"

ဟာ…ဝုန်းကနဲမြည်ပြီး ဝင်းကနဲ လက်သွားတယ်ဗျို့။ ပြီးတော့ မီးခိုးတွေ မှောင်သွားတယ်။ အခိုးတွေပြယ်သွားတော့ ဂူကြမ်းပြင်မှာ ဒူးထောက်လျက် ကျနေတဲ့ စုန်းမကြီးကို တွေ့လိုက် ရတယ်။

ဟော…ခုန်ပြီ၊ မဖဲဝါ ခုန်ဝင်သွားပြီဗျို့။

"ဘုန်း၊ ဘုန်း၊ ဘုန်း"

မဖဲဝါရဲ့ လက်ဝါးကြီး လေထဲမှာ မြောက်သွားပြီး စုန်းမ ကြီးရဲ့ ကျောကုန်းကို ဆက်တိုက်ရိုက်လိုက်တယ်။





"ဝေါ့"

ဟော..ကျိုးကန်းမကြီး သွေးတွေအန်ပြီဗျို့။ ဟော ထပြီ၊ ထပြီ၊ ကျိုးကန်းမကြီး ဒယီးဒယိုင်နဲ့ထပြီး ကျောက်ပန်းဆွဲတစ်ခု တစ်ခုပေါ်မှာ တင်ထားတဲ့ အဝတ်မည်းကြီးကို ယူလိုက်တယ်။ ပြီးတော့ အဝတ်မည်းကြီးကို သူ့ကိုယ်ပေါ် ခြုံလိုက်ပြီး…

"နင့်ကို ငါက လျှော့တွက်လိုက်တာ ငါ့အမှားပဲ၊ နင့်မှာ ဒီလောက်အစွမ်းထက်တဲ့ အင်းတွေ ရှိနေလိမ့်မယ်လို့ကို ငါ မထင်မိတာ၊ အဲဒါ ငါ့အမှားပဲ"

စကားလည်းဆုံးရော စုန်းမကြီးက ကျိုးကန်းကြီး ဖြစ် သွားရောဗျို့။

"ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝူး၊ ဂရား၊ ဂရား"

ဟာ…နက်ကျော်ကြီး ပြေးဝင်သွားပြီဗျို့။ ကျိုးကန်းကြီး က အပေါ်ကို ပျံတက်ပြီး ကျောက်စက်ပန်းဆွဲကြီးတစ်ခုပေါ်မှာ နားနေတယ်။

"ဂရား၊ ဂရား၊ ဝုတ်၊ ဝုတ်"

နက်ကျော်ကြီးက အောက်ကနေ မော့ကြည့်ပြီး ဒေါသ တကြီးနဲ့ ဟောင်ရောဗျို့။ ကျိုးကန်းကြီးက မျက်လုံးပြူးပြူးကြီးနဲ့ ဟိုကြည့် သည်ကြည့် လုပ်တယ်။ ပြီးတော့ ဂူပေါက်ဝကို တစ်ရှိန်



www.burmeseclassic.com

www.burmeseclassic.com



ထိုး ပျံထွက်သွားရောဖျို့။ ကျုပ်ကလည်း မဖဲဝါ မှာထားလို့ ဘာမှမလုပ်ဘဲ ကြည့်နေလိုက်တယ်။

"ဝုတ်၊ ဝုတ်၊ ဝုတ်"

နက်ကျော်ကတော့ ဂူပေါက်အထိ လိုက်ဟောင်နေတာပဲ ဗျာ။

"ဝေါ၊ ဝေါ၊ ဝေါ၊ ဝေါ"

ဟာ…ဘာသံတွေပါလိမ့်။ ကျုပ် ဂူပေါက်ဝကို ပြေးထွက်ပြီး ကြည့်လိုက်တယ်။ ဟာ ကျီးကန်းတွေဖျို့။ အကောင်နှစ်ထောင်လောက်များ ရှိသလား မသိပါဘူးဗျာ။ ကျီးကန်းမကြီး ပျံတဲ့နောက်ကို စုပြုံပြီး ပျံလိုက်သွားကြတာဖျို့။ ဂူထဲမှာ မဖဲဝါကို မတွေ့တော့ဘူးဗျ။ ကျုပ်က မီးဖိုပေါ်က ကျောက်အိုးကြီးကို ခြေထောက်နဲ့ကန်ပြီး တွန်းလှဲလိုက်တယ်။ ကျောက်အိုးကြီးက ဖိုခနောက်ပေါ်ကနေ ပြုတ်ကျပြီး ကွဲသွားတယ်။ အထဲက အရည်ပူကြီးတွေက ဂူထောင့်က မှောင်ရိပ်ထဲကို စီးသွားတယ်။ စောစောက မျောက်ဝံကြီး ဝင်သွားတဲ့ဘက်လေဗျာ။

"ဂီး၊ ဂီး၊ ဂရား၊ ဂီး"

ဟာ အော်သံကြီးဗျာ။ မချိမဆံ့အော်တဲ့ အသံကြီးဗျ။ ဒါ စောစောက မျောက်ဝံကြီး အော်တာဗျာ။ ဘယ်လိုအစွမ်းရှိတဲ့





ဆေးရည်တွေလည်းတော့ ကျုပ်လည်း မသိဘူးဗျ။ မျောက်ဝံကြီး အော်သံက တဖြည်းဖြည်း တိမ်ဝင်ပြီး နောက်ဆုံး ငြိမ်သွားရောဖျို့။

ကျုပ် ဂူအပြင်ကို ပြေးထွက်ပြီး အဝင်ဝက ချုံပုတ်ကြီးထဲကို တိုးဝင်လိုက်တယ်။ ချုံပုတ်ကြီး ဟိုဘက်ကို ထွက်လိုက်တော့ ဟာ နက်ကျော်ကြီးဗျ။ ဒီကောင်ကြီး ကျုပ်ကို စောင့်နေတာဖျို့။

အဲဒီညက နက်ကျော်ကြီးက ကျုပ်ကို ရွာနားအထိ ပြန်ပို့လေရဲ့။ ကျုပ်အိမ်ပြန်ရောက်တော့ ဆရာတော့်ကျောင်းက တုံးမောင်းတောင် ခေါက်နေပြီဖျို့။

**တာတေ**

□□□



www.burmeseclassic.com

www.burmeseclassic.com



## မုန်းသူ့ရန်ငြိုး

**မရမ်းသီး**တွေ လှိုင်လှိုင်ပေါ်တဲ့အချိန်ဗျ။

ကျုပ်အမေက ဝက်သားကို မရမ်းသီးနဲ့ ချက်လို့။ ချဉ်ဖြုန်းဖြုန်းလေး စားလို့ကောင်းချက်ဗျာ။ ဝက်သားဟင်းပန်းကန်မှာ





ကျုပ်လက်ချည်းပဲ။ အဘနဲ့ အမေမှာ သားသမီးကလည်း ကျုပ်တစ်ယောက်ပဲ ရှိတာလေဗျာ။ ကျုပ်မို့လို့ ခေါင်းမဖော်တမ်းစားပြီဆိုရင် လင်မယားနှစ်ယောက် တစ်ယောက်ကို တစ်ယောက်လက်တို့ပြီး ပြုံးလို့ဗျ။ ဝမ်းသာနေလိုက်ကြတာ။ သြော် မိဘမေတ္တာများဗျာ ဘယ်မှာတုလို့ မီလိမ့်မတုံး။

ကျုပ်အတွက်တော့ အဘနဲ့ အမေ ဝမ်းသာရမှာပါဗျာ။ တာတေဆိုတဲ့ ကျုပ်ကလည်း ဟင်းမကောင်းရင် သုံးပန်းကန်၊ ဟင်းကောင်းရင် လေးပန်းကန်တော့ အသာလေးဗျ။

"တာတေရေ၊ တာတေ၊ တာတေ ရှိလား အရီး"

ဟ…ထမင်းစားကောင်းနေတုန်း ဘယ်ကဧည့်သည်များပါလိမ့်၊ ကျုပ်က ဝိုင်းထဲကို အသာကဲကြည့်လိုက်တယ်။

"ဟင်…ကိုညွန့်ပါလား"

"ဘယ်ကိုညွန့်တုံး၊ သံပြာညွန့်ကို ပြောတာလား တာတေ"

"ဟုတ်တယ် အမေ၊ ကိုသံပြာကြီးဗျ"

ပြောရဦးမယ်ဗျို့။ ကျုပ်တို့ရွာမှာက ကိုညွန့်နှစ်ယောက်ရှိတာဗျာ။ တစ်ယောက်က အရပ်ရှည်ရှည်၊ ပိန်ပိန်ဗျ။ သူ့ကိုတော့ ကျုပ်တို့ရွာသားတွေက လန်ဘားညွန့်လို့ ခေါ်ကြတယ်။ နောက်

www.burmeseclassic.com



တစ်ယောက်ကိုတော့ အသံပြာရှုပ်ရှုပ်နဲ့မို့လို့ သံပြာညွှန့်လို့ ခေါ်ကြတယ်။

အခု ကျုပ်ဆီလာတာက သံပြာညွှန့်ပေါ့ဗျာ။

"ဟာ…ကိုညွှန့်ကြီး လာဗျာ၊ လာ၊ ကျုပ်ရှိပါတယ်"

သံပြာကိုညွှန့်က အိမ်ပေါ်တက်လာပြီး…

"ဟာ ထမင်းဝိုင်းနဲ့ တန်းတိုးနေပေါ့၊ ဘာဟင်းကောင်းချက်တုံး အရီး"

အသံပြာပြာကြီးနဲ့ အမေ့ကို မေးတာဗျ။

"ညွှန့်ရေ၊ အနောက်ပိုင်းက ငပိန်တို့ ဝက်ပေါ်လို့ တစ်ပိဿာ သွားဆုံလာတာလေ"

"ဟာ အရီး တစ်ပိဿာတောင် မများဘူးလားဗျ"

"ဟဲ့ ညွှန့်၊ နင်က မသိဘဲကိုး၊ နင့်ညီ တာတေ တစ်ယောက်တည်းက ငါးဆယ်သားလောက် စားတာဟဲ့"

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟုတ်လား တာတေ၊ တိုးတိုးပြောပါ အရီးရာ၊ ရွာထဲက အပျိုတွေ ကြားသွားလို့ တာတေ အစားကြီးတာ သိသွားပြီး နောက်ပိုး ပိုးလို့မရဘဲ ရှိနေပါဦးမယ်ဗျာ၊ ဟား၊ ဟား၊ ဟား"

ကျုပ်တို့ အညာသားတွေက အဲဒါတွေ ခင်ဖို့ကောင်းတာ





ဗျ။ တစ်ယောက်နဲ့ တစ်ယောက် တွေ့တာနဲ့ ရယ်စရာလေး ပြောတော့တာဗျ။

"ဟဲ့ ညွှန့်ရဲ့ မနက်က နင့်မယား ပြားကြည်တောင် တစ်တွဲ လာခွဲလို့လေ၊ နင် အခု ထမင်းစားတာ ဝက်သားဟင်းနဲ့ စားခဲ့တာ မဟုတ်လား"

"ဟုတ်လား အရီး၊ ကျုပ်ဖြင့် ထမင်းလည်း မစားရသေးပါဘူးဗျာ၊ အိမ်လည်း ပြန်မရောက်သေးဘူး၊ မနက် အိပ်ရာနိုးကတည်းက ဘထွေးထွန်းကြည်တို့အိမ် ရောက်နေတာဗျ"

"ဟေ…ဘယ်ထွန်းကြည်တုံး၊ မယားပြိုင်ထွန်းကြည်လား၊ ဘိုးပုထွန်းကြည်လား"

"ကျုပ်တို့တောင်ပိုင်းက ဘထွေးထွန်းကြည်လေ၊ အဲ… အရီးပြောတဲ့ မယားပြိုင်ထွန်းကြည်ပေါ့ဗျာ"

ကျုပ်တို့ရွာမှာက ဦးထွန်းကြည် နှစ်ယောက် ရှိသဗျ။ တစ်ယောက်က ကျုပ် မကြာ မကြာပြောတဲ့ ဘိုးပုကြီးရဲ့ သားလေဗျာ။ သူ့ကို ကျုပ်တို့ရွာသားတွေက ဘိုးပုထွန်းကြည်လို့ ခေါ်ကြတာ။ နောက် ဦးထွန်းကြည်တစ်ယောက်က မိန်းမနှစ်ယောက် ယူထားတဲ့ ဦးထွန်းကြည်ဗျ။ သူ့ကိုတော့ သူ့ကွယ်ရာမှာ မယားပြိုင် ထွန်းကြည်လို့ ခေါ်ကြတယ်။ ဘထွေးထွန်းကြည်က လူချမ်းသာ

www.burmeseclassic.com



ဗျ။ ယာတွေ့၊ ထန်းတောကွေ မနည်းမနောကို ပိုင်တာဗျ။ သူ့အဘိုးလက်ထက်ကတည်းက အမွေတွေရတာ။ ဘထွေးထွန်းကြည်က သုံးမွေခံရတဲ့ လူလေဗျာ။ ၎ွတ်ချမ်းသာတာပေါ့ဗျာ။ တောင်ပိုင်းမှာ တိုက်ဆောက်ပြီးနေတဲ့ လူပေါ့ဗျာ။ ဒါပေမဲ့ မယားနှစ်ယောက်နဲ့ဗျ။ ပြီးတော့ ပြောရဦးမယ်။ မယားနှစ်ယောက်ကို တစ်နေရာစီထားပြီး ပေါင်းတာမဟုတ်ဘူး။ တစ်အိမ်တည်းမှာပဲ ထားပြီး ပေါင်းတာဗျ။ အရီးမလှရီက ပထမ မယားဗျ။ ဒုတိယ မယားကလည်း တိုက်ဆိုင်မှုလားတော့ မပြောတတ်ပါဘူးဗျာ။ မလှရီပဲဗျို့။ ကျုပ်တို့ရွာက မဟုတ်ဘူးဗျ။ ဘထွေးထွန်းကြည် တခြားက ယူလာတာ။ သူ့မျိုးရိုးလည်း ဘယ်သူမှ မသိကြဘူး။

အဲဒါကို ကျုပ်တို့ရွာသားတွေက စကားပြောရင် ဘယ်လှရီတုံးဟဲ့။ ထွန်းကြည်မယားလေ။ ထွန်းကြည်မယား လှရီတော့ ဟုတ်တယ်လေ၊ မယားကြီး လှရီလား၊ မယားငယ် လှရီလားလို့ မေးကြတာဗျ။

တစ်ရက်တော့ ကျုပ်တို့အိမ်မှာ မိန်းမဝိုင်းကြီးဖွဲ့ပြီး အမေတို့ စကားပြောနေကြတာဗျ။ အဲဒီမှာတင် ခုနက မယားကြီးလှရီတို့ မယားငယ်လှရီတို့ လုပ်နေကြတော့တာပေါ့ဗျာ။

ကျုပ်ကလည်း အနားမှာ ရှိနေတော့ အမေတို့ကလည်း





ဗျာ၊ မယားကြီးလှရီတို့ မယားငယ်လှရီတို့နဲ့ ရှုပ်ပါတယ်။ ကျုပ်တို့ကျောင်းတွေမှာလို နံပါတ်နဲ့ ခွဲပေါ့ဗျ။ ပထမ မယား မလှရီကို လှရီတစ်၊ ဒုတိယမယား မလှရီကို လှရီနှစ်။ တကယ်လို့ ဘထွေးထွန်းကြည်က နောက်ထပ် မလှရီတစ်ယောက်နဲ့ တွေ့လို့ ထပ်ယူလာရင် လှရီသုံးပေါ့ဗျာ။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

ကျုပ်စကားလည်း ကြားရော အမေတို့စကားဝိုင်းက အမေ့အသိတွေဆိုတာ ရယ်လိုက်ကြတာဗျာ။

"ခွပ်၊ ခွပ်၊ ခွပ်၊ ကဲဟယ် ပေါက်ကရကော်တော်ပြော၊ ပေါက်ကရကော်တော်လုပ်တဲ့ အကောင်"

အမေကတော့ ကျုပ်ခေါင်းကို တုံးမောင်းသုံးချက်ခေါက်ရောဗျို့။

အမေ မေးလိုက်တော့ သံပြာကိုညွန့်က ပြန်ဖြေလိုက်တယ်။

"ဟဲ့ ထွန်းကြည် ဘာဖြစ်လို့တုံး"

"ဘထွေးထွန်းကြည် ဘာမှမဖြစ်ဘူးဗျ၊ သူ့မိန်းမ ဆုံးလို့"

"ဟေ…ဟုတ်လား၊ ဘယ်မိန်းမတုံး၊ မယားကြီးလှရီ

www.burmeseclassic.com



လား၊ မယားငယ်လှရီလားဟဲ့ ညွှန့်ရဲ့”

“မယားကြီး ဆုံးတာ အရီးရဲ့”

“ဟာ…လှရီ ဘာဖြစ်လို့တုံး၊ နေထိုင်မကောင်းဘူးလို့လည်း မကြားပါလား၊ မြန်းစားကြီးဆုံးတာ ဘယ်လိုကြောင့်တုံး”

ကျုပ်တို့လည်း ကိုညွှန့်ကို ထမင်းစားတောင် မခေါ်မိသေးဘူးဗျ။ စကားက အရေးကြီးတဲ့အကြောင်းကို ရောက်သွားပြန်ရောဗျို့။

“ဘာဖြစ်ပြီး ဆုံးတာတုံး ညွှန့်ရဲ့”

ကျုပ်အဘက ဝင်မေးတာဗျ။ အမေရော အဘရော ကျုပ်ရော တော်တော်အံ့သြသွားကြတာ၊ အရီးလှရီက အသက်ငါးဆယ်လောက်တော့ ရှိပြီဗျ။

“ဘာဖြစ်တာတုံး မသိပါဘူး ဘိုးညာဏ်ရာ၊ မနက်ဝေလီဝေလင်းက အရီးလှရီက ဝိုင်းထောင့်က အိမ်သာကို ထသွားတာတဲ့ဗျာ။ ငယ်သံပါအောင် အော်တဲ့အသံကြားလို့ ဘထွေးက အတင်းပြေးဆင်းပြီး လိုက်သွားတော့ မျက်ဖြူကြီးလန်ပြီး သေနေတာဆိုပဲ။ ကျုပ်လည်း အိပ်ရာနိုးနိုးချင်း သွားတာပဲဗျ၊ ဟိုရောက်တော့ လူတော်တော်စုံနေပြီ”

“အလောင်းကို ကိုညွှန့် သေသေချာချာ ကြည့်ခဲ့လားဗျ”





ကျုပ်က ဝင်မေးတာဗျို့။ ကိုညွှန့်က ကျုပ် တည်ထားတဲ့ နဂါးဆေးပေါ့လိပ်ကို ဖွာနေရင်းကနေ ခေါင်းညိတ်ပြတယ်။

“ကြည့်တာပေါ့ တာတေရ၊ အရီးလှရီအလောင်းက ကြောက်စရာကြီးပါဗျာ၊ မျက်ဖြူကြီးက အပေါ်ကိုလန်နေလို့ကွ၊ ပါးစပ်ကလည်း အံကြီးကြိတ်လို့ဟေ့၊ သွားတွေတောင် မြင်နေရတာ၊ ဝေဒနာတစ်ခုကို မချိမဆန့်ခံပြီး သေသွားတဲ့ပုံပဲကွ တာတေရ၊ ငါ သေသေချာချာကြည့်တော့ အရီးလှရီအလောင်းမှာ ဗိုက်ကြီးက ချပ်ပြီး ပြားကပ်နေတယ်ကွ၊ လှန်တော့ မလှန်ကြည့်ရဘူး၊ အညာစောင်အကွက်ကလေး လွှမ်းထားတာလေကွာ။ ဒါနဲ့ ဆယ်အိမ်ခေါင်း ကိုကံကို ကပ်ပြီး တိုးတိုးမေးကြည့်တော့ ကိုကံက ငါ့ကို ပြောတယ်၊ ‘ဟေ့ကောင် ညွှန့်၊ မင်း ဘယ်သူ့မှ လျှောက်မပြောနဲ့၊ အရီးလှရီအလောင်းမှာ အူတွေ အသည်းတွေ ဘာမှ မရှိတော့ဘူး’ တဲ့ တာတေရေ”

“ဗျာ…အူတွေ အသည်းတွေ မရှိတော့ဘူး ဟုတ်လား၊ ဒါဆိုရင် အရီးလှရီအလောင်းမှာ ဗိုက်ကြီးဟောင်းလောင်း ဖြစ်နေလို့လား ကိုကြီးညွှန့်ရဲ့”

“ဟာ…တာတေကလည်း ဘယ်ကလာပြီး ဟောင်းလောင်းဖြစ်ရမှာတုံး၊ မကောင်းဆိုးဝါးဆိုတာ ဗိုက်မဖောက်ဘဲ

www.burmeseclassic.com



အထဲက အူတွေ အသည်းတွေ နှုတ်စားနိုင်တာကွ၊ မင်းက မေ့သွားပြန်ပြီထင်တယ်၊ အိမ်ကြီးအပေါ်မြောက်နေတဲ့ အာလူးသေတုန်းကလည်း ဒီလိုပဲ မဟုတ်ဘူးလား''

''ဩော်…ဟုတ်သားပဲ ကိုကြီးညွန့်ရဲ့၊ နေဦးဗျ၊ အဲဒီတုန်းက ဆယ်အိမ်ခေါင်းတွေက တိတ်တိတ်ကလေး ဗိုက်ခွဲကြည့်ကြတာဗျ၊ အခုရော အဲဒီလို ကြည့်သေးလား''

''ဒါတော့ ငါမသိဘူးကွ၊ ငါရောက်တော့ အလောင်းကပြင်ပြီးပြီ၊ စောင်တွေဘာတွေ လွှမ်းထားတော့ ဘယ်သူက လှန်ကြည့်တော့မှာတုံးကွာ''

''အင်း…ဒါလည်း ဟုတ်တာပေါ့''

''ငါ့ကို ဆယ်အိမ်ခေါင်း ကိုကံပြောလို့ သိတာကွ၊ ဒါနဲ့ ငါလည်း မင်းကို တိတ်တိတ်လာပြောတာကွ၊ ဒါ ဘယ်လိုဖြစ်တယ်လို့ မင်း ထင်တုံး၊ မင်းက ဗဟုသုတရှိလို့ မေးတာပါကွာ''

ကျုပ်တို့ ထမင်းဝိုင်းလည်း ပြီးသွားပါပြီဗျာ။ အမေကတော့ မီးဖိုချောင်မှာ ပန်းကန်တွေ ဆေးကြောပြီး သိမ်းလို့။ ကျုပ်နဲ့ အဘကတော့ ကိုညွန့်နဲ့ စကားပြောနေကြတာပေါ့ဗျာ။

''ကျုပ်လည်း မပြောတတ်ပါဘူး ကိုညွန့်ရာ၊ သူတို့





အိမ်ထောင်ရေးက ရှုပ်တော့ ရှုပ်သားလားဗျာ''

''ရှုပ်ဆို တစ်အိမ်တည်းမှာ မယားနှစ်ယောက်ထားပြီးဘထွေးက ပေါင်းနေတာလေကွာ''

''နို့ နေပါဦး ကိုကြီးညွန့်ရဲ့၊ ဘထွေးထွန်းကြည်ရဲ့ မိန်းမနှစ်ယောက်က နာမည်ကလည်း တူနေတော့ ဘထွေးက ဘယ့်နှယ်များ ခေါ်တုံးဗျ''

''ဟာ တာတေကလည်း အရီးမလှရီကို ဘထွေးကမလှရီပဲ ခေါ်တာကွ၊ စကားပြောရင်လည်း ခင်ဗျားနဲ့ ကျုပ်နဲ့ပဲပြောတာ။ နောက်မိန်းမ မလှရီကိုတော့ အလှလို့ ခေါ်တာ။ ဟိုကလည်း သူ့ကို အစ်ကိုထွန်းလို့ ခေါ်တာကွ၊ အရီးလှရီကတော့ဘထွေးကို ကိုထွန်းကြည်လို့ပဲ ခေါ်တယ်''

''အင်း…အရီးမလှရီ သေတာ ရိုးရိုးသေတာတော့မဟုတ်ဘူးပေါ့ဗျာ''

''ဟုတ်တယ် တာတေ၊ ဒါကြောင့် မင်းကို ငါလာပြောတာပေါ့၊ အခု ဒီလာတဲ့လမ်းမှာ ဆယ်အိမ်ခေါင်း ကိုကံကငါနဲ့ ပါလာတယ်၊ သူ့အိမ်ကို ခဏပြန်မလို့ပြောတာပဲ၊ လမ်းမှာငါ့ကို ကပ်ပြီး တိုးတိုးပြောသေးတယ်ကွ၊ ဘထွေးထွန်းကြည်ရဲ့မယားငယ် လှရီက အရီးမလှရီနဲ့စာရင် ငယ်လည်းငယ်၊ ချော



www.burmeseclassic.com

www.burmeseclassic.com



လည်းချောတယ်မို့လား၊ ဒီတော့ ဘထွေးကလည်း အရေးပေးတာပေါ့ကွာ၊ အခုလည်း ဘထွေးနဲ့ သူ့မယားငယ်ပေါင်းပြီး အောက်လမ်းတွေဘာတွေမွေးပြီး အရီးမလှရီကို အူ၊ အသည်းတွေနှုတ်ပြီး သတ်ခိုင်းပုံရတယ်လို့ ကိုကံက ပြောတယ် တာတေရ”

“ဟာ…ဒါဆိုရင်တော့ တော်တော်ကို ယုတ်မာရက်စက်ကြတာပေါ့ဗျာ”

ကျုပ်ရောက်သွားတော့ အရီးမလှရီအလောင်းက ခေါင်းတောင် သွင်းပြီးသွားပြီဗျ။ အသုဘကို ရက်မထားတော့ဘူး။ ညနေ ချမယ်ဆိုလို့ ကျုပ်ဖြင့် အိမ်တောင်မပြန်လိုက်ရဘူး၊ တစ်ခါတည်း အသုဘချဖို့ ပြင်ကြဆင်ကြရတော့တာပေါ့ဗျာ။

ရပ်ရေးရွာရေး ရှိတယ်။ ကျုပ်တို့ကာလသားတွေကပဲ သွက်သွက်လက်လက်နဲ့ ဦးဆောင်ကြရတာပေါ့ဗျာ။ သင်္ချိုင်းမှာ ကျင်းတူးတဲ့အဖွဲ့က တူးကြပေါ့ဗျာ။ လူကြီးပိုင်းကတော့ လိုက်ပြီး ပြောပြကြရတာပေါ့လေ။ ဘယ်နားမှာတူး၊ ဘယ်လိုတူးပေါ့ဗျာ။ နေချိုတာနဲ့ ပုဗ္ဗာရုံက ကျုပ်ဆရာတော် ဦးဂုဏနဲ့ သံဃာတော်တွေ ကြွလာပြီး သရဏဂုံတင်ကြတယ်။ ပြီးတာနဲ့ အသုဘချရတော့တာပေါ့ဗျာ။

ကျုပ်တို့ရွာသားတွေကတော့ မယားကြီး သေတာကို





ရက်တောင်မထားဘဲ ချက်ချင်းသင်္ဂြိုဟ်ရမလားဆိုပြီး ဘထွေးထွန်းကြည်ကို အပြစ်ပြောကြတာပေါ့ဗျာ။

ဒါပေမဲ့ လူ့လောကရဲ့ ဓမ္မတာမှာ ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ဆိုတဲ့ စကားရှိတာပဲလေဗျာ။ ခုနစ်ရက်လောက်ကြာတော့လည်း တိတ်သွားကြတာပါပဲလေ။ ဘာဖြစ်လို့တုံးဆိုတော့ လူ့လောကမှာက နောက်ထပ် စိတ်ဝင်စားစရာ၊ ပြောစရာ အကြောင်းတွေက ရှိလာပြန်တာလေဗျာ။ အသစ်ပေါ်လာတဲ့ အကြောင်းတွေကို ပြောကြရတော့တာပေါ့ဗျာ။

ဘထွေးထွန်းကြည်ကတော့ သူ့ရဲ့ ဒုတိယဇနီး မလှရီရယ်၊ မလှရီနဲ့ ရတဲ့ သမီးကလေးတစ်ယောက်ရယ်နဲ့ သူ့အိမ်ထောင်က သာသာယာယာပါပဲ။ အရီးမလှရီနဲ့ ပေါင်းလာတာ သားသမီး မရဘူးဗျ။ ဒုတိယ မလှရီနဲ့ကျမှ သားသမီး ရတာ။ ဘထွေးကလည်း အသက်ကြီးမှရတဲ့ သမီးလေးဆိုတော့ တုန်နေအောင်ကို ချစ်တာပေါ့ဗျာ။ ကလေးက အခုဆိုရင် ရှစ်နှစ် ကိုးနှစ်လောက်တောင် ရှိပြီဗျ။ နာမည်လေးကလည်း ချစ်စရာလေးပါ။ ခင်လှဲ့ရီထွန်းတဲ့ဗျ။ မျက်နှာလေးကလည်း ချောချောလေးဗျ။ သူ့အမေ မလှရီကလည်း မိန်းမချောလေဗျာ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ ဝဋ်ဆိုတာ အမြဲတဲ့၊ ငရဲဆိုတာ အပတဲ့၊ သူလုပ်ရင် သူခံရမှာပေါ့ဟယ်၊ အောက်လမ်းနဲ့ပေါင်းပြီး အရိုးလှရီကို သတ်ရင် သူတို့လည်း အရိုးလှရီလို ပြန်ကြုံရမှာပါပဲ၊ ဒီဘဝ မကြုံရင် နောင်ဘဝတွေ ကြုံမှာပေါ့"

ဆိုတဲ့ စကားနဲ့ ဘလေးထွန်းကြည်တို့အကြောင်းကို ကျုပ်တို့ရွာသားတွေ အဆုံးသတ်လိုက်ကြတယ်ဗျို့။

ဒါပေမဲ့ အရိုးမလှရီ ဆုံးပြီး တစ်နှစ်ကြာတဲ့အချိန်မှာ ဒီကိစ္စ ပေါ်လာတော့တာပဲဗျာ။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

ကျုပ်ဝိုင်းထဲက မန်ကျည်းပင်ကြီးအောက်မှာ အိပ်မလို့ လုပ်နေတုန်း ဒီကောင် ရောက်လာတာဗျ။ တောကျော်လေဗျာ။ ဆရာတော့်ကျောင်းက ကျောင်းသားလေးလေ။

"ဟေ့ကောင် တောကျော်၊ နေပူကြီးထဲ ဘယ်သွားမလို့တုံး"

"ဘယ်မှမသွားဘူး၊ ကိုကြီးတာတေဆီကို လာတာဗျ၊ ဆရာတော် လွှတ်လိုက်လို့၊ ဆရာတော်က မှာလိုက်တယ်၊ အခု ချက်ချင်း လိုက်ခဲ့ပါတဲ့"

"ဟေ...ဟုတ်လား၊ အေး အေး၊ ငါ လိုက်ခဲ့မယ်"





ကျုပ်က အိမ်ပေါ်တက်ပြီး အင်္ကျီလေး ပုဆိုးလေး လဲလိုက်တယ်။ ပြီးတော့ အဘနဲ့ အမေကို အကျိုးအကြောင်းပြောပြီး တောကျော်နဲ့ အတူတူပဲ ဆရာတော့်ကျောင်းကို ရောက်လာခဲ့တယ်ဗျ။ ဆရာတော့်ကျောင်းရှေ့မှာ ထိုင်နေတာ ဘထွေးထွန်းကြည်ဗျ။ ကျုပ်ကိုတွေ့တော့ ဘထွေးထွန်းကြည်က ပြုံးပြီးနှုတ်ဆက်တယ်။ ကျုပ်တို့ရွာထဲက လူငယ်တွေကတော့ ဘထွေးကို ခင်ကြပါတယ်ဗျာ။ လူကြီးပိုင်းကသာ ဘထွေးကို အပြစ်တင်ကြတာပါ။ လူငယ်တွေကတော့ ဘာမှမပြောကြပါဘူး။ ပြီးတော့ ဘထွေးက ဆရာတော်ရဲ့ ဒကာရင်းဗျ။ ပစ္စည်းလေးပါးလှူတဲ့ ဒါယကာလေဗျာ။ ကျုပ်က ဆရာတော်ကို ဝတ်ဖြည့်ပြီး ဘထွေးကို နှုတ်ဆက်တယ်။

"ဘထွေး ပိန်သွားပါလားဗျ"

"ဟာ ပိန်ဆို စိတ်ဆင်းရဲတာကိုး တာတေရဲ့၊ ညလည်း ကောင်းကောင်းအိပ်မပျော်တာ ကြာပြီကွ"

"ဟင် ဟုတ်လား ဘလေး၊ ဘာရောဂါဖြစ်လို့တုံး"

"ဟာ တာတေ၊ ဒကာကြီးမှာ ကိုယ်တွင်းရောဂါ မရှိပါဘူး၊ ပြင်ပရောဂါ ဖြစ်နေတာပါ၊ ပြင်ပက နှောင့်ယှက်တဲ့ ပယောဂကို ပြောတာပေါ့ကွာ"

ဆရာတော် ဦးဂုဏက ကျုပ်ကို ပြောတယ်။ ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



ပြောတာကို ကျုပ် နားမလည်ဘူးဗျ။ ဆရာတော် ဘာကိုပြောချင် မှန်းကို ကျုပ် မသိတာ။

"ဘုန်းဘုန်းပြောတာ မောင်တာတေ နားလည်သလား ကွဲ့"

"တပည့်တော် နားမလည်ဘူးဘုရား"

"အေး အေး၊ ဒါဆိုလည်း ဒကာကြီးပဲ မောင်တာတေ ကို ပြောပြလိုက်ပါ"

ဆရာတော်က ဘထွေးထွန်းကြည်ကို ပြောခိုင်းလိုက် တယ်။

"ဒီလို မောင်တာတေရဲ့၊ ဘထွေးရဲ့ဇနီး မလှရီ ဆုံးပါး သွားတာ ကိုးဆယ့်ခြောက်ပါးရောဂါနဲ့ မဟုတ်ဘူးကွဲ့၊ ဘေး ပယောဂတစ်ခုနဲ့ သေရတာ၊ သေတော့ ဗိုက်ကြီးက ချပ်နေတယ် ကွ၊ ဒါနဲ့ ဘထွေးက မသင်္ကာလို့ သူကြီးကို တိတ်တိတ်အကြောင်း ကြားပြီး လူမသိအောင် တိတ်တိတ်ဗိုက်ခွဲကြည့်တော့ မလှရီ ဗိုက်ထဲမှာ အူတွေ အသည်းတွေ ဘာမှကို မရှိတော့ဘူးကွ၊ ဒါနဲ့ ဘထွေးတို့ ချက်ချင်းပြန်ချုပ်ပြီး နေ့ချင်းသင်္ဂြိုဟ်ပစ်ခဲ့တာ။ မင်းတို့ လူငယ်တွေပဲ အသုဘချပေးကြတာမို့လား။ မလှရီဆုံးတာ အခုဆိုရင် တစ်နှစ်ရှိပြီ၊ ဘထွေးတို့ လတိုင်း ဆရာတော်ကိုပင့်ပြီး





ဆွမ်းကပ်ပေးတယ်၊ မလှရီအတွက် အလှူအတန်းလည်း အမြဲလုပ် ပြီး အမျှဝေပါတယ်။ တစ်နှစ်လုံးလုံးလည်း ချိုးကနဲ ချွတ်ကနဲ တောင် မကြားခဲ့ရပါဘူးကွယ်၊ အခု တစ်နှစ်ပြည့်တော့မှ အိမ်မှာ ဘာတွေဖြစ်တယ် မသိပါဘူး မောင်တာတေရယ်၊ ညဆိုရင် အိမ် ထဲမှာ 'ဒုန်း ဒုန်း' နဲ့ လမ်းလျှောက်သံတွေ ကြားတဲ့အခါ ကြားရ တယ်။ ပစ္စည်းတွေ တွန်းချလို တွန်းချနဲ့ ဖြစ်နေတာ တစ်လ လောက် ရှိပြီပေါ့ကွယ်။ ပြီးခဲ့တဲ့ ညကတော့ ဘထွေး အိမ်သာ သွားတာ ဘထွေး မန်ကျည်းပင်အောက်ရောက်တော့ ကျောကုန်း ကို ဘုန်းကနဲရိုက်တာ ခံလိုက်ရတယ် မောင်တာတေရဲ့"

"ဟာ၊ ဘထွေးရေ အခြေအနေ တော်တော်ဆိုးနေပြီပဲ ဗျာ"

"ဟုတ်တယ် မောင်တာတေ၊ ဒါကြောင့် ဘထွေး ဆရာ တော်ကို လာပြီးလျှောက်တာပါကွာ၊ ဆရာတော်က ဒီလောက် ဆိုးလာရင်တော့ မောင်တာတေကို ခေါ်ပြီး တိုင်ပင်မှဖြစ်မယ်ဆိုပြီး ခေါ်ခိုင်းလိုက်တာကွ"

ကျုပ်တို့လူငယ်တွေက ဘထွေးကို ခင်ကြတယ်ဗျ။ ရပ် ရေးရွာရေးရှိလို့ ငွေလိုရင် ဘထွေးကိုပဲ အားကိုးကြရတာဗျ။ ဘထွေးကလည်း ကျုပ်တို့ လူငယ်တွေကို လွှတ်အားပေးတဲ့လူဗျ။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ရေးရွာရေးရှိရင် ရှေ့ဆုံးကနေ ငွေလာထည့်တဲ့လူပါဗျာ။

"ဘထွေးစိတ်ထဲမှာ ဘယ်လိုထင်တုံးဗျ"

"ဘထွေးစိတ်ထဲမှာတော့ အိမ်သာနားက မန်ကျည်းပင်ကို တယ်ပြီးမသင်္ကာဘူးကွယ်၊ မလှရီ သေတုန်းကလည်း အဲဒီမန်ကျည်းပင်အောက်မှာ လန့်အော်ပြီး သေသွားတာ မောင်တာတေရဲ့၊ ဘထွေး ထင်တာတော့ ဘထွေးကို ရိုက်လိုက်တာ အဲဒီမန်ကျည်းပင်ပေါ်က အကောင်တစ်ကောင်ကောင်က ရိုက်လိုက်တယ်လို့ ထင်တာပဲကွယ်"

"အဲဒါပဲ မောင်တာတေရေ၊ ဒကာကြီးတို့မှာ ညဆိုရင်လည်း ဟိုအသံကြား ဒီအသံကြားနဲ့ ကောင်းကောင်းကို မအိပ်ကြရဘူးတဲ့ဟေ့၊ ဒီကြားထဲ လူကို ကိုယ်ထိလက်ရောက် လုပ်လာပြီဆိုတော့ စိုးရိမ်စရာ ဖြစ်လာပြီပေါ့ကွယ်၊ ဒကာမကြီး မလှရီကို လုပ်သလို လုပ်လိုက်မှာကို ဆရာတော်လည်း စိုးရိမ်တယ် မောင်တာတေ"

"ရွာထဲကလူတွေ ထင်တာနဲ့ တခြားစီ ဖြစ်နေပါလား"

"ဟေ…ဟုတ်လား၊ ရွာထဲကလူတွေက ဘယ်လိုထင်ကြလို့တုံး မောင်တာတေရဲ့"

ဆရာတော်က ကျုပ်ကို မေးတာဗျ။ ဆရာတော် မေး





တော့ ကျုပ် ဘယ်လိမ်ဝံ့မှာတုံးဗျာ။ ပြောရတော့တာပေါ့။

"ဒီလိုပါဘုရား၊ ရွာထဲမှာ ပြောနေကြတာက ဘထွေးနဲ့ ဒုတိယဇနီးက အောက်လမ်းနဲ့ပေါင်းပြီး အရီးမလှရီကို လုပ်ကြတယ်လို့ ထင်ကြ ပြောကြတာဘုရား"

ကျုပ်စကားကို ကြားတော့ ဘထွေးက ခေါင်းညိတ်ပြတယ်။ ပြီးတော့ ဆရာတော်ကို လျှောက်တယ်။

"မောင်တာတေ ပြောတာ အမှန်ပါဘုရား၊ ဒီစကားတွေကို တပည့်တော် အားလုံးကြားပြီးပါပြီဘုရား၊ ဒီအကြောင်းတွေကို တပည့်တော် ဘယ်သူ့ကိုမှ ရှင်းမပြခဲ့ဘူးဘုရား၊ ဘယ်သူ့ကိုမှလည်း စိတ်မဆိုးပါဘူးဘုရား။ ဘာဖြစ်လို့တုံးဆိုတော့ တပည့်တော်ရဲ့ အခြေအနေကလည်း ရွာထဲကလူတွေ တစ်မျိုးတွေးချင်စရာ ဖြစ်နေတာကိုးဘုရား။ ဒါပေမဲ့ တပည့်တော်ရဲ့ ဒုတိယဇနီးဟာ အင်မတန်မှ စိတ်ထားကောင်းတဲ့ မိန်းမတစ်ယောက်ပါဘုရား၊ ဒီလိုယုတ်မာတဲ့ အကျင့်အကြံမျိုး ယောင်လို့တောင် မတွေးတတ်တဲ့သူပါဘုရား၊ တပည့်တော်ကိုယ်တိုင်လည်း ကုသိုလ်၊ အကုသိုလ်ကို နားလည်တဲ့လူပါဘုရား။ ပြီးတော့ မလှရီအပေါ်မှာလည်း မေတ္တာ စေတနာ မပျက်ခဲ့ပါဘူးဘုရား၊ မလှရီကို သတ်ပစ်ဖို့ နေနေသာသာ အနာတရဖြစ်အောင်တောင် တစ်ခါမှ မလုပ်ခဲ့ဖူးပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူးဘုရား"

"ကျုပ် ယုံကြည်ပါတယ် ဒကာကြီး၊ ကဲ ဒီတော့ မောင်တာတေက မင်းဘထွေး ထွန်းကြည်တို့ကိစ္စအတွက် သင့်တော်တဲ့ ဆရာသမား ရှာပေတော့ကွယ်။ ခရီးထွက်ဖို့ လိုတယ်ဆိုရင်လည်း ခရီးထွက်ပါ၊ အဖော်တစ်ယောက် ခေါ်သွားပေါ့ကွယ်၊ လိုအပ်တဲ့ စရိတ်စကကို ဒကာကြီး ကိုထွန်းကြည်က ပေးပါလိမ့်မယ်"

"လိုတာအားလုံး မောင်တာတေပဲ ကြည့်စီရင်ပါကွယ်၊ ဘထွေး မောင်တာတေကို အကုန်အပ်ပါတယ်၊ လိုအပ်တဲ့ ငွေကြေးအတွက်လည်း ဘထွေး အားလုံးအကုန်အကျခံပါမယ် မောင်တာတေ"

ဆရာတော့်ကျောင်းက ပြန်လာတဲ့အချိန်ကတည်းက ကျုပ်လည်း မန်ကျည်းပင်အောက်က ကွပ်ပျစ်မှာထိုင်ပြီး နဂါးဆေးပေါ့လိပ်ကလေးဖွာရင်း စဉ်းစားရတော့တာပေါ့ဗျာ။

ဘထွေးထွန်းကြည်တို့ဝိုင်းထဲက အိမ်သာနားမှာ မန်ကျည်းပင်ကြီးတစ်ပင် ရှိတယ်ဗျ။ ဘထွေးကတော့ အဲဒီမန်ကျည်းပင်ကြီးကို သူ မသက်ာဘူးလို့ ပြောတာပဲ။ အဲဒီအပင်ပေါ်မှာ အကောင်တစ်ကောင် ရောက်နေတယ်လို့ထင်တယ်။ အရီးလှရီ သေတာ





လည်း အဲဒီမန်ကျည်းပင်က အကောင် သတ်ပြီး အူတွေ အသည်းတွေ နှုတ်စားသွားတယ်လို့ ထင်တယ်ဗျို့။ အခုလည်း တစ်နှစ်လောက်ရှိမှ တစ်စခန်းထလာပြန်တာဆိုတော့ နောက်တစ်ယောက်များ စားချင်ပြန်သလားလို့ ကျုပ်တွေးကြည့်မိရင်း တော်တော်စိတ်ပူသွားရောဗျာ။ ဘထွေးမှာက ချစ်စရာ သမီးလေးတစ်ယောက် ရှိနေတယ်လေဗျာ။ မတော်လို့ ကလေးကိုများ လုပ်လိုက်ရင် ဒုက္ခလို့ တွေးမိပြီး ကျုပ် တော်တော်ကို စိတ်ပူသွားတာဗျ။

ကျုပ် ဆရာကြီးတွေကို လိုက်ပင့်ရအောင်ကလည်း ဘယ်ရောက်လို့ ဘယ်ပေါက်နေကြမှန်းကို မသိတာ။ သူတို့မှာလည်း သူတို့အကြောင်းနဲ့ သူတို့ ရှိနေကြတာလေဗျာ။

နောက်ဆုံးတော့ မဖဲဝါကိုပင့်ဖို့ ကျုပ် ဆုံးဖြတ်လိုက်တယ်။

ကျုပ် တောင်ပိုင်းကိုသွားပြီး ဘထွေးထွန်းကြည်ကို အကျိုးအကြောင်း ပြောပြတယ်။ ကလေးကို ဘထွေး သံသယရှိတဲ့ မန်ကျည်းပင်အောက်ကို တစ်ယောက်တည်း မသွားစေဖို့လည်း ကျုပ် သတိပေးလိုက်တယ်ဗျ။ ပြီးတော့ ဆရာကြီးတွေကို ပင့်ဖို့ မလွယ်တဲ့အကြောင်း ပြောပြီး လောလောဆယ် မဖဲဝါကိုပင့်ပြီး မေးမယ်လို့ ပြောတော့ ဘထွေးက ကျုပ်ကို ကြက်ဝယ်ဖို့ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ဟင်းချက်ဖို့ ငွေထုတ်ပေးတယ်။

ကျုပ်လည်း ဘထွေးအိမ်က ပြန်တာနဲ့ ကျောက်ခဲနဲ့ သံမဏိကို တစ်ခါတည်း ဝင်ခေါ်လာခဲ့တယ်။ ဒီကောင်တွေ ကြက်သွားဝယ်ပြီး ဝိုင်းထဲမှာ ထမင်းဟင်း ချက်ကြတယ်။ ညနေစောင်းတော့ ထမင်းတောင်း အဆင်သင့်ဖြစ်ပြီ။ ညရှစ်နာရီလောက်ရောက်တော့ ကျုပ်ရယ်၊ ကျောက်ခဲရယ်၊ သံမဏိရယ် ထနောင်းကုန်းသင်္ချိုင်းထဲကို ရောက်လာကြတယ်။ ကျုပ်က မျက်ကွင်းဆေးကွင်း၊ နားနှစ်ဖက်ကိုပါ လိမ်းပြီး ဒိဗ္ဗသောတဂါထာကို ရွတ်ထားလိုက်တယ်။ ဒါဆိုရင် အသံကိုပါ ကြားရတာဗျ။ ဂူပေါ်မှာ ထမင်းပွဲ ပြင်ဆင်ပြီး ဖယောင်းတိုင် မီးထွန်းလိုက်တယ်။ ပြီးတာနဲ့ ကျုပ် မဖဲဝါကို ပင့်လိုက်တာပေါ့ဗျာ။

"အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါ့ကွန်၊ မြောက်မူဝံအတွင်း၊ ရောက်ရာအရပ်၊ ရောက်ရာနေရာကနေ သင်္ချိုင်းရှင်မ မဖဲဝါ ကြွရောက်ခဲ့ပါဗျာ၊ ကျုပ်တာတေက ထနောင်းကုန်း သင်္ချိုင်းထဲကနေ မဖဲဝါကို ပင့်ဖိတ်ပါတယ်၊ စားပွဲသောက်ပွဲနဲ့ ကြိုလို့ပါဗျာ၊ အခုချက်ချင်း ကြွခဲ့ပါ၊ သင်္ချိုင်းရှင်မကြီးဗျာ"

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

ဟော နက်ကျော်ကြီး အသံဗျို့။ မဖဲဝါက ဒီနီးနီးနားနား





မှာကို ရှိနေတာပဲ။ ဒါကြောင့် နက်ကျော်ကြီးအသံကို ကျုပ်ချက်ချင်းကြားရတာဗျ။

ကျောက်ခဲနဲ့ သံမဏိကတော့ ကျုပ်နောက်က လိုက်နေကျကောင်တွေဆိုတော့ ဒါတွေ ရိုးနေပြီပေါ့ဗျာ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

ဟာ…နီးလာပြီဗျို့။ နီးလာပြီ။ ဟော…ဂူတွေပေါ်ကနေ ရွေ့လာတာဗျ။ လေထဲမှာ ရွေ့လာတာ၊ ရိပ်ကနဲ ရိပ်ကနဲပါပဲဗျာ။ ဒီတစ်ခါတွေ့တော့ မဖဲဝါထမီအနက်ကြီးတစ်ထည် ရင်လျားလို့ဗျ။ ဆံပင်ကြီး ဖားလျားချထားတယ်။ မျက်လုံးနီနီကြီးတွေက အကြမ်းပန်းကန်လုံးကြီးတွေလောက်ရှိတယ်ဗျို့။ အရပ်ကြီး ဆယ်ပေကျော်ကျော်လောက် ရှိမယ်ဗျ။ ဂူကြီးပေါ်မှာ ဒူးကြီးတွေထောင်ပြီး ထမင်းပွဲကို ငုံ့ကြည့်တယ်ဗျ။ ပြီးတော့ ခေါင်းကို သုံးလေးချက်ညိတ်လိုက်တယ်။ ပြီးတာနဲ့ စပြီးစားတော့တာပဲဗျာ။ မဖဲဝါစားရင် အမြဲတမ်း ကျုပ် သတိထားမိတယ်။ အရိုးတွေ ဘယ်တော့မှ ထွေးမထုတ်ဘူးဗျ။ အရိုးတွေပါ ဝါးပြီး စားပစ်တာဗျ။ မဖဲဝါ စားသောက်နေတာကို ကျုပ်ကတော့ တွေ့ရတာပေါ့။ ကျောက်ခဲတို့ သံမဏိတို့ကတော့ ဘယ်မြင်မှာတုံးဗျာ။ နက်ကျော်ကြီးက မဖဲဝါ စားနေတဲ့ ဂူဘေးမှာ ငုတ်တုတ်ကြီးထိုင်လို့ဗျ။ နည်းဒဲ့



www.burmeseclassic.com

www.burmeseclassic.com



အကောင်ကြီး မဟုတ်ပါဘူးဗျာ။

မဖဲဝါကလည်း ထမင်းစားရင်း ဟင်းတုံးတွေကို နက်ကျော်ကြီးဆီ ပစ်ပစ်ကျွေးသေးတာဗျ။ မဖဲဝါ ပစ်ကျွေးတဲ့ ဟင်းတုံးတွေကို နက်ကျော်က အငမ်းမရ ကောက်စားဘာဗျို့။ ကျုပ်ကလည်း ဘထွေးထွန်းကြည် ပေးလိုက်တဲ့ ငွေပေါပေါနဲ့ ကြက်သုံးပိဿာကို ချက်ထားတာ၊ ကြက်သုံးကောင်ဗျ။ အမေ့ဆီက အကြီးဆုံးအိုးကြီးနဲ့ကို ချက်ရတာ။

မဖဲဝါရော နက်ကျော်ရော စားလိုက်ကြတာဗျာ။ ဟောပြီးသွားပြီဗျို့။ ထမင်းရော ဟင်းရော ကုန်ကိုသွားတာဗျာ။ ဟောလက်ဆေးပြီး ရေသောက်ပြီဗျို့။ ကျုပ်ကို လှမ်းကြည့်ပြီး မေးဆတ်ပြတယ်။ မေးတာလေဗျာ။ ကျုပ်ကိစ္စကို မေးတာဗျ။

"မဖဲဝါ ကျုပ်တို့ ထနောင်းကုန်းတောင်ပိုင်းမှာနေတဲ့ ဘထွေးထွန်းကြည်တို့ဝိုင်းထဲမှာ…"

ကျုပ်က စကားစရုံရှိသေးတယ်၊ မဖဲဝါက လက်နှစ်ချောင်း ထောင်ပြတယ်။

"ဟုတ် ဟုတ်ပါတယ် မဖဲဝါ၊ မယားနှစ်ယောက်နဲ့ပါ၊ အဲဒါ ပထမ မယားက အူတွေ အသည်းတွေ မရှိတော့ဘဲ သေသွားတာ တစ်နှစ် ရှိပြီဗျ"





ကျုပ်ပြောတာကို မဖဲဝါက ခေါင်းညိတ်ပြတယ်။

"အဲဒါ အခု ဘထွေးအိမ်မှာ ဝုန်းဒိုင်းကျဲပြီး ဟိုနေ့က ဘထွေးကိုလည်း ကျောကုန်းကို အုန်းကာနဲ့ ရိုက်လိုက်တယ်ဗျ မဖဲဝါရဲ့၊ အဲဒါ နောက်ထပ် လူထပ်သတ်မှာ စိုးရိမ်လို့ပါဗျာ"

"ဟဲ့ တာတေ၊ အဲဒါ လှရီ သရဲမဟုတ်ဲ့"

"ဗျာ…အရိုးလှရီ ဟုတ်လား မဖဲဝါ၊ ဖြစ်မှဖြစ်ရလေဗျာ"

"နင်တို့က လှရီကို အကောင်းထင်နေကြတာကိုး၊ လှရီက အောက်လမ်းဆရာကို ငွေပေးပြီး သရဲတစ်ကောင် မွေးတာဟဲ့၊ ထွန်းကြည် မယားငယ်ကို သတ်ဖို့ကြံတာ၊ သရဲကို အစာကျွေးတာ ရက်မမှန်လို့ သူမွေးတဲ့သရဲက သူ့ကို ပြန်သတ်ပြီး သူ့အူတွေ အသည်းတွေကို ထုတ်စားသွားတာ တာတေရဲ့"

"ဟာ…ကျုပ်ဖြင့် ထင်ကို မထင်တာပါဗျာ"

"အဲဒီအကောင်ကြီးနေရာမှာ လှရီက ဝင်နေရတာ၊ ဟိုသရဲက မရှိတော့ဘူး ထွက်သွားပြီ၊ မန်ကျည်းပင်မှာ လှရီက သူ့ရဲမကြီးဖြစ်ပြီး ကျန်ခဲ့တာဟေ့၊ အခု သူကိုယ်တိုင် သရဲမဖြစ်တော့ ထွန်းကြည်ကိုရော မယားငယ်ကိုပါ သတ်ဖို့ ကြံနေတာဟေ့ သိပြီလား၊ သူ့ရဲ့ လက်ဝတ်လက်စားတွေကို ထွန်းကြည်က သူ့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မယားငယ်ကို ဆင်ထားတော့ လှရီသရဲမက ပိုပြီးစိတ်နာလာလို့ အိမ်ထဲမှာ ဝုန်းဒိုင်းကျဲနေတာဟဲ့ တာတေရဲ့"

"အဲဒါ ဘယ်လိုရှင်းရမှာတုံးဗျာ"

"နင် မပူနဲ့ တာတေ၊ သန်ဘက်ခါဆိုရင် နင့်ဆရာ ဘိုးလူပေ ရောက်လာလိမ့်မယ်"

"ဗျာ၊ ဟုတ်လား မဖဲဝါ၊ ဘိုးလူပေ လာမယ် ဟုတ်လား"

မဖဲဝါက ကျုပ်မေးတာကို ဘာမှပြန်မပြောတော့ဘူးဗျ။ ဒီမှာတင် ကျုပ်က မဖဲဝါကို မေးလိုက်တယ်။

"မဖဲဝါ ကျုပ် တစ်ခုမေးပါရစေဗျာ၊ အရီးလှရီကို ဘိုးလူပေ မပါဘဲ မဖဲဝါအမိန့်နဲ့ ခေါ်ထုတ်သွားရင် မရဘူးလား"

"တာတေ၊ လှရီသရဲမက အစွဲတွေရော၊ ရန်ငြိုးတွေရော အင်မတန်ကြီးတာဟဲ့၊ သူက ထွန်းကြည်ကို မပြောသာလို့ မပြောခဲ့ပေမယ့် စိတ်ထဲက နည်းနည်းမှကို ကျေနပ်တာ မဟုတ်ဘူး၊ ဒီလင်မယားကို သေကြောင်းကြံဖို့ အမြဲစိတ်ကူးနေတာ၊ ကလေးရော လင်မယားနှစ်ယောက်စလုံးရော သတ်ပစ်ပြီး ပစ္စည်းတွေ အကုန်လုံး အပိုင်စီးဖို့ အကြံနဲ့ သရဲကြီးတစ်ကောင်ကို မန်ကျည်းပင်မှာ နေခိုင်းပြီး တိတ်တိတ်ကလေး အမဲသားအစိမ်းတွေ ကျွေး





နေတာ။ သရဲကို သူတော်တော်ပိုင်လာပြီ၊ အဲဒီအချိန်မှာ သူကျွေးရမယ့်ရက်ကို သတိမေ့ပြီး တစ်ရက်ပဲကျော်သွားတာ၊ သူမွေးတဲ့ သရဲက ဒေါသူပုန်ထပြီး လှရီကို အုန္နတ်စားပစ်တာဟဲ့။ ဒီကောင်မ လှရီသရဲမက ပစ္စည်းစွဲရော၊ ရန်ငြိုးတွေ၊ ဒေါသတွေရောနဲ့ကို မိသားစုကို သတ်ဖို့ ကြိုးစားနေတာ၊ နိုင်နင်းတဲ့ ဆရာနဲ့မှ အဲဒီ နေရာကနေ ဆွဲထုတ်လို့ရမှာ၊ ဒီအတိုင်းကတော့ ရမှာမဟုတ်ဘူး တာတေ"

"ဩော်...ဒီလိုကိုး၊ ကျုပ် သိပြီ မဖဲဝါ၊ ဘိုးလူပေအလာကို ကျုပ် စောင့်ပါ့မယ်"

မဖဲဝါလည်း ပြန်သွားရော ကျုပ်တို့လည်း ပြန်ခဲ့ကြတာပေါ့ဗျာ။ နောက်တစ်နေ့ရောက်တော့ ဘထွေးထွန်းကြည်ကို ဆရာတော့်ကျောင်း လာခဲ့ဖို့ လူလွှတ်ခေါ်ခိုင်းပြီး ဆရာတော့်ရှေ့မှာတင် အကျိုးအကြောင်း ပြောပြလိုက်ရတယ်။

ကျုပ်ပြောတာကြားတော့ ဘထွေးက အံ့ဩလွန်းလို့ ပါးစပ်ဟောင်းလောင်းတောင် ဖြစ်သွားတယ်ဗျို့။

"ဟုတ်ရဲ့လား မောင်တာတေရယ်၊ ကျုပ်မိန်းမ လှရီဆိုတာ ဟုတ်ရဲ့လားကွ"

လို့ ကျုပ်ကို ပြန်မေးတယ်ဗျ။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



"ဘထွေး၊ ကျုပ် မဖဲဝါကို ပင့်ပြီး မေးခဲ့တယ်၊ မဖဲဝါ ပြောတာ လွဲစရာမရှိပါဘူး ဘထွေးရာ"

ဘထွေး ငြိမ်သွားရောဗျို့။ ဆရာတော်ကိုယ်တိုင်လည်း အံ့သြလွန်းလို့ ဘာပြောရမှန်းတောင် မသိသလိုဖြစ်သွားတာပေါ့ဗျာ။

"ဒါဆို ဒကာကြီး၊ ကျုပ် တစ်ခု လုပ်ကြည့်ချင်သေးတယ်"

"မှန်လှပါ၊ မိန့်ပါဘုရား၊ တပည့်တော်တော့ ခေါင်းတွေ ပူထူပြီး ဘာလုပ်ရမှန်း မသိတော့ပါဘူးဘုရား"

"မနက်ဖြန် အရုဏ်ဆွမ်းကပ် ဒကာကြီးရာ၊ ကျုပ်နဲ့ သံဃာလေးပါး ပေါင်း ငါးပါးပင့်ပေါ့၊ ဒကာမကြီး မလှရီကို ရည်စူးပြီး ကပ်ပါ၊ ကျုပ်က ဒကာမကြီးကို ခေါ်ပြီး တရားဟောပါ့မယ်၊ ဒကာမကြီးက ကျုပ်ဟောတဲ့တရားကို နာရတာ ရင်ထဲ အေးလိုက်တာလို့ ကျုပ်ကို လျှောက်ဖူးတယ်ဗျ"

"ကောင်းပါပြီဘုရား၊ ဒါဆိုရင် တပည့်တော် အခုပဲ ပြန်ပြီး အိမ်မှာ ဆွမ်းချက်ဖို့ စီစဉ်လိုက်ပါမယ်၊ သက်န်းလည်း ဝယ်ခိုင်းလိုက်မယ်ဘုရား"

"အေး ကောင်းတယ် ဒကာကြီး၊ ပြန် ပြန်"

လို့ ဆရာတော်က မိန့်လိုက်တော့ ဘထွေးထွန်းကြည်





ပြန်သွားတယ်ဗျ။

"တာတေ၊ မင်း ဘယ်လိုလုပ်မယ် စိတ်ကူးထားတုံး"

"ဆရာတော်ဘုရား၊ သန်ဘက်ခါလောက်ဆိုရင် ဆရာကြီး ဘိုးလူပေ ကြွလာမယ်လို့ မဖဲဝါ ပြောလိုက်ပါတယ်ဘုရား၊ အဲဒီတော့မှ ဆရာကြီးကို အကျိုးအကြောင်း ပြောမယ်လို့ တပည့်တော် စိတ်ကူးထားပါတယ်ဘုရား"

"အေးလေ၊ ဆရာဆိုတာကတော့ သူ့ပညာနဲ့ ကြိမ်းမောင်းနှင်ထုတ်မှာပေါ့လေ၊ ခဏနေပါဦး တာတေရာ၊ ဒကာမကြီး မလှရီက ဆရာတော့် ဆွမ်းဒကာမကြီးပါ၊ ဒကာမကြီး ဒီဘဝ ရောက်တာကို ဆရာတော် တော်တော်ကို စိတ်မကောင်းဖြစ်မိတယ်ကွယ်၊ ဆရာတော် ကြိုးစားပြီး ကျွတ်လွတ်အောင် လုပ်ကြည့်ချင်သေးတယ်"

"မှန်လှပါဘုရား"

ကျုပ်လည်း အိမ်ပြန်လာခဲ့တယ်။ အဲဒီညက ကျုပ်နဲ့ ကာလသားတချို့ ဘထွေးထွန်းကြည်အိမ်မှာ ဝိုင်းပြီး ချက်ကြ ပြုတ်ကြနဲ့ ကူလုပ်ရင်း အိပ်လိုက်တယ်။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

ရယ်သံကြီးဗျ။ ညသန်းခေါင်ကျော်လောက်မှာ ကြားရ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တာ။ ကျုပ်တို့အားလုံး တုံးလုံးလုဲပြီး မှေးနေရာကနေ ချက်ချင်း ထထိုင်လိုက်ကြတယ်။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

ဟော ရယ်သံကြီး ထပ်ပေါ်လာပြန်ပြီဗျို့။ အိမ်နောက် ဘက်ကဗျ။

"တာတေ၊ ဒါ မီးဖိုချောင်ထဲက အသံလား"

ပုရစ်က မေးတာဗျ။ ဒီကောင်က နဂိုကတည်းကမှ မျက်လုံးက ပြူးပြူးလေဗျာ။ အခု ကြောက်နေတော့ မျက်လုံးကြီး တွေက ပိုပြီးပြူးနေသလိုပါပဲဗျာ။

"ဟော့ကောင် ပုရစ်၊ မင်းမျက်လုံးကြီးတွေ နည်းနည်းမှေး ထားစမ်းကွာ၊ အရေးထဲမှာ မင်းမျက်လုံးတွေ တွေ့ရတာ ပိုပြီး ကြောက်လာပြီကွ"

ဟန်တင့်က ပုရစ်ကို ပြောတာဗျ။ အားလုံးက နားတွေ စွင့်နေကြတာ။ ဘထွေးတို့ မိသားစုလည်း နားထောင်နေကြတာ ပေါ့ဗျာ။ ချက်တဲ့ပြုတ်တဲ့ လူတွေလည်း အားလုံး တွေပြီးနား ထောင်နေကြတာဗျို့။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

ရယ်သံကြီး ထပ်ပေါ်လာပြန်ပြီဗျို့။ ဒီတစ်ခါတော့ ကျုပ်





မှန်းမိသွားပြီဗျ။ ဒါ အိမ်သာနားက မန်ကျည်းပင်ကြီးပေါ်က အသံပဲ။

"ဟား၊ ဟား၊ ဟား၊ အကုန်လုံး သတ်မယ်"

အို…ဘယ်လိုအသံကြီးပါလိမ့်ဗျာ။ ယောကျ်ားသံလား၊ မိန်းမသံလား ဆိုတာတောင် ခွဲလို့မရဘူးဗျ။ နောက်ထပ်တော့ မကြားတော့ဘူးဗျ။ ကျုပ်က လူတွေ အိမ်နောက်ဘက်ကို မသွားဖို့ သတိပေးလိုက်တယ်။ မန်ကျည်းပင်ကြီးနားကို လုံးဝမကပ်ဖို့လည်း ထပ်ပြောလိုက်တယ်။

ကျုပ် မနက်စောစော သံဃာတွေ မကြွခင် အိမ်ပြန်ပြီး မျက်ကွင်းဆေး ကွင်းလိုက်တယ်။ ကျုပ် ပြန်ရောက်တော့ ဆရာ တော်နဲ့ သံဃာတွေတောင် ဆွမ်းဘုဉ်းနေကြပြီဗျ။ ဘထွေးက ညက ကြားတဲ့ အသံကြီးအကြောင်း ဆရာတော်ကို ခပ်တိုးတိုး လျှောက်နေတယ်ဗျ။ ဆရာတော်ကတော့ ဘာမှမပြောဘဲ ခေါင်းပဲ ညိတ်ပြတယ်။ မျက်နှာတော့ တော်တော်ကို မကောင်းတာဗျ။ ဆရာတော်က အလွတ်လာတာတော့ မဟုတ်ဘူးဗျို့။ ဆရာတော် ထိုင်တဲ့ နောက်တည့်တည့်က ဘုရားခန်းမှန်မှာ သစ်စုန်းတောင်ဝှေး ထောင်ထားတယ်ဗျ။ ဆရာတော် သစ်စုန်းတောင်ဝှေး ယူလာတာ ပဲ။ ခင်ဗျား မှတ်မိသေးလား၊ ဆရာစိုင်းနွံဖက ကျုပ် နှုတ်ပေးခဲ့တဲ့

www.burmeseclassic.com



သစ်စုန်းပင်ကနေ ဆရာတော်အတွက် တောင်ဝှေးတစ်ချောင်းနဲ့ ကျုပ်အတွက် သစ်စုန်းဆေးတောင့်တစ်တောင့် ပေးခဲ့တာလေဗျာ။ (ကိုယ်တွေ့မဖဲဝါ စာအုပ်ထဲက မျက်ကွင်းဆေးဝတ္ထုမှာ ပြန်ဖတ်ကြည့်ဗျာ)။

ဆွမ်းတွေဘာတွေ ဘုဉ်းပြီးတော့ ဆရာတော်ကို သင်္ကန်း လှူတယ်။

"ကဲ ဒကာတို့၊ ဒကာမတို့ နောက်ကို နည်းနည်းဆုတ် ထိုင်ကြ၊ ကျုပ် ဒကာမကြီး မလှရီကို တရားနာဖို့ ခေါ်မလို့"

လူတွေအားလုံးက နောက်ကို ဆုတ်သွားကြတယ်၊ ဘထွေးထွန်းကြည်နဲ့ သူ့မိန်းမ မလှရီက ရှေ့မှာ ထိုင်နေကြတယ်။ ရေစက်ချဖို့ပေါ့ဗျာ။

"ဒကာမကြီး ဒေါ်လှရီ ရောက်ရာနေရာဌာန၊ ဘုံဘဝက နေ ဒီနေရာ ဒီဌာနကို အခုချက်ချင်း လာပါ၊ ဆရာတော် ဟောတဲ့ တရားကို နာယူပြီး သာဓုအနုမောဒနာ ခေါ်ဆိုဖို့ လာခဲ့ပါ၊ ဒီနေ့ လှူဒါန်းတဲ့ အလှူဟာ ဒကာမကြီးကို ရည်စူးပြီး ဒကာမကြီးရဲ့ ခင်ပွန်းဟောင်းက လှူဒါန်းတဲ့ အလှူဖြစ်ပါတယ်၊ အလှူရှင်ဖြစ် တဲ့ ဒကာမကြီး ကြွရောက်ဖို့ လိုပါတယ်"

"ဝုန်း"





"ဟဲ့ သောက်ခွေး" "ဟဲ့ ကာလမကြွ"

ဟာ ဘထွေးရဲ့ ဒုတိယဇနီး မလှရီကို ဝင်ပူးတာဗျို့။ မလှရီက အသားတွေ တဆတ်ဆတ်တုန်ပြီး ကြမ်းပြင်ကို လက်ဝါး နဲ့ 'ဝုန်း' ကနဲ ရိုက်ချလိုက်တာဗျ။ လူတွေဆိုတာဗျာ၊ လန့်ပြီး အော်လိုက်ကြတာ မပြောပါနဲ့တော့ဗျာ။ အိမ်ထဲမှာ ဆူညံသွားရော ဗျို့။

"အခုရောက်လာတာ ဘယ်သူတုံး၊ ဒကာမကြီး ဒေါ်လှရီ ဟုတ်ရဲ့လား"

ကျုပ် ဆတ်ကနဲ လှည့်ကြည့်လိုက်ကတည်းက မြင်နေပြီး သားပါဗျာ။ ခေါင်းက ဆံပင်ကြီးက ဖားလျားကြီးဗျ။ မျက်နှာကြီး ပေါ်မှာ အက်ကွဲနေတဲ့အရာကြီးတွေနဲ့ပါဗျာ။ မျက်လုံးကြီးတွေက အပြင်ကို ကျွတ်ထွက်တော့မလိုကို ပြူးနေတာဗျ။ လက်မှာလည်း လက်သည်းရှည်ကြီးတွေက တိရစ္ဆာန်လက်သည်းတွေလိုပဲဗျာ။ အရွယ်အစားက လူထက် နှစ်ဆလောက်ရှိတယ်။ ပါးစပ်ကြီးက လည်း လူပါးစပ်ထက် အများကြီး ပိုကျယ်တယ်။ ပါးစပ်ထဲက လျှာနီနီရဲရဲကြီးက အထဲဝင်သွားလိုက်၊ တွဲလောင်းကြီး ကျနေ လိုက်နဲ့ ကျုပ်တောင် လန့်ပြီး နောက်ကို မသိမသာ ဆုတ်လိုက်မိ တယ်။ ကျုပ်က ဆရာတော့်အနားမှာ ထိုင်နေရတာလေဗျာ။ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



တော် ထိုင်နိုင်းထားတာဗျ။

တခြားလူတွေကတော့ သရဲမ ဒေါ်လှရီကို မတွေ့ရဘူးပေါ့ဗျာ။ သူတို့ကတော့ အသားတဆတ်ဆတ် တုန်နေတဲ့ မလှရီကို မြင်ကြတာပေါ့။ ဆရာတော်ကိုယ်တိုင်လည်း မလှရီကိုပဲ မြင်မှာပဲပေါ့။ ကျုပ်ကတော့ မျက်ကွင်းဆေး ကွင်းထားတာကိုးဗျ။

"ဒကာမကြီး ဒေါ်လှရီဆိုရင် ဆရာတော့်စကားကို နားထောင်ပါ"

"လှရီ ဟုတ်တယ်၊ နားမထောင်ဘူး၊ ဒင်းတို့ အကုန်လုံးကို သတ်တော့မှာ၊ ဒီအချိန်ထိ စောင့်နေရတာ၊ ဒီအကောင်လျှုတဲ့ အလှူကိုလည်း သာဓုမခေါ်ချင်ဘူး၊ ဒီအကောင်ကို အရင်သတ်မယ်၊ ပြီးရင် ဟောဒီကောင်မကို ဟောဒီလို ဟောဒီလို"

"ဒုန်း" "ဒုန်း" "ဟာ" "ဆွဲကြပါဦး"

မလှရီက သူ့နဖူးကို ကြမ်းပြင်နဲ့ 'ဒုန်း'ကနဲ 'ဒုန်း'ကနဲ မြည်အောင် ကုန်းပြီးဆောင့်တာဗျ။ တကယ်တော့ မလှရီ ဆောင့်တာ ဘယ်ဟုတ်မှာတုံးဗျာ။ သရဲမကြီး ဒေါ်လှရီက ဆောင့်နေတာပေါ့။

"ပြီးတော့ ဟောဒီလို ဆံပင်ဆွဲပြီး ပါးကို ဟောဒီလို ဟောဒီလို ချမယ်"





"ဖျန်း၊ ဖျန်း၊ ဖျန်း"

"အောင်မယ်လေး ဆွဲကြပါတော့၊ လှရီလေး သေသွားပါတော့မယ်၊ ဟဲ့ တာတေ၊ နင် ဘာလုပ်နေတာတုံး ဆွဲလေ"

မလှရီက သူ့ဆံပင်သူဆွဲပြီး သူ့ပါးကို သူ့လက်နဲ့ တဖျန်းဖျန်း ရိုက်နေတာဗျို့။

ဘထွေးက ချက်ချင်းထပြီး မလှရီကို ချုပ်ထားတယ်။

"ဟဲ့ အလှ၊ အလှ သတိထားလေ၊ သတိထား"

"ဘာအလှတုံး၊ ကဲဟာ၊ ခွေးကြီး နင် အရင်သေရမယ်၊ ကဲဟာ"

မလှရီကို ချုပ်ထားတဲ့ ဘထွေးကို ဆောင့်တွန်းပစ်လိုက်တာ ဘထွေးဆိုတာ နောက်ကို လန်ကျသွားရောဗျို့။ ဘထွေးက လူလုံးလူထည်ကြီးကြီး ထွားထွားကျိုင်းကျိုင်းလူဗျ။ ဒါကိုတောင် လွင့်ထွက်သွားအောင် တွန်းပစ်နိုင်တဲ့အားက နည်းတာမှတ်လို့ဗျာ။

အရီးမလှရီ သေတာ တစ်နှစ်ရှိပြီဗျ။ တစ်နှစ်အတွင်းမှာ ဒီလောက် အကောင်ကြီး ကြီးပြီး အားတွေ တအားသန်သွားတာပဲကိုး။

"တာတေ၊ ရှေ့ သစ်စုန်းတောင်ဝှေးနဲ့ ထိန်းတော့၊ မရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က ဘုရားခန်းမှာ မီးထောင်ထားတဲ့ သစ်စုန်းဆေးတောင်ဝှေးကို ယူပြီး ကျုပ်လက်ထဲကို ထည့်လိုက်တယ်။ ဆရာတော်က ရဟန်းဝိနည်းရှိတော့ ဘာမှမလုပ်ဘူးပေါ့ဗျာ။ ကျုပ်က သစ်စုန်းတောင်ဝှေးကိုယူပြီး သရဲမကြီးရဲ့ ခေါင်းပေါ်မှာ ဝှေ့ရမ်းလိုက်ရောဗျို့။

"အောင်မယ်လေး၊ ကြောက်ပါပြီဘုရား၊ ကြောက်ပါပြီ"

ချက်ချင်းကို ထပြီးအော်တော့တာဗျို့။ အော်တဲ့အသံကြီးကလည်း ကြောက်စရာကြီးပါဗျာ။ အသံကွဲကွဲကြီးနဲ့ လူသံနဲ့လည်း မတူဘူးဗျ။ တိရစ္ဆာန်ကြီး တစ်ကောင်ရဲ့ အသံလိုမျိုးကြီးပေါ့ဗျာ။

သစ်စုန်းတောင်ဝှေးကိုင်ပြီး ရပ်နေတဲ့ ကျုပ်ကို မျက်လုံးပြူးပြူးကြီးနဲ့ တစ်ချက်လှမ်းကြည့်ပြီး…

"တာတေ အရီးပါဟဲ့၊ အရီးပါ၊ အဲဒီဟာကြီး ဘေးကိုဖယ်လိုက်ပါ၊ အရီး အနေရခက်လွန်းလို့ပါ၊ နင် မသိဘူးနော်တာတေ၊ ဒီအကောင် ထွန်းကြည် ငါ့အပေါ်မှာ ဘယ်လောက်ရက်စက်တယ်ဆိုတာ နင် မသိဘူးဟဲ့၊ ဟီး၊ ဟီး၊ ဟီး"

ဟာ သရဲမကြီး ငိုပြီဗျို့။

"ငါ့မှာ ကြိတ်မှိတ်ခံခဲ့ရတာ၊ မယားငယ်လေးကို အိမ်





ပေါ်ခေါ်တင်လာပြီး ငါ့ရှေ့မှာ ပလူးပလဲ လုပ်နေတာ၊ ငါ့အသည်းတွေ နှလုံးတွေကို ဓားနဲ့ မွှန်းနေသလိုကို ငါခံခဲ့ရတာ၊ နောက်ဆုံးမခံနိုင်တော့ အစွမ်းထက်တဲ့ ဆရာတစ်ယောက်ကို ကြိတ်ရှာပြီးငွေပုံပေး၊ သရဲအကောင်ကြီးတစ်ကောင် ရှာခိုင်း၊ မန်ကျည်းပင်ပေါ် တင်ထားပြီး အစာမှန်မှန် ကျွေးထားတယ်။ ဒင်းတို့သုံးယောက်စလုံးကို သတ်ပြီး အပြတ်ရှင်းဖို့ ငါကြံခဲ့တာ၊ ဒါပေမဲ့ ငါမွေးတဲ့သရဲက သူ့ကို အစာကျွေးဖို့ တစ်ရက်ကလေးကျော်သွားတာနဲ့ ငါ့ကို အူတွေ အသည်းတွေ နှုတ်ပြီး စားသွားတယ်။ သူ့နေရာကို ငါက ဝင်ရတယ်။ ဒါကြောင့် ငါ့မှာ ချက်ချင်း ဒီလိုသရဲမကြီးဖြစ်ခဲ့ရတာလေ၊ ဒါပေမဲ့ ငါ ဝမ်းမနည်းဘူး၊ ဒင်းတို့ကို ငါ့လက်နဲ့ကိုယ်တိုင်ကိုယ်ကျ သတ်ရမှာဆိုလို့ ဝမ်းတောင်သာသေးတယ်၊ အခု ငါသတ်နိုင်တဲ့ အချိန်ရောက်ပြီ၊ ငါ့ကိုလည်း အလှည့်ပေးကြပါဦး တာတေရယ်၊ အရီး ခံခဲ့ရတာတွေကို တွေးကြည့်ပါဦး၊ သတ်မယ်၊ သတ်မယ်"

ဟာ ပြောရင်းကနေ သရဲမကြီး ဒေါသတွေ ပေါက်ကွဲပြီး ထအော်ပြန်ရောဗျို့။

"တာတေ၊ သူ့နေရာ ပြန်ခိုင်းလိုက်တော့"

ကျုပ်က သရဲမကြီးရဲ့ခေါင်းကို သစ်စုန်းတောင်ဝှေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဖြည်းဖြည်း ခေါက်လိုက်တယ်။

"အောင်မယ်လေး၊ မလုပ်ပါနဲ့ တာတေရယ်၊ အရိုး ခေါင်းတွေ ကွဲထွက်ပါတော့မယ်"

"ကဲ အရိုး၊ အရိုးနေတဲ့ နေရာကိုပြန်တော့၊ အဲဒီက ဆရာတော့်တရားကို နာပါ၊ သာဓုခေါ်လိုက်ပါတော့ အရိုးရယ်"

ကျုပ်က ပြောပြောဆိုဆိုနဲ့ သစ်စုန်းတောင်ဝှေးကို ပြန် သိမ်းလိုက်တယ်။

"ဝုန်း"

ဟော သရဲမကြီး ထွက်သွားပြီဗျို့။ မလှရီ 'ဝုန်း' ဆို လဲကျသွားတာဗျို့။ ဘထွေးက သူ့မိန်းမကို ပြေးပွေ့တယ်။ ကျုပ် က ရေတစ်ခွက် မြန်မြန်ခပ်ပြီး သစ်စုန်းတောင်ဝှေးနဲ့ မွှေတယ်။ အဲဒီရေနဲ့ မလှရီကို တောက်လိုက်တော့ မလှရီ ချက်ချင်းသတိရပြီး ထထိုင်တယ်။ သူ ဘာကိုမှ မသိလိုက်ဘူးဗျ။ ကျန်တဲ့ရေကို ကျုပ်က မလှရီဆီ ကမ်းပေးလိုက်ပြီး သောက်ခိုင်းလိုက်တယ်။ ကိုယ်ပေါ်မှာ မကောင်းတာတွေ ကပ်မနေအောင်ပေါ့ဗျာ။

လူတွေကတော့ တွတ်တွတ် တိုးတိုး တိုးတိုးနဲ့ ပြောနေ ကြတာပေါ့ဗျာ။

"ထွန်းကြည် မကောင်းတာ၊ ဒင်း မကောင်းလို့ မလှရီ





ဒီဘဝ ရောက်ရတာ၊ ဒင်း တရားခံ"

တချို့ဘွားတော်ကြီးတွေက ပြောရင်း မျက်ရည်ကျကြ တယ်။ ဆရာတော်က တရားကို ခပ်တိုတိုပဲဟောပြီး ရေစက်ချ၊ အမျှဝေတယ်။ သာဓု ခေါ်ကြတယ်။ သရဲမကြီး ဒေါ်လှရီကတော့ သာဓု ဘယ်ခေါ်မှာတုံးဗျာ။ သူက ဘထွေးတို့ကို သတ်ကိုသတ်မှာ ဗျ။ အခုပုံစံဆိုရင် ဘထွေးတို့ထဲက ကံအနိမ့်ဆုံးလူကို စပြီးသတ် မှာပဲဗျို့။

"တာတေ ဒီကို လာဦး"

ဆရာတော်က ကျုပ်ကို သူ့အနားခေါ်တယ်။ ကျုပ်က ဆရာတော့် ဆေးတောင်ဝှေးကို ပြန်အပ်လိုက်တယ်။

"အခြေအနေက မကောင်းဘူး တာတေ၊ မကြာခင်မှာ ဒကာကြီးတို့မိသားစုကို ဒုက္ခပေးတော့မှာ သေချာတယ်၊ ဆရာ တော် ပြောလို့လည်း မရတော့ဘူး၊ ဒီတော့ မနက်ဖြန် ဘိုးလူပေ လာရင် လုပ်စရာရှိတာ လုပ်ကြပေတော့"

ဆရာတော်က တော်တော်ကို မျက်နှာမကောင်းတာဗျ။ ကျုပ်ကို ပြောပြီးတာနဲ့ ကျောင်းကို ပြန်ကြွသွားတယ်။

သိလိုက်တဲ့ မဖဲဝါဗျာ။ သူပြောတဲ့အတိုင်းပဲ၊ နောက် တစ်နေ့မှာ ဘနဲ့ဘွေးကုန်းကို ဘိုးလူပေ ရောက်လာတယ်။ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားတော့ ဘိုးလူပေက ပြုံးပြီးနှုတ်ဆက်တယ်။ ဘိုးလူပေကတော့ အရင်ပုံစံအတိုင်းပဲဗျ။ ဘာမှကို မပြောင်းလဲဘူး။ အိုလည်း အိုမသွားဘူး။

"အထက်က ခိုင်းတဲ့ကိစ္စတစ်ခု ဆောင်ရွက်ပြီး ပြန်လာတာကွဲ့ မောင်တာတေရဲ့၊ မင်းကို သတိရတာနဲ့ ဒီဘက်ကို လှည့်ဝင်လာတာ၊ တခြားအကြောင်းကိစ္စ မရှိပါဘူး"

"ဒီမှာတော့ အကြောင်းကိစ္စ ရှိနေတယ် ဆရာကြီး"

"ဩော် ဟုတ်လား၊ ဘာများတုံး မောင်တာတေ"

ကျုပ်က ဘထွေးထွန်းကြည်အကြောင်းကို အစကနေ အဆုံးအထိ ပြောပြလိုက်တယ်။

"အင်း…ကျုပ်တို့ ဒီည လုပ်မှဖြစ်မှာ မောင်တာတေ၊ ကျုပ်ရောက်လာတာ အံကိုက်ဖြစ်သွားတယ်၊ မနက်ဖြန်ဆိုရင် သရဲမကြီးက သူတို့တစ်အိမ်လုံးကို သတ်တော့မှာ"

"ဟာ ဟုတ်လား ဆရာကြီး"

"ကဲ ညကျတော့ လုပ်ကြတာပေါ့ကွယ်"

ကျုပ်က ထနောင်းကုန်းကို ပြန်ပြေးပြီး ဘထွေးကို တိုးတိုးပြောရတယ်။ ဒီည လာမယ့်အကြောင်း၊ အားလုံး သတိနဲ့နေဖို့အကြောင်းပေါ့ဗျာ။





ညရောက်တော့ ဘိုးလူပေကို ပင့်ပြီး ကျုပ် ထနောင်းကုန်းကို လာခဲ့တယ်။

"မလုပ်နဲ့ ဆရာ၊ ကျုပ်ကို ဘာမှမလုပ်ပါနဲ့၊ ကျုပ် ဒီအကောင်နဲ့ ဒီကောင်မကို သတ်စမ်းပါရစေ ဆရာရယ်၊ ဟီး၊ ဟီး၊ ဟီး၊ ဟီး၊ ကျုပ်က ခံခဲ့ရတဲ့သူပါ ဆရာရဲ့"

ဘိုးလူပေနဲ့ ကျုပ်နဲ့ ဘထွေးထွန်းကြည်ရဲ့ ဝိုင်းထဲကို ဝင်လိုက်တာနဲ့ အသံကြီး ထွက်လာတာဗျို့။ ကျုပ်က မျက်ကွင်းဆေး ကွင်းထားလို့ ကြားတာလားလို့ ဘိုးလူပေကို အကဲခတ်ကြည့်လိုက်တော့ ဘိုးလူပေက တုံ့ကန် ရပ်လိုက်ပြီး…

"မောင်တာတေ၊ အကောင်တော်တော်ကြီးပြီး အစွမ်းတွေလည်း တော်တော်ရှိနေတာပဲကွဲ့၊ ဒီလူတွေ ခုထိ မသေသေးတာကိုက အံ့သြစရာ ဖြစ်နေတာပဲကွယ်"

ကျုပ်တို့ အိမ်ပေါ်ရောက်တော့ အိမ်ပေါ်မှာ ကာလသားတွေရော လူကြီးတွေရော ရောက်လို့ဗျ။ မိန်းမတွေ မလာရဘူး။

အိမ်ပေါ်ရောက်တာနဲ့ ဘိုးလူပေက အချိန်မဆိုင်းဘူးဗျ။ သရဲမကြီးကို အမိန့်နဲ့ ချက်ချင်းခေါ်တယ်။

"ဝုန်း"

မလှရီကို ဝင်ပြီးပူးပြန်ပြီဗျို့။ ကျုပ်ကတော့ မျက်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



ဆေး ကွင်းထားတော့ သရဲမကြီးကို မြင်နေရတာပေါ့ဗျာ။

"ကဲ ဒေါ်လှရီ၊ ဆရာ တိုတိုနဲ့ လိုရင်းပဲပြောမယ်၊ ဒီမိသားစုကိုရော ဟောဒီရွာသူရွာသားတွေကိုရော ဘာအနှောင့်အယှက်မှ မပေးဘူးဆိုရင် အခု နင်နေတဲ့နေရာမှာပဲ ဆက်နေခွင့်ပြုမယ်၊ ဒီလိုမှ ကတိမပေးနိုင်ရင်တော့ အခုချက်ချင်းပဲ ဒီရွာထဲကနေ ထွက်သွားရလိမ့်မယ်၊ ဆရာတို့ကို ပေးထားတဲ့ ကတိကိုဖျက်ရင် ဘယ်လိုဖြစ်မယ်ဆိုတာတော့ သိမှာပေါ့လေ။ ကဲ ဘယ်လိုတုံး၊ မနှောင့်ယှက်ပါဘူးလို့ ကတိပေးမလား"

"မပေးဘူး ဆရာ၊ ကျုပ် ကတိမပေးဘူး၊ အခု မသတ်ရရင်တောင် နောင်သတ်မယ်၊ ကျုပ် အခြေအနေပေးတဲ့အထိစောင့်ပြီး သတ်ကို သတ်မှာ၊ ဒင်းတို့ အူတွေ အသည်းတွေကို ကျုပ် နှုတ်ပြီး စားကို စားမှာ"

ဟာ ကျုပ်တောင် အံ့သြသွားတာဗျို့။ ဘိုးလူပေလို ပုဂ္ဂိုလ်ကိုတောင် မလျှော့ဘူးဗျာ။ အရိုးမလှရီရဲ့ ရန်ငြိုး ဘယ်လောက်ကြီးတယ်၊ အမုန်း ဘယ်လောက်ကြီးတယ်ဆိုတာ ကျုပ် ဖြင့် တွေးတောင်မတွေးတတ်တော့ပါဘူးဗျာ။

သရဲမကြီး ပူးနေတဲ့ မလှရီကတော့ အသားတွေ တဆတ်ဆတ်တုန်လို့ပေါ့ဗျာ။





ဘိုးလူပေက မတ်တတ်ထရပ်ပြီး အမိန့်ပြန်တယ်။

"သင်္ချိုင်းစောင့် မဖဲဝါ၊ ဒီအမိန့်ကို ကြားသိစေရမယ်၊ သင်ပိုင်တဲ့ သင်္ချိုင်းမှာ မြုပ်နှံသင်္ဂြိုဟ်တဲ့ သေသူတို့ရဲ့ ဝိညာဉ်ဟာ သင်နဲ့ဆိုင်တယ်၊ လှရီရဲ့ ဝိညာဉ်ကို အခုချက်ချင်းခေါ်ပြီး သင့်လျော်ရာ နေရာတစ်ခုမှာ ထားလိုက်ပါ၊ ဒီရွာအတွင်း၊ ဒီအိမ်အတွင်းကို ဘယ်သောအခါမှ မလာစေရ၊ ဘိုးလူပေ အမိန့်"

"နေနှင့်ကြဦးပေါ့ဟယ်၊ တစ်နေ့တော့ တွေ့ကြရမှာပေါ့၊ ဟင်း ဟင်း ဟင်း"

.သရဲမကြီးက ကြိမ်းတယ်ဗျို့။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး၊ အီး"

ဟာ ဘိုးလူပေရဲ့ အမိန့်ပြင်းချက်တော့ဗျာ။ မဖဲဝါ ချက်ချင်းကို လာနေပြီဗျို့။ မဖဲဝါရဲ့ ခွေးနက်ကြီး အသံကို ကျုပ်ကြားနေရပြီ။

"အီး၊ အီး၊ အား၊ အီး"

ဟော မဖဲဝါ ဝိုင်းရှေ့မှာ ရောက်နေပြီဗျို့။ ဘိုးလူပေက ကျုပ်ကို လှည့်ကြည့်တယ်။ ကျုပ်က ခေါင်းညိတ်ပြလိုက်တော့..

"ကဲ လှရီ၊ နင့်ကို ခေါ်မယ့်သူ ရောက်ပြီ၊ အခုချက်ချင်း လိုက်သွားပေတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်း"

ဟာ မလှရီ လဲကျသွားပြီဗျို့။ ဘိုးလူပေက အသင့်လုပ်ထားတဲ့ရေနဲ့ မလှရီမျက်နှာကို တောက်လိုက်တယ်။ ချက်ချင်းကို ထထိုင်တော့တာပါပဲဗျာ။

"ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

မဖဲဝါရဲ့ ခွေးနက်ကြီး အူသံက တဖြည်းဖြည်းနဲ့ အနောက်ဘက်ကို ရောက်သွားပြီဗျို့။

"ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး"

ဟော တဖြည်းဖြည်းနဲ့ ရွာအပြင်ကို ရောက်သွားတဲ့ အသံဗျ။

"ကဲ အန္တရာယ်အားလုံးက ကင်းရှင်းပါပြီ၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ နေကြပေတော့ဗျာ၊ သာသနာတော်ကြီး အဓွန့်ရှည်ဖို့ကိုလည်း ဝိုင်းဝန်းဆောင်ရွက်နိုင်ကြပါစေ"

ဘထွေးထွန်းကြည်က ဘိုးလူပေကို စက္ကူနဲ့ ပတ်ထားတဲ့ ငွေစက္ကူတစ်ထပ်ယူပြီး ဘိုးလူပေကို လှူတယ်ဗျ။ ပြီးတော့ သူတို့မိသားစုသုံးယောက် ဘိုးလူပေကို ကန်တော့တယ်။ လာကြည့်နေကြတဲ့ ကျုပ်တို့ရွာသားတွေလည်း ဘိုးလူပေကို ကန်တော့ကြတယ်။





ဘိုးလူပေကို ဘန့်ဆွေးကုန်း လိုက်ပို့တော့ ရွာက ကာလသား လေးငါးယောက်ပါ လိုက်လာပြီး ကျုပ်နဲ့အတူတူ လိုက်ပို့ကြတယ်။

ဘန့်ဆွေးကုန်းက ဘိုးညိုအိမ်မှာ ဘိုးလူပေနဲ့ စကားပြောကြသေးတယ်ဗျ။ ကျုပ် အိမ်ပြန်ရောက်တော့ လုလင်ပြန်ကြက်တောင် တွန်ပေါ့။ ကောင်းကင်မှာလည်း ခုနစ်စဉ်ကြယ်က အမြီးလေးထောင်လို့။

**တာတေ**

□□□



www.burmeseclassic.com

www.burmeseclassic.com



## ဝမ်းတွင်းစုန်း

**တ**ကယ်တော့ ဘွားမယ်ထုံက ဝမ်းတွင်းစုန်းမကြီးဗျ။ ခင်ဗျား ကြားဖူးတယ်မို့လား။ ဝမ်းတွင်းစုန်းလို့ ခေါ်ကြတာလေ ဗျာ။ မွေးကတည်းက အလိုလို စုန်းတတ်လာကြတာဗျ။ အရင်





ဘဝက အကြောင်းဆက်တွေ ပါလာလို့ ရှိမှာပေါ့။

ဒါပေမဲ့ ဘွားမယ်ထုံ ဝမ်းတွင်းစုန်းဆိုတာ ဘယ်သူမှ သိတာမဟုတ်ဘူးဗျ။ ထနောင်းကုန်းတစ်ရွာလုံး ကျုပ်တစ်ယောက်တည်း သိတာ။ သေသွားတဲ့ အရီးမယ်ခတစ်ယောက်ကိုပဲ စုန်းတတ်တယ်လို့ ကျုပ်တို့ရွာက သိထားတာဗျ။ အရီးမယ်ခ အကြောင်းကို သိချင်ရင်တော့ **'ခေါင်းထမ်းလာတဲ့** ... စာအုပ်ထဲက **'စုန်းမ'** ဆိုတဲ့ ခေါင်းစဉ်ကို ရှာပြီးဖတ်ဗျာ)။ အရီးမယ်ခ မရှိတော့ ကျုပ်တို့ရွာမှာ စုန်းဆိုတာ မရှိတော့ဘူးလို့ ထင်နေကြတာ။ အမိကရ ဝမ်းတွင်းစုန်း ဘွားမယ်ထုံကြီး ရှိနေတာကို သိဖို့နေနေသာသာ ရိပ်မိတဲ့လူတောင် မရှိဘူးဗျ။ ကျုပ်ပါးစပ်ကလည်း လုံချက်ဗျာ။ တစ်ခါမှကို မဟဘူးတာ။

ဘွားမယ်ထုံက ကျုပ်ကိုတော့ လွတ်ခင်တာဗျ။ စိတ်ကောင်းလည်း တော်တော်ရှိတဲ့ ဘွားတော်ကြီးပါဗျာ။ တစ်ရွာလုံးကလည်း ဘွားမယ်ထုံကို လွတ်ခင်ကြတာ။ အိမ်တောင် မရှိဘူး။ အပျိုကြီးဗျ။ အသက်က ခုနစ်ဆယ်ကျော်ပြီ။ ခုနစ်ဆယ့်နှစ်နှစ်လို့ ပြောတယ်။ မိဘလက်ထက်ကတည်းက တောင်သူတွေဗျ။ ဘွားမယ်ထုံမှာ မောင်နှစ်ယောက်ရှိတယ်။ ဘိုးမင်းနဲ့ ဘိုးဝင်းတဲ့ဗျ။ ဘွားမယ်ထုံကို ပျော့ညှံ့ညှံ့ မိန်းမလို့တော့ မထင်နဲ့ဗျို့၊ ဘွားမယ်ကုံ



www.burmeseclassic.com

www.burmeseclassic.com



က မောင်တွေနဲ့အတူတူ ယာလုပ်တာဆိုပဲ။ သူတို့မိဘတွေက အိုသွားတော့ တောင်သူ မလုပ်နိုင်ကြဘူး။ ဘိုးမင်းတို့ ဘိုးဝင်းတို့ပဲ ယာကို လုပ်ကြရတာ။ ဘွားမယ်ထုံလည်း လိုက်တာပေါ့ဗျာ။ တစ်နှစ်ကျတော့ ဘိုးမင်းရော ဘိုးဝင်းရော မမာလို့ ယာမလုပ်နိုင်ကြဘူးဆိုပဲ။ အဲဒီနှစ်က ဘွားမယ်ထုံကိုယ်တိုင် ယာကို ဦးဆောင်လုပ်တာတဲ့ဗျို့။ ယာတွေအားလုံးကို သူကိုယ်တိုင် ထွန်တာဆိုပဲ။ ရာသီအလိုက် စိုက်လိုက်တာမှတဲ့ဗျာ ပဲတွေရော နှမ်းတွေရော ကြက်သွန်တွေပါ စိုက်တာတဲ့ဗျို့။ အောင်လိုက်တဲ့ သီးနှံဆိုတာ တစ်ရွာလုံးကို အံ့ဩယူရတာတဲ့ဗျာ။

ဒီအကြောင်းကို အခုထိကို ကျုပ်တို့ရွာမှာ ပြောစမှတ်ဖြစ်ကျန်ခဲ့တာတဲ့ဗျို့။ ယာထဲဆင်းရမှာ ပျင်းတဲ့သူတွေဆိုရင် သူတို့မိဘတွေက ပြောဆိုပဲ။

"မင်းတို့တွေ မယ်ထုံ့ထမီ ယူဝတ်ကြပါလား၊ မယ်ထုံတို့များ ထွန်ထားလိုက်တဲ့ ယာတွေမှ ညက်နေတာကွ၊ ကြက်သွန်ခင်းများ ထယ်ထိုးထားလိုက်တာမှ ညီပြီး ကြည့်လို့ကို လှနေတာ၊ မယ်ထုံ့မောင်နှစ်ယောက်ပေါင်း ယာလုပ်တာတောင် မယ်ထုံ့ကို မမီဘူးကွ"

ဒီလောက်ကို အလုပ်လုပ်နိုင်ခဲ့တဲ့ ဘွားတော်ကြီးဗျ။





ခုတော့ ဘယ်လုပ်နိုင်တော့မှာလည်းဗျာ။ ဘိုးမင်းတို့ ဘိုးဝင်းတို့လည်း ဆုံးကုန်ကြပြီ။ ဘွားမယ်ထုံက အိမ်မှာ တစ်ယောက်တည်းနေတာဗျ။ သူ့ယာတွေကို ဝမ်းကွဲတူတွေက လုပ်ကြတယ်။ ကျုပ်ဝက်သားကြိုက်မှန်း ဘွားမယ်ထုံက သိတော့ သူဝက်သားချက်တဲ့နေ့ဆိုရင် ကျုပ်ကို လူလွှတ်ခေါ်နိုင်းတာဗျ။ အဲဒီနေ့ဆိုရင် ဘွားမယ်ထုံနဲ့ ကျုပ်နဲ့ ထမင်းတစ်ဝိုင်းတည်း စားကြတာ။ အသက်ကြီးတဲ့ လူတွေဟာ သူတို့ ဖြတ်သန်းလာခဲ့တဲ့ ဘဝအကြောင်းကို ပြန်ပြောချင်ကြတာ ထုံးစံပဲလေဗျာ။

ကိုယ်ဖြတ်သန်းခဲ့တဲ့ဘဝမှာ ရယ်စရာတွေ၊ စိတ်မကောင်းစရာတွေ၊ ဒေါသဖြစ်စရာ လူတိုင်းမှာ ရှိကြတာပဲပေါ့ဗျာ။ အသက်ကြီးတော့ ဒါတွေကို ပြန်တွေးပြီး ပြန်ပြောချင်တာဗျ။

ဘွားမယ်ထုံက ဝက်သားချက်ကလည်း ကောင်းဗျ။ ဝက်သားချက်တဲ့နေ့ဆိုရင် မအီအောင် ချဉ်ရည်သောက်ကလေးကလည်း ပါသေးဗျာ။ ဘွားမယ်ထုံ ချက်လေ့ရှိတဲ့ ချဉ်ရည်သောက်က ကင်ပွန်းချဉ်နဲ့ ဒန့်ဒလွန်သီးဗျို့။ တစ်ခါ တစ်ခါကျတော့လည်း မန်ကျည်းရွက်နုလေးတွေနဲ့ ဒန့်ဒလွန်သီးဗျ။ ကျုပ်က ဘွားမယ်ထုံချက်တဲ့ ချဉ်ရည်သောက်ကို လွှတ်ကြိုက်တာဗျို့။ ချဉ်ရည်ပူပူလေးကို ဖူးကနဲ ဖူးကနဲ မှုတ်သောက်ပစ်တာ။ ကျုပ် အဲဒီလို မြိန်ရည်



www.burmeseclassic.com

www.burmeseclassic.com



ယှက်ရည် စားနေတာ တွေ့ရင် ဘွားမယ်ထုံက လွှတ်သဘောကျ တာဗျ။ ပြုံးပြုံး ပြုံးပြုံးနဲ့။

“ဟဲ့ တာတေ၊ စားဟဲ့၊ ဘွားက နင့်ကို ကျွေးချင်လို့ကို သက်သက်ခေါ်နိုင်းပြီး ကျွေးရတာ”

လို့ ပြောသေးတာဗျ။ စားတာပြီးရင်တော့ စကားတွေ ပြောတော့တာပဲဗျာ။ တစ်ခါ တစ်ခါကျတော့ စုန်းတွေအကြောင်း ကို ရောက်သွားရောဗျ။

ဟိုတုန်းကတော့ ကျုပ်က မသိသေးဘူးလေဗျာ။

“ဘွား၊ စုန်းတွေအကြောင်းကို ဘွား ဒီလောက်သိနေပုံ ထောက်ရင်တော့ ဘွား စုန်းပညာ တတ်တယ်ထင်တယ်”

ကျုပ်က တည့်တည့်ပဲ မေးခဲ့တာဗျ။

“တာတေ နင်မှတ်ထားဟဲ့၊ မောက်လုံးအထက်ခုနစ်ဆင့် ဆိုရင် အဲဒီစုန်းက ကောင်းကင်မှာ ပျံနိုင်တယ်၊ ငါက မောက်လုံး အထက် ကိုးဆင့်ဟဲ့၊ နင် သိပြီလား”

“ဗျာ”

“အေး ဟုတ်တယ်”

“အာ..ဘွားက ပညာတော်တော်မြင့်ပါလားဗျ၊ ဒီပညာ တွေကို ဘယ်အရွယ်မှာ သင်ခဲ့တာတုံး၊ ပြီးတော့ ဘွား ဒီပညာ





တွေ ဒီလောက်တတ်တာကို ထနောင်းကုန်းတစ်ရွာလုံး ဘယ်သူမှ မသိကြပါလား ဘွားရဲ့”

“တာတေ၊ ငါက ဘယ်သူ့ဆီကမှ ပညာမယူခဲ့ဘူး၊ မွေးကတည်းက ငါ တတ်နေတာဟဲ့”

“ဗျာ၊ အဲဒီလို မွေးကတည်းက တတ်တာ ရှိလို့လား ဘွားရဲ့၊ ပြီးတော့ မွေးကတည်းက တတ်တယ်ဆိုရင်လည်း ဒီလောက်ကြီး တတ်ပါ့မလား ဘွားရဲ့”

“တတ်တယ် တာတေ၊ တတ်တယ်၊ ဒီလောက်ကို တတ်တယ်”

“နေပါဦး ဘွားရဲ့၊ ဘွား ဒီပညာတွေတတ်တာ ဘယ်လို လုပ် သိတာတုံးဗျ”

“ငါ ဆယ်နှစ်သမီးလောက်မှာ အနောက်ပိုင်းက မယ်မိ တို့ မယ်အိတို့ ညီအစ်မတွေနဲ့ ပြေးတမ်းလိုက်တမ်း ကစားကြတာ ဟဲ့၊ သူတို့က ညီအစ်မနှစ်ယောက်လေ၊ ပြီးတော့ ဒီကောင်မ နှစ်ကောင်က နည်းနည်းညစ်တယ်။ ဘာပဲ ကစား ကစား ငါပဲ ရှုံးတာဟဲ့၊ အဲဒီနေ့က ပြေးတမ်းလိုက်တမ်း ကစားတော့လည်း ငါရှုံးတာပဲ၊ မယ်အိကို မိကာနီးမှာ မယ်မိက ငါ့ကို တွန်းလှဲပစ် လိုက်တယ်။ ငါ မယ်မိကို စိတ်ဆိုးသွားပြီး တောက်ခေါက်လိုက်မိ

www.burmeseclassic.com



တော့ မယ်မိ ချက်ချင်းခေါင်းမူးပြီး မေ့လဲသွားလို့ လူကြီးတွေ မနည်းကို နှာနှပ်ယူကြရတာ။ အဲဒီကစပြီး ငါ့ကိုယ်ငါ သတိထားမိသွားတာ။ တစ်ခါကလည်း မြောက်ပိုင်းက ကြွယ်ဝဆိုတဲ့ကောင် ငါ့ကို တွေ့တိုင်း ရိသဲ့သဲ့လုပ်လို့ ငါစိတ်ဆိုးပြီး ဖနောင့်ဆောင့်လိုက်တာ သူ့အရိပ်ကို ဖနောင့်နဲ့ ပေါက်မိသလိုဖြစ်ပြီး ဒီအကောင် သတိလစ်သွားလို့ မနည်းကို နှာနှပ်ယူရတာ”

“ဩော်၊ တောင်ပိုင်းမှာနေတဲ့ ကိုကြီးသံဒင်တို့အဘိုး ဘိုးကြွယ်ဝကြီးလား ဘွား”

“ဟုတ်ပါ့တော်၊ လူတွေ့တိုင်း ရည်းစားစကားပြောတာ”

“ဟာ၊ အဲဒီလိုဖြစ်တာတောင် ဘွားကို ပညာသည်ဆိုတာ သူတို့ မသိကြဘူးနော်”

“ဟဲ့ ဘယ်သိမှာတုံး၊ ငါက ဘယ်သူ့ဆီကမှ ပညာယူတာမှ မဟုတ်တာ၊ ငါ ဒီပညာ သင်ဖူးရင် ဒီတစ်ရွာလုံးက ငါ့ကို စုန်းမလို့ သိမှာပေါ့ဟဲ့၊ နင့်အရီးမယ်ခလိုပေါ့ဟဲ့ တာတေရဲ့”

“ဩော် နေဦး ဘွားရဲ့၊ အရီးမယ်ခရော ဘွားကို ပညာသည်ဆိုတာ သိသွားလား”

“ဘယ်သိမှာတုံး၊ သူနဲ့ ငါနဲ့ကလည်း သိပ်ဆုံကြတာမှ





မဟုတ်တာ၊ မယ်ခကို လူတွေက ဝိုင်းပယ်ထားကြလို့ မယ်ခ တစ်ယောက်တည်း နေသွားတာလေ။ နင်တစ်ယောက်ပဲ မယ်ခကို ခင်ပြီး ဝင်ထွက်နေတာ မဟုတ်လား”

ဘွားပြောတာ ကျုပ်က သိပ်မယုံဘူးဗျ။ သူပြောသလောက်တော့ မဟုတ်ဘူးလို့ပဲ ကျုပ်က ထင်တာ။ တစ်ရက်တော့ ဘွားမယ်ထုံကြီး ကျုပ်ယာထွန်တဲ့နေရာ ရောက်လာပါရောလားဗျာ။

“ဟာ ဘွား၊ ဘယ်က ပြန်လာတာတုံး၊ တစ်ယောက်တည်းပါလား”

“သံခနောက်က မယ်လှမြေးမ စိန်ရီ မီးမဖွားနိုင်လို့ လာခေါ်လို့ သွားမွေးပေးတာဟဲ့”

“ဟာ ဒီလူတွေကလည်း ဘွားကို ပင့်တုန်းက လာပင့်ပြီး ပြန်တော့ တစ်ယောက်တည်း ပြန်လွှတ်လိုက်ရသလားဗျာ”

ကျုပ်က စိတ်မကောင်းလို့ ပြောမိတာဗျ။

“ဟဲ့ မဟုတ်ဘူး တာတေ၊ သူတို့က ပို့တယ်၊ ငါက အဲဒီဘက် မရောက်တာကြာနေလို့ လမ်းလျှောက်ပြီး ဟိုအိမ်ဝင် ဒီအိမ်ဝင် လုပ်ချင်လို့ တစ်ယောက်တည်း ပြန်ခဲ့တာ”

“ဩော် ဒီလိုလား”



www.burmeseclassic.com

www.burmeseclassic.com



"နင် ယာထွန်တာ မောနေပြီလား"

"မောတော့ မောနေပြီ ဘွားရဲ့၊ ဒါပေမဲ့ ဒီအကွက်ကို ဒီနေ့ပြတ်အောင် ထွန်ချင်လို့သာ ထွန်နေတာဗျ"

"ကဲ ဒါဆိုရင် နင်ဖယ်စမ်း"

ဘွားမယ်ထုံက ကျုပ်ပခုံးကိုကိုင်ပြီး ထွန်တုံးပေါ်က ဆင်းခိုင်းတယ်။ ပြီးတာနဲ့...

"ဟဲ့ ထိန်ပင်ပေါ်မှာ ထိုင်နေတဲ့ကောင်၊ နကား မဟုတ်လား၊ လာစမ်း၊ အခု ဆင်းခဲ့စမ်း၊ ဒီယာကို ညက်အောင် ဆက်ထွန်စမ်း"

"ဟာ"

ဘွားမယ်ထုံစကား ဆုံးတာနဲ့ ထွန်တုံးက အိကနဲ နိမ့်သွားပြီး နွားတွေလည်း ရုန်းတော့တာပဲဗျို့။ အို မြေကြီးတွေမှ အတုံးလိုက် အတုံးလိုက်ကို ထွက်လာတာဗျို့။ ဟိုအောက်က မြေဆီအနက်တွေပါ အပေါ်တက်လာတာဗျို့။

"တွေ့လား တာတေ၊ ငါ့မောင်တွေ မမာလို့ ငါ တစ်နှစ် ယာဆင်းထွန်ခဲ့ရတယ်၊ အဲဒီတုန်းကလည်း ဒီလိုကောင်တွေ ဝိုင်းလုပ်ပေးကြတာပေါ့၊ ငါ့ယာဆိုတာ ထွက်လိုက်တာ မပြောပါနဲ့တော့ဟာ၊ အခုလည်း နင် မှတ်ထား၊ ဒီယာက တခြားယာထက်





အထွက်ပိုများလိမ့်မယ်၊ ဟိုအောက်က မြေဆီတွေပါ အပေါ်တက်လာတာလေ၊ ဟိုမှာ မြင်လား"

ကျုပ်လည်း ဘာမှမမြင်ရပါဘူးဗျာ။ ကျုပ်က မျက်ကွင်းဆေးကွင်းမှ မြင်ရတဲ့ကောင်လေဗျာ။ ဘွားမယ်ထုံ ခိုင်းထားတဲ့ နကားက ကျုပ်ယာကို ထွန်နေလိုက်တာမှဗျာ။ ကျုပ်လည်း အံ့သြလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ဘူးဗျို့။

ဘွားမယ်ထုံနဲ့ ကျုပ်က ယာစပ်က ရပ်ကြည့်နေကြတာဗျ။ ဒီတုန်းမှာ ကောင်းကင်က ငှက်ကြီးတွေ ပျံသွားတာဗျ။ အုပ်လိုက်ပဲ။ ဆယ်ကောင်တော့ ရှိလိမ့်မယ်။

"တာတေ၊ မြေကြီးပေါ်မှာ အဲဒီငှက်တွေရဲ့ အရိပ်ကို နင် မြင်ရလား"

"ဟာ၊ ဘွားကလည်းဗျာ၊ ဒီငှက်တွေရဲ့ အရိပ်ကို ဘယ်မြင်မှာတုံးဗျ၊ အမြင့်ကြီးက ပျံလာတဲ့ဥစ္စာ"

"အေး၊ နင် မမြင်ပေမဲ့ ငါမြင်ရတယ်၊ နင် ကြည့်နေ"

ဘွားမယ်ထုံက ပြောပြောဆိုဆိုနဲ့ ရှေ့ကို ပြေးထွက်သွားသဗျ။ ပြီးတော့ ကောင်းကင်က ပျံလာတဲ့ ငှက်တွေကို တစ်ချက်မော့ကြည့်တယ်။ ပြီးတာနဲ့ မြေကြီးပေါ်ကို ဖနောင့်နဲ့ တစ်ချက်ပေါက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ၊ ကျလာပြီဗျို့၊ ကောင်းကင်မှာ ပျံနေတဲ့ ငှက်အုပ်ကြီးထဲက ငှက်ကြီးတစ်ကောင် ပြုတ်ကျလာပြီဗျို့။

"ဘုန်း"

မြေကြီးပေါ်ကို ငှက်ကြီး ပြုတ်ကျတာဗျ။ ငှက်က သေတော့ မသေသေးဘူး။

"ဖျန်း၊ ဖျန်း၊ ဖျန်း"

အတောင်ပံ တဖျန်းဖျန်းရိုက်ပြီး ပျံဖို့လုပ်နေတယ်။ ဘာငှက်ကြီးမှန်းတော့ ကျုပ် မသိဘူးဗျ။ တော်တော်တော့ကြီးတာ။ ကျုပ်စိတ်ထင်တော့ ကျုပ်တို့ဆီကို ဆောင်းခိုဖို့ ရောက်လာတဲ့ ငှက်တွေဖြစ်မယ်ဗျ။

ဘွားမယ်ထုံက မြေကြီးပေါ်မှာ လူးလှိမ့်နေတဲ့ ငှက်ကြီးဆီကို သူ့လက်ညှိုးနဲ့ လှမ်းထိုးလိုက်တယ်။ ဘွားမယ်ထုံရဲ့ လက်ညှိုးထိပ်ကနေ အရောင်လေး လက်ကနဲ ထွက်သွားတယ်ဗျ။

ဟော…ငှက်ကြီး ထထိုင်ပြီဗျို့။ ပြီးတော့ မျက်လုံးပြူးကြီးတွေနဲ့ ဘွားမယ်ထုံကို ကြည့်နေတယ်။

"ဖျန်း၊ ဖျန်း၊ ဖျန်း"

ဟော ပျံသွားပြီဗျို့။ ပျံသွားပြီ။ ငှက်က သူ့ခြေထောက်တုတ်တုတ်ကြီးတွေကို အားပြုပြီး ခုန်လိုက်တာ လေထဲကို





မြောက်တက်သွားတယ်။ အတောင်တွေကလည်း တစ်ပြိုင်နက်တည်းခတ်ပြီး ပျံတက်သွားရောဗျို့။

ရှေ့ကပျံသွားတဲ့ ငှက်အုပ်က နည်းနည်းတောင် ဝေးပြီ။ ပြုတ်ကျတဲ့ ငှက်ကြီးက နောက်ကနေ မနားတမ်းပျံပြီး လိုက်ချသွားရောဗျို့။

ကျုပ် ယုံပြီဗျို့။ ယုံသွားပြီ။ ဘွားမယ်ထုံဟာ မောက်လုံးအထက် ကိုးဆင့်ဆိုတာ ကျုပ် ယုံသွားပြီ။ စွမ်းလိုက်တဲ့ ဘွားတော်ကြီးဗျာ။ အဲဒီနေ့က ယာတွေ အကုန်ညက်သွားတာနဲ့ နွားတွေ ရပ်သွားတယ်။ ဘွားတော်ကြီးက နကားဆိုတဲ့ကောင်ကို

"နင်သွားတော့ နကား"

လို့ ပြောလိုက်ပြီး ကျုပ်က ထွန်ဖြုတ်တယ်။ နွားတွေကို လှည်းမှာ ပြန်တပ်ပြီး ရွာထဲကို မောင်းလာခဲ့တယ်။ ဘွားမယ်ထုံကြီးကတော့ ကျုပ်လှည်းနောက်မှာ ခြေထောက်ကလေး တွဲလောင်းချစီးပြီး ပါလာတယ်။

"တာတေ၊ ငါ့အကြောင်းကို နင် ဘယ်သူ့ကိုမှ မပြောမိစေနဲ့နော်"

"စိတ်ချ ဘွား၊ တာတေက ဒါမျိုးဆိုရင် နှုတ်လုံပြီးသားဗျ"



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း ကျုပ် ဘယ်သူ့ကိုမှ မပြောခဲ့ဘူး။ အဘနဲ့ အမေကိုတောင် ကျုပ် မပြောဘူးဗျ။ ရွာထဲက တခြားလူကြီးသူမတွေကလည်း ခင်ကြမင်ကြတာပဲလေဗျာ။

တစ်ခါတလေတော့ အမေက ကျုပ်ကို ပြောတတ်တယ်ဗျ။

"ဟဲ့ တာတေ၊ နင် ထမင်းမစားသေးဘူးလား"

"ကျုပ် စားပြီးပြီ အမေ"

"ဩော် မယ်ထုံ့အိမ်က စားလာတာလား"

"ဟုတ်တယ် အမေ၊ ဘွားက ဝက်သားချက်လို့ ကျုပ် စားလာတာဗျ"

"နင်နဲ့ မယ်ထုံနဲ့ ရိုးမှ ရိုးကြရဲ့လားဟယ်"

အမေက ကျုပ်ကို စတာပါဗျာ။ အမေ စမှန်းသိတော့ ကျုပ်ကလည်း ပြန်ပြောတာပေါ့ဗျာ။

"မရိုးဘူးဗျ၊ ကျုပ်နဲ့ ဘွားနဲ့က သမီးရည်းစားတွေ ဖြစ်နေကြပြီ"

"ဟား၊ ဟား၊ ဟား၊ ဒါဆိုလည်း ကောင်းတာပေါ့ဟဲ့၊ ငါ့ချွေးမက ငါ့အမေလောက် ရှိတာပေါ့၊ ပြီးတော့ နင်လည်း မယ်ထုံ့ယာတွေ ရမှာပေါ့၊ မယ်ထုံပိုင်တဲ့ယာတွေက နည်းတာမှ





မဟုတ်တာ"

"တော်စမ်းပါ အမေရာ၊ ငရဲတွေ ကြီးကုန်ပါဦးမယ်"

"ဟား၊ ဟား၊ ဟား၊ ဟား"

အဘရော အမေရော ရယ်ကြလို့ဗျ။ ထနောင်းကုန်းမှာ တာတေ့ကို ချစ်ကြ ခင်ကြတာ အဘတို့ အမေတို့က သိပြီးသားပါဗျာ။

အဲဒီနောက်တော့ ကျုပ် ဘွားမယ်ထုံကို တော်တော်စိတ်ဝင်စားသွားတာဗျ။ အထူးသဖြင့် ဘွားမယ်ထုံရဲ့ ပညာတွေကိုပေါ့ဗျာ။ ဘွားမယ်ထုံရဲ့ ဝိုင်းထဲကို ကျုပ် မကြာ မကြာ ရောက်တယ်ဗျ။

ဘွားကလည်း သူ့ဆီကို ကျုပ်သွားလည်ရင် လွှတ်ပျော်တာဗျ။ မရှိ ရှိတာ ချကျွေးတော့တာဗျို့။ ကျုပ်ကလည်း ဟိုဟာမေး၊ ဒီဟာမေးပေါ့ဗျာ။

"ဘွား၊ မောက်လုံးတို့ မောက်ဖျားတို့ဆိုတာ ဘာကိုခေါ်တာတုံးဗျ"

"ဟဲ့ တာတေရဲ့၊ ပညာသည်တွေမှာ အမောက်တွေရှိတယ်ဟဲ့၊ သာမန်လူတော့ မတွေ့ရဘူး၊ ပညာသည်ချင်းတော့ တွေ့ရတယ်၊ အထက်ပုဂ္ဂိုလ်တွေက မြင်ရတယ်၊ ခေါင်းပေါ်မှာ

www.burmeseclassic.com



အရိပ်လိုထွက်နေတာ၊ တချို့က လုံးလုံးအရိပ်ကြီး၊ အဲဒါကို မောက်လုံးလို့ ခေါ်တာ၊ တချို့က ပြားပြားအရိပ်ကြီးဟဲ့၊ အဲဒါကို မောက်ဖျားလို့ ခေါ်တာ။

မောက်လုံးအထက် ခုနစ်ဆင့်၊ ရှစ်ဆင့်ဆိုရင် ကတော်ကြီးတွေ ဖြစ်သွားပြီပေါ့ဟာ။ ဒါကို မောက်ကတော်လို့ ခေါ်ကြတယ်။ တခြားစုန်းမတွေက မောက်ကတော်ကြီးတွေကို ရိုသေကြတယ်၊ သူတို့တွေ လူသတ်ရင်တော့ တုံးကနဲပေါ့ တာတေရယ်''

''ဘွား ကဝေနဲ့ စုန်းက အတူတူပဲလားဗျ''

''ဟဲ့ ဘယ်တူမှာတုံး၊ ကဝေက ကဝေပညာသက်သက်၊ စုန်းက စုန်းပညာသက်သက်၊ မှော်က မှော်ပညာသက်သက်ပေါ့ ဟဲ့''

''အရီး အခု တတ်ထားတဲ့ပညာကို ဘယ်လိုသုံးမှာတုံး''

''ဟဲ့ နင်မြင်တဲ့အတိုင်းပဲလေ၊ ဟိုရွာ ဒီရွာက မီးမဖွားနိုင်လို့ လာခေါ်ရင် ငါလိုက်လုပ်ပေးတယ်လေ၊ အနိမ့်စား စုန်းလေးတွေ ပြုစားထားလို့ ဒုက္ခရောက်နေတဲ့လူတွေဆိုရင် ငါလိုက်သွားပြီး ဖယ်ထုတ်ပေးလိုက်တယ်''

''ဘွားက ကလေးမီးဖွားတာ တော်တော်နာမည်ကြီးတယ်၊ လက်သည်ပညာကို သင်ခဲ့ဖူးလို့လားဗျ''





''အို..ဘယ်က သင်ဖူးရမှာတုံး တာတေ၊ ငါက မွေးဖွားဖို့ သိပ်ခက်နေတဲ့ မိန်းမတွေကိုပဲ လိုက်မွေးပေးတာလေ၊ ပြုစားထားတာဆိုရင်လည်း ငါက ရှင်းထုတ်ပေးလိုက်တော့ ဝမ်းဆွဲက လွယ်လွယ်လေး မွေးပေးနိုင်တာပေါ့ဟယ်၊ ဝမ်းဆွဲမနိုင်လောက်တဲ့ဟာကျတော့လည်း ဝမ်းဆွဲရော၊ အိမ်သားတွေရော ဖယ်ခိုင်းလိုက်ပြီးတော့ တစ်အိမ်လုံး မီးတွေ မှောင်ချထားလိုက်တယ်၊ ပြီးရင် မဂျမ်းကြီးကို ခေါ်ပြီး မွေးခိုင်းတာပေါ့ ဘာတေရဲ့၊ မဂျမ်းကြီး မွေးပေးလို့ကတော့ လျှောကနဲပေါ့ဟယ်''

''ဘယ်က မဂျမ်းကြီးတုံး ဘွားရဲ့''

''ဟဲ့ လူတွေပြောပြောနေတဲ့ အမေဂျမ်းလေ၊ နတ်၊ နတ်၊ နတ် မဂျမ်းကြီးကို ပြောတာ''

''ဟာ၊ ဘွားက အမေဂျမ်းကို ခေါ်ပြီး မွေးခိုင်းလို့ရတယ်ဟုတ်လား''

''အေး ဟုတ်တယ်၊ ငါ့လို မောက်လုံးအထက်ကိုးဆင့်ဆိုတာ ပညာအမြင့်ဆုံးဟဲ့ တာတေရဲ့၊ ပြီးတော့ ငါက လူတွေကို မသတ်ဘူး၊ မဖြတ်ဘူး၊ မပြုစားဘူး၊ ဒီပညာကို ငါသင်ခဲ့တာလည်း မဟုတ်ဘူး၊ သူ့ဟာသူ ပါလာတာ၊ ငါကတော့ ဘုရားတရားကို မှန်မှန်ရှိခိုးပြီး အားထုတ်နေတာ၊ နင်လည်း မြင်နေတာပဲလေ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ငါက ဝမ်းတွင်းစုန်း ဆိုပေမယ့် စုန်းမဆန်တော့ဘဲ အထက်လမ်းပညာရှင်လို ဖြစ်လာတယ်။ ငါ့ပညာတွေကလည်း အကောင်းဘက်ကို ပြောင်းပြီး အသုံးချလိုက်တော့ ဖြူစင်လာတယ်။ ဒါကြောင့်လည်း မဂျမ်းတို့ကို ငါခေါ်ခိုင်းရင် ဘယ်တော့မှ မငြင်းကြဘူး တာတေရဲ့”

“သြော် ဒီလိုလား”

“အေး၊ စုန်းပြုစားထားတာကို ငါက ချော့မော့ပြောပြီး ရှင်းခိုင်းရင် ကျေကျေနပ်နပ် ရှင်းပေးကြတာပါပဲ၊ တစ်ခါ တစ်ခါကျတော့လည်း ခေါင်းမာပြီး ရိုင်းစိုင်းတဲ့ စုန်းထိးတွေနဲ့ တွေ့ရင်တော့ မှတ်လောက်သားလောက်အောင် လုပ်ပေးရတာလည်း ရှိတာပေါ့ဟာ။ ဒါပေမဲ့ ဒါတွေကို ဘွားက လူသိမခံဘူး။ လူမသိအောင် ကြိတ်ပြီးလုပ်ခဲ့တာ၊ ဒါကြောင့်လည်း လူတွေက ဘွားကို ဝမ်းတွင်းစုန်းမှန်း မသိကြတာပေါ့ တာတေရာ၊ သူတို့ သိတာက ဘွားကို တောင်သူတစ်ယောက်လို့ပဲ သိကြတာ။ ပယောဂလေး ဘာလေး မီးဖွားတာလေး နည်းနည်းပါးပါး လုပ်တတ်တယ်ပေါ့၊ ဒါလောက်ပဲ သိကြတာ”

ကျုပ် ဘွားမယ်ထုံကို လေးစားသွားတယ်ဗျ။

“ဘွား မကောင်းတဲ့ စုန်းတွေ ကဝေတွေနဲ့ ပညာပြိုင်ရ





တာတွေရော ရှိလားဗျ”

“ဟာ တာတေကလည်း ပညာပြိုင်တာ မဟုတ်ဘူး၊ နှိမ်နင်းပစ်ရတာ၊ ကိုယ့်နယ်ထဲကို ကျူးဝင်လာတဲ့ဟာတွေကို နှင်ထုတ်ပစ်ရတယ်၊ နှင်ထုတ်လို့ လွယ်လွယ်ထွက်မသွားဘူးဆိုရင် တိုက်ရခိုက်ရတာပေါ့ဟဲ့”

“ဟာ၊ ဘွား အဲဒီလို တိုက်ခဲ့ဖူးလား”

“ဟား၊ ဟား၊ ဟား တာတေ၊ နင်လေ အင်မတန် မေးတတ်မြန်းတတ်တဲ့ အကောင်ပဲ”

“ငါက ကောင်းကင် ပျံနိုင်ရုံတင်မကဘူး၊ မြေပါလျှိုးနိုင်တဲ့ မောက်ကတော်ကြီးဟဲ့။ အဲဒီလို ငါသွားပြီး တိုက်ရင်လည်း လူတွေ ဘယ်သူမှ သိလိုက်တာ မဟုတ်ဘူး။ ငါတို့ ပညာသည်ချင်းပဲ သိကြတာ”

“ဒါဆိုရင် ကျုပ်တို့ ဒီနယ်တစ်ဝိုက်ကို အနှောင့်အယှက်ပေးမယ့် ပညာသည်တွေကို ဘွားက အမြဲမောင်းထုတ်နေတာပေါ့ ဟုတ်လား ဘွား”

“အေး ဟုတ်တယ် တာတေ၊ ဒါပေမဲ့ ပညာသည်တွေ စုန်းတွေ ကဝေတွေ လာတိုင်း ဘွားက မောင်းထုတ်နေတာ မဟုတ်ပါဘူး၊ သူတို့ကိစ္စ သူတို့အကြောင်းနဲ့ လာရင် ဘွားက



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတာပါ၊ သူတို့လည်း သူတို့ကိစ္စပြီးရင် ကောင်းကောင်း ပြန်သွားကြတာပါ။ ဒီနယ်မှာ ဘွားရှိမှန်းသိတဲ့ ပညာသည်တွေက ဒီနယ်ကို ဝင်တော့မယ်ဆိုရင် ဘွားကို အကြောင်းကြားပြီးမှ ဝင်ကြထွက်ကြတာပါ၊ အဲဒီပညာသည်တွေကို ဘွားက ဘာမှ မလုပ်ပါဘူး၊ သက်သက်ဒုက္ခပေးဖို့လာတဲ့ လူတွေမှ ဘွားက ရှင်းထုတ်ပစ်တာပါ။ ဒါလည်း အေးအေးဆေးဆေး ပြန်ထွက်သွားရင် ဘာမှမလုပ်ပါဘူး တာတေ”

“ဘွားလုပ်လို့ လက်လွန်သွားတာမျိုးတွေ ရှိလား”

“ဟာ မရှိပါဘူး၊ ဘွားက အဲဒီလိုမျိုး မလုပ်မိအောင် အမြဲသတိထားပြီး လုပ်တာပါ၊ ဘွားကြောင့် လူသေတယ်ဆိုတာ မရှိပါဘူး တာတေ”

“အောက်လမ်းဆိုတာက ကဝေတွေ စုန်းတွေနဲ့ အတူတူပဲလား ဘွား”

“ဟဲ့ ဘယ်တူမှာတုံး၊ အောက်လမ်းဆိုတာ ဆေးတွေဝါးတွေ စီရင်ပြီး လုပ်တဲ့ကောင်တွေဟဲ့၊ လူထဲမှာ အင်မတန် ယုတ်ညံ့တဲ့ကောင်တွေ၊ သူတို့ စီရင်တဲ့ ဆေးတွေမှာ တော်တော်ကို ယုတ်ညံ့တာတွေ ပါတယ်၊ ငရဲစာ၊ အဝီစိစာတွေပါပဟယ်၊ ဒါပေမဲ့ အောက်လမ်းထဲမှာ ဆေးဝါးကောင်းရင် တော်ရုံအထက်





လမ်းဆရာ မနိုင်ဘူးဟဲ့၊ ငါတို့တောင် တော်တော်နှိမ်နင်းရတဲ့ အောက်လမ်းတွေရှိတယ်။ မကောင်းတဲ့စုန်းနဲ့၊ မကောင်းတဲ့ အောက်လမ်းကောင်တွေကတော့ သူတော်ချင်းချင်း သတင်းလွှေ့ လွှေ့ ဆိုသလိုပေါ့ဟယ်”

“ကျုပ် ကြားဖူးတဲ့ အောက်လမ်းဆိုတဲ့လူတွေကတော့ ကောင်းတာဆိုလို့ ဘာမှကို လုပ်တာမဟုတ်ဘူး ဘွားရဲ့”

“အေး ဟုတ်တယ် တာတေရဲ့၊ ဒီပညာကို လိုက်စားတဲ့ ရည်ရွယ်ချက်ကိုက မကောင်းတာလုပ်ဖို့ ရည်ရွယ်ချက်ပဲ ရှိကြတာလေ၊ ဒီတော့လည်း ပညာတွေ ရလာတဲ့အချိန်မှာ မကောင်းတာတွေပဲ လုပ်ကြတာပေါ့”

“ဘွား တချို့အောက်လမ်းတွေက ခြေဖဝါးမှာ ဘုရားပုံတွေ ထိုးထားတယ်ဗျ”

“နင် မြင်ဖူးလို့လားဟဲ့ တာတေရဲ့”

“ကျုပ်မြင်ဖူးတာပေါ့ ဘွားရဲ့”

“အောင်မာ၊ နင်က ငယ်ပေမယ့် တော်တော်နှံ့စပ်တဲ့ကောင်ပဲ၊ ဟုတ်တယ် တာတေ၊ အဲဒါလည်း သူတို့ရဲ့ ပညာစဉ်တစ်ခုပဲ၊ တချို့အကောင်က ခြေဖဝါးမှာ ဘုရားပုံ ထိုးကြတယ်၊ တချို့အကောင်က ဘုရားရုပ်တု ခပ်သေးသေးကို သံကြိုးနဲ့ချည်ပြီး

www.burmeseclassic.com



ပေါင်ကြားမှာ ဓောက်ထိုးဆွဲတယ်”

“ဗျာ၊ တော်တော်ရက်စက်တဲ့လူတွေပါလား ဘွားရယ်”

“အင်း ပြောရရင် ဒီအကောင်တွေက ကံငါးပါးမှာ တစ်ပါးမှ လုံတဲ့ကောင်တွေ မဟုတ်ဘူးဟဲ့၊ သူများသားပျို သမီးပျိုလည်း ဖျက်ဆီးကြတာပဲ၊ သူများ သားမယားကိုလည်း လွန်ကျူးကြတာပဲ။ သူတို့မှာ ဆေးဝါးတွေကလည်း အစုံအလင် ရှိတာနော်၊ မိန်းမတစ်ယောက်ကို ဆေးလိမ်းထားတဲ့လက်နဲ့ ကိုင်လိုက်တာနဲ့ ထိလိုက်တာနဲ့ သူတို့ကို အဲဒီမိန်းကလေးက တန်းတန်းစွဲ ဖြစ်တော့တာ”

“တော်တော်ကြောက်စရာကောင်းတဲ့ အောက်လမ်းတွေပဲ ဘွားရယ်”

“ဟုတ်ပ့ါတော်၊ ဒါကြောင့်လည်း သင်္ချိုင်းထဲကို မဟုတ်မဟုတ် ဆေးတွေ လာလာပြီး စီရင်တဲ့ အောက်လမ်းတွေကို မဖဲဝါက တွယ်ချည်းလွှတ်တာပေါ့ တာတေရဲ့”

“ဟာ ဘွား မဖဲဝါကို သိတယ်ဟုတ်လား”

“ဟဲ့ တာတေ၊ မဖဲဝါကို မသိတဲ့ ပညာသည် ရှိမလား၊ မဖဲဝါက ဘွားကိုတော့ တော်တော်လေးစားပါတယ်၊ ဘွားက ဒီပညာကို သင်ခဲ့တဲ့ ပညာသည် မဟုတ်ဘူးလေ၊ မွေးကတည်းက





တတ်လာတဲ့ ဝမ်းတွင်းပါ မဟုတ်လား၊ ပြီးတော့ ဒီဘဝမှာ ဘွားက သူတစ်ပါးအကျိုးယုတ်အောင် ဘာတစ်ခုမှ မလုပ်ခဲ့ဘူး တာတေ”

“ဘွား ကျုပ် ကြားဖူးတယ်ဗျ၊ စုန်းတွေမှာ မကောင်းတာလုပ်တဲ့ အနက်ရောင်စုန်းနဲ့၊ သူတစ်ပါးကောင်းကျိုးလုပ်တဲ့ အဖြူရောင်စုန်းဆိုတာ ရှိတယ်ဆို”

“ဟုတ်တယ် တာတေ၊ နို့ နေပါဦး၊ နင်က ဒါတွေကို ဘယ်လိုသိနေတာတုံး”,

“ကျုပ်ဆရာ စိုင်းနွံဖ ပြောပြတာ ဘွားရဲ့”

“သြော် ဒါကြောင့် သိတာကိုး၊ အေး ဟုတ်တယ်၊ ငါက အဖြူရောင်ဝမ်းတွင်းစုန်းပေါ့ဟယ်”

ဘွားမယ်ထုံနဲ့ တွေ့တိုင်း ကျုပ်သိချင်တာတွေ မေးနေကျဗျ။ ခင်ဗျား သိပါတယ်။ တာတေဆိုတဲ့ ကျုပ်က လွှတ်စပ်စုတဲ့ကောင်လေဗျာ။

အချိန်က နွေဦးမပေါက်တပေါက်ကလေးဗျ။ ဆောင်းနဲ့ နွေ လုနေကြတဲ့ရာသီပေါ့ဗျာ။ သစ်ရွက်၊ ဝါးရွက်တွေက ကြွေလို့။ ဆောင်းကလည်း ချမ်းတုန်း။ ဒါပေမဲ့ အအေးတော့ ပေါ့နေပြီဗျ။ စောင်တစ်ထပ်ခြုံရင်ပဲ ရနေပြီဗျ။ မနက်စောစောထပြီး အမဲခြောက်



www.burmeseclassic.com

www.burmeseclassic.com



မီးဖုတ်ကလေးကို ဆီနှစ်အောင် စိမ်ထားတာလေးနဲ့ ကျုပ် ထမင်းကြမ်း စားတယ်။ ထမင်းစားပြီးတာနဲ့ နဂါးဆေးပေါ့လိပ်ကလေးကို မီးညှိပြီး ဖွာတယ်။ ဆေးလိပ်ကလေး နှစ်ဖွာ သုံးဖွာ ဖွာရုံရှိသေးတယ်၊ ဝိုင်းဝက ကျုပ်ကို ခေါ်ရောဗျာ။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ နိုးပြီလား"

ဘယ်သူရှိမှာတုံး။ ကျောက်ခဲပေါ့ဗျာ။

"ဟကောင် ကျောက်ခဲရ၊ နိုးနေပါပြီဟ၊ လာလေကွာ"

ဝိုင်းထဲမှာ နှင်းတွေပိတ်နေတော့ ဒီကောင် ချက်ချင်းမဝင်ဘဲ ခေါ်နေတာဗျ။ ကျောက်ခဲက သုတ်သုတ် သုတ်သုတ်နဲ့ အိမ်ပေါ် တက်လာတယ်။

"စောစောစီးစီး ပျာပျာ ပျာပျာနဲ့ ဘာများတုံး ကျောက်ခဲရဲ့"

"ဟဲ့ ကျောက်ခဲ ထမင်းကြမ်း စားပြီးပြီလား၊ မစားရသေးရင် အရိုး ကျွေးမလို့၊ ဒီမှာ အမဲခြောက် ဆီစိမ်လေးမှ အိနေတာဟဲ့၊ နင့်ကိုကြီးတာတေတောင် ခုပဲ စားပြီးတာ"

ကျုပ်အမေက ကျောက်ခဲကို လှမ်းခင်တာဗျာ။

"မစားရသေးဘူး အရီးရဲ့"

"ဟဲ့ မစားရသေးဘူးတဲ့ ငွေစိန်ရေ၊ ကျွေးလိုက်ပါဟဲ့





ကျောက်ခဲကို"

အဘကလည်း ဝင်ပြောတာဗျ။ အဘကလည်း ဒီကောင့်ကို ခင်တယ်ဗျ။

"ဒီလို ကိုကြီးတာတေရေ၊ ကျုပ်တို့ ထနောင်းကုန်းသင်္ချိုင်းဇရပ်ထဲမှာ အောက်လမ်းဆရာကြီးတစ်ယောက် ရောက်နေတယ်တဲ့"

"ဟေ၊ အောက်လမ်းဟုတ်လား၊ မင်းက အောက်လမ်းမှန်း ဘယ်လိုလုပ်သိတုံး"

"ကျုပ်သိတာ မဟုတ်ဘူး ကိုကြီးတာတေရ၊ သူကြီးတို့ဝိုင်းဘက်မှာနေတဲ့ လေးလေးဘရီ ပြောတာဗျ"

"လေးလေးဘရီက အဲဒီအောက်လမ်းကို သိလို့လား"

"ဟဲ့ ကျောက်ခဲ၊ ရော့ ထမင်းကြမ်း စားလိုက်ဦး၊ ပြောလည်းပြော၊ စားလည်း စားပေါ့ဟယ်"

အမေက ထမင်းကြမ်းပန်းကန်နဲ့ အမဲခြောက်မီးဖုတ်ပန်းကန်ကို ကျောက်ခဲရှေ့ ချပေးတယ်။ ကျောက်ခဲက ချက်ချင်းဝိုင်းထဲဆင်းပြီး လက်ဆေးလိုက်တယ်။ ပြန်တက်လာတော့ဒီကောင် ဗိုက်ဆာဆာနဲ့ ထမင်းကြမ်းကို အားရပါးရ စားတော့တာဗျို့။ စားရင်းနဲ့ စကားဆက်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"လေးလေးဘရီလည်း ဘယ်သိမှာတုံး ကိုကြီးတာတေရ၊ မနေ့က မီးလောင်ကုန်းကအပြန် သင်္ချိုင်းထဲက ဖြတ်ပြန်တော့ အဲဒီလူက ဇရပ်ပေါ်ကနေ လှမ်းခေါ်တာတဲ့ဗျ။ ဒါနဲ့ လေးလေး ဘရီက ဇရပ်ပေါ်တက်ပြီး စကားပြောတယ်။ ဒီမှာတင် ဒီလူက လေးလေးဘရီကို တုတ်ပြီး ခါးပြီးဆေးဆိုပြီး ဆေးတောင့်လေး တစ်ခု ပေးတယ်တဲ့ဗျ။ အဲဒီဆေးတောင့်ကို လေးလေးဘရီရဲ့ လက်ထဲမှာ ဆုပ်ထားခိုင်းပြီး လေးလေးဘရီ လက်ကို ခါးနဲ့ လှီးပြ၊ ထိုးပြ၊ အမျိုးစုံ လုပ်ပြတယ်။ တကယ်ကို ပြီးတာတဲ့ဗျို့"

"လာပြန်ပြီ၊ ဒီဇာတ်လမ်းတွေ၊ ပြီးရင် အလိမ်ခံကြရပြန် ရော"

"ဟာ မဟုတ်ဘူး ကိုကြီးတာတေ၊ လေးလေးဘရီ ယူလာတဲ့ အဲဒီဆေးတောင့် တခြားသူတွေလည်း စမ်းပြီးပြီ၊ ကျုပ် လည်း စမ်းပြီးပြီ၊ တကယ်ကို ပြီးတာဗျ ကိုကြီးတာတေရ"

"ဒါဆိုရင်တော့ အဲဒီဆေးတောင့်တွေ ဒီလူ ရောင်းတော့ မှာပေါ့၊ တစ်တောင့်ကို ဘယ်လောက်တဲ့တုံး"

"အဲဒီအောက်လမ်းဆရာက ရောင်းမှာမဟုတ်ဘူးဗျ၊ ပေးမှာ"

"နေပါဦးကွာ၊ ဒီလူ အောက်လမ်းဆရာမှန်း လေးလေး ဘရီက ဘယ်လိုသိတာတုံး"

"ဟာ ခြေဖဝါးမှာ ဘုရားပုံတွေ ထိုးထားသတဲ့ဗျို့၊ ပြီးတော့ ခေါင်းမှာလည်း ထမီကြီးတစ်ထည် ခေါင်းပေါင်းလို့ဆိုပဲ၊ လူက ဖြူဖြူ၊ ပိန်ပိန်ပါးပါးတဲ့ဗျ၊ နှုတ်ခမ်းမွေးလေးစစနဲ့ လူချော တစ်ယောက်ဆိုပဲ။ အသက်ကလည်း သုံးဆယ်ကျော်လောက်ပဲ ရှိဦးမှာတဲ့"

"ဩော် သိပ်မှ မကြီးသေးဘဲကိုး၊ ဒါပေမဲ့ ခြေဖဝါးမှာ ဘုရားပုံတွေ ထိုးထားပုံထောက်ရင် ပညာတော့ တော်တော်မြင့်တဲ့ ပုံပဲကွ ကျောက်ခဲရ၊ ဒီတုတ်ပြီးဆေး၊ ခါးပြီးဆေးတွေကို အလကား ပေးပြီး သူက ဘာလုပ်မလို့တုံးကွ"

"ဒီလူက အကူအညီတစ်ခု တောင်းတာတဲ့ဗျ၊ ရွာထဲမှာ ရှိတဲ့ အပျိုစင် ခုနစ်ယောက်တဲ့ဗျာ၊ နေ့နံကလည်း ခုနစ်နံ စုံရမတဲ့၊ အဲဒါ အပျိုနို့ရည် ယူပေးရမတဲ့၊ သူဆေးဖော်ချင်လို့ပါတဲ့ဗျာ"

"ဟေ…ဟုတ်လား၊ အောက်လမ်းကတော့ တစ်ခုခု မဟုတ်တာ လုပ်တော့မယ် ထင်တယ်ကွ"

"လေးလေးဘရီတို့လည်း အဲဒါပဲ ပြောနေကြတာ၊ ရွာ ထဲက မိန်းကလေးတွေကို တစ်ခုခုလုပ်မှာ စိုးရိမ်နေကြတယ်ဗျ၊ ဒါပေမဲ့ သူ့ဆေးကတော့ တကယ်ကို ခါးပြီးတာဗျို့"







www.burmeseclassic.com

www.burmeseclassic.com



“မဖြစ်နိုင်တာကွာ၊ အပျိုနို့ရည်ဆိုတာ ဘယ်လိုရမှာတုံး”

“အဲဒီဆရာက ဆေးပေးလိုက်တယ်၊ အဆီရည်ပုလင်းလေးဗျ၊ အဲဒါလေးလိမ်းပြီးညှစ်ရင် နို့ရည်ရမယ်လို့ ပြောလိုက်သတဲ့၊ သူတောင်းတဲ့ ခုနစ်နံ အပျိုနို့ရည် မရရင်တော့ သူ့အကြောင်းသိအောင် ပြမယ်တဲ့ဗျ၊ ကိုကြီးတာတေရ”

“ဟာ ဒီလူက ရွာကို ခြိမ်းခြောက်နေပြီပေါ့ ဟုတ်လား၊ တောက်၊ တော်တော်လူပါးဝတဲ့ အောက်လမ်းပဲကွာ”

“ရွာထဲက ကာလသားတွေကလည်း အဲဒီလူကို ဓားနဲ့ ထွက်ခုတ်ကြမယ် လုပ်နေတယ်၊ ကိုကြီးတာတေ စဉ်းစားကြည့်လေ၊ သူပေးတဲ့ ဆေးတောင့်လေးကတောင် ဓားပြီးနေမှတော့ ဒီလူကိုယ်တိုင်ကတော့ ပြောစရာမလိုတော့ဘူးပေါ့ဗျာ၊ ဓားတင်မဟုတ်ဘူး၊ သေနတ်ပါ ပြီးနေမှာပေါ့”

ကျောက်ခဲ ပြောတာကို ကျုပ်က ခေါင်းညိတ်ပြလိုက်တယ်။

“ဟုတ်တယ် ကျောက်ခဲ၊ မင်းပြောတာ ဟုတ်ပါတယ်၊ ဒီလူ တကယ်လည်း တုတ်၊ ဓား ပြီးလောက်ပါတယ်၊ ဒီကိစ္စ ရမ်းမလုပ်ကြစေနဲ့၊ ငါ တိုင်ပင်သင့်တဲ့သူနဲ့ တိုင်ပင်မယ်”

ကျုပ်က နဂါးဆေးပေါ့လိပ်ကလေးဖွာပြီး စဉ်းစားနေတာဗျ။





“ကိုကြီးတာတေ”

ဟော လာပြန်ပြီဗျို့၊ နောက်တစ်ယောက်။ ဒါက သံမဏိဗျ။

“ဟော့ကောင် သံမဏိ လာလေ”

သံမဏိ အိမ်ပေါ်တက်လာတော့ အမေက ဆီးမေးပြန်တယ်ဗျ။

“ဟဲ့ သံမဏိ၊ နင် ထမင်းကြမ်း စားပြီးပြီလား”

“စားပြီးပြီ အရီး၊ မနေ့ကကျန်တဲ့ ဝက်သားဟင်းနဲ့ ထမင်းစားလာတာ”

“အလို၊ နင့်အမေ ဘယ်က ဝက်သားရလို့တုံး သံမဏိရဲ့”

“မီးလောင်ကုန်းမှာ ဆုံတာလို့ ပြောတယ် အရီးရဲ့”

“သြော် ဒါကြောင့် အရီး မသိလိုက်တာကိုး”

“ကိုကြီးတာတေကို ဘွားမယ်ထုံက သူ့ဆီမှာ ထမင်းလာစားတဲ့၊ သူ ဟင်းကောင်းချက်လို့တဲ့”

“ဟေ ဟုတ်လား၊ ဒါဆိုရင် ဘွားလည်း ဝက်သားချက်ပြီထင်တယ်ကွ၊ အေး အေး၊ ငါ သွားလိုက်မယ်၊ သူခေါ်နိုင်းလို့ မလာရင် ဘွားက ငါ့ကို စိတ်ဆိုးနေမှာကွ”

အမေက အဘကိုကြည့်ပြီး မေးငေါ့ပြတယ်ဗျ။ အမေက



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကို စတော့မယ်ဆိုတာ ကျုပ် သိတာပေါ့ဗျာ။

"ကျောက်ခဲတို့ သံမဏိတို့ရေ၊ နင်တို့ကိုကြီးတာတေက မယ်ထုံကြီးနဲ့ ကြိုက်နေတာလား မသိဘူးနော်၊ မယ်ထုံကြီးက ဟင်းကောင်းချက်တိုင်း သူ့ကို ထမင်းခေါ်ကျွေးတာပဲ"

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

အမေ့စကားကြားတော့ ကျောက်ခဲနဲ့ သံမဏိက အော်ပြီး ရယ်တော့တာဗျို့။ ဒီကောင်နှစ်ကောင် အရယ်ရပ်မှ ကျုပ်က ပြောရတာ။

"နေပါဦး ကျောက်ခဲရဲ့၊ အဲဒီအပျိုနို့ရည်ကို လေးလေးဘရိုက ဘယ်တော့သွားပေးရမှာတုံး"

"ဒီညတဲ့ဗျ၊ ဒီည လာမပေးရင် သန်းခေါင်ကျော်တာနဲ့ တစ်ရွာလုံး သူ့အကြောင်း သိစေရမယ်လို့ ပြောလိုက်သတဲ့ဗျာ"

"အေး ကောင်းပြီ၊ ငါ ကြည့်လုပ်မယ်"

ဒီကောင်တွေ ပြန်သွားပြီး ခဏကြာတော့ ကျုပ်က ဘွားမယ်ထုံရဲ့အိမ်ကို လာခဲ့တယ်။ ဒီသတင်းက တစ်ရွာလုံးတော့ ပျံ့နေပြီဗျ။ ဟိုနားစုစု၊ ဒီနားတိုးတိုးနဲ့တော့ လုပ်နေကြပြီ။

"ဘွား သတင်းကြားပြီးပြီလား"

"အေး ကြားပြီးပြီ၊ အဲဒါကြောင့် နင့်ကို ငါခေါ်ရတာပေါ့"





"ဟုတ်ကဲ့ ဘွား၊ ပြောပါ"

"ဒီအကောင်က တော်တော်ကို ယုတ်မာတဲ့အကောင်ပဲ တာတေရဲ့၊ ဒီကောင်လုပ်တဲ့ ပညာကို ငါသိတယ်၊ သူပေးတဲ့ ဆေးကိုလိမ်းပြီး နို့ညှစ်ပေးလိုက်တာနဲ့ အဲဒီမိန်းကလေးတွေဟာ သူ့မယားဖြစ်ပြီသာ မှတ်တော့ပေ့ါ၊ ဒီကောင်က အင်မတန် ယုတ်မာတဲ့နည်းနဲ့ စီရင်ထားတဲ့ဆေးကို ပေးလိုက်တာ၊ ပြီးရင် ခုနစ်နံ နို့ရည်ကို ဒီကောင်က သောက်မယ်၊ အဲဒီအပျိုခုနှစ်ယောက်စလုံး သူနဲ့ မပေါင်းရ မနေနိုင်အောင် ဖြစ်ကြလိမ့်မယ်။ ခုနှစ်ယောက်လုံး ကို ဒီကောင်က ပေါင်းမှာ၊ တစ်ရွာလုံးကို အိပ်အောင် အိပ်မွေ့ချ ပြီး အဲဒီမိန်းကလေးတွေကို လိုက်ပြီးပေါင်းသင်းမှာ။ ဟိုမိန်းကလေး တွေကလည်း သူ့ကို တံခါးဖွင့်ပေးကြမှာပေ့ါ၊ အင်မတန် ယုတ်ညံ့ ပြီး အင်မတန် အစွမ်းထက်တဲ့ ဆေးကိုပေးပြီး လိမ်းခိုင်းလိုက်တာ"

"ဖြစ်မှဖြစ်ရလေဗျာ၊ ဒါဖြင့် ကျုပ်တို့ ဘာလုပ်ရမှာတုံး ဘွားရဲ့"

"ဒီအကောင် ပညာက တော်တော်မြင့်တာ၊ ငါကလည်း ဘယ်တုန်းကမှ လူသတ်တာ မဟုတ်ဘူး၊ ဒီကောင်မျိုးကလည်း အသေမလုပ်ရင် မရဘူးဟဲ့၊ ဒီတော့ ငါ ဒီည မဖဲဝါကိုခေါ်ပြီး လုပ်ခိုင်းမယ်၊ နင်ပါ လိုက်ခဲ့၊ နင်က ဒီအကောင်ကို ဇရပ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



နို့ပန်းကန် သွားပေး"

"ဟင် အဘွား၊ ခုနစ်နံ အပျိုနို့ကို တကယ်ပေးရမှာလား"

"ဩော် နင်ကလည်း အလိုက်တာ တာတေရယ်၊ ငါက ဒီအကောင်ကို အပျိုနို့ရည် ပေးမလားဟဲ့၊ ငါ့တောင်ဘက်ဝိုင်းမှာ သားပေါက်နေတဲ့ ခွေးမကြီးရဲ့နို့ကိုညှစ်ပြီး ခွေးနို့တွေ သွားပေးခိုင်းမှာ၊ နင် သွားပေးရဲ့သလား၊ နင့်နောက်မှာ ငါပါမှာပဲလေ"

"ဟာ ဘွားရယ်၊ မေးမှ မေးပလေဗျာ၊ တာတေက ကဝေလည်း မကြောက်ဘူး၊ အောက်လမ်းလည်း မကြောက်ဘူး၊ ခွေးနို့ဖြစ်ဖြစ်၊ ဝက်နို့ဖြစ်ဖြစ် ကျုပ် သွားပေးရဲပါတယ်ဗျာ"

"ကဲ ဒါဆိုရင် ညရှစ်နာရီထိုးတာနဲ့ နင်လာခဲ့ပေတော့၊ ဒါပေမဲ့ နင့်ကို ငါပြောမယ် တာတေ၊ ဘွားက ဒီရုပ်နဲ့ လာမှာ မဟုတ်ဘူး၊ ဘွားရဲ့ ကိုယ်ပွားထုတ်ပြီး လာမှာ၊ နာမ်ရုပ်ပေါ့ဟယ်၊ ဘွားနာမ်ရုပ်နဲ့လာမှာ၊ နင်မြင်ရမှာ မဟုတ်ဘူး"

"ဟာ ဒီအတွက် မပူနဲ့၊ ကျုပ် မျက်ကွင်းဆေး ကွင်းပြီးလာမှာ၊ ဒိဗ္ဗသောတဂါထာရွတ်ပြီး နားမှာလည်း လိမ်းထားမှာ၊ ဘွားတို့ ပြောတာတွေလည်း ကျုပ် ကြားရမယ်၊ မြင်လည်း မြင်ရမယ်ပေါ့ဗျာ"





"အေး ဟုတ်ပြီ၊ ဒါဆို ဒီည ဘွားစောင့်နေမယ်"

ကျုပ်ဆိုတဲ့ကောင်က ဒါမျိုးများဆိုရင် ဖင်ထိုင်လို့ရတဲ့ ကောင် မဟုတ်ဘူးဗျ။ တစ်နေ့လုံး ညမြန်မြန်ရောက်ပါစေလို့ ဆုတောင်းနေတာ။

ရှစ်နာရီ ဒေါင်ကနဲ ထိုးတာနဲ့ ကျုပ်က ဘွားမယ်ထုံ အိမ်ဝမှာ ရောက်နေပြီလေဗျာ။

"ဟဲ့ တာတေ၊ နင်က အချိန်တော်တော်တိကျပါလား၊ ကဲ လာ လာ၊ ဟောဒီပန်းကန်ထဲမှာ ငါ ခွေးနို့ညှစ်ပြီး ထည့်ထားတယ်၊ ကဲ ငါကိုယ်ပွားထုတ်ပြီး သွားနှင့်မယ်၊ နင် လိုက်ခဲ့ပေတော့၊ မဖဲဝါကိုလည်း ငါခေါ်ထားပြီးပြီ"

ပြောပြီးတာနဲ့ ဘွားမယ်ထုံက အသင့်ခင်းထားတဲ့ အိပ်ရာထဲမှာ လှဲချလိုက်တယ်။ ကျုပ်က မျက်ကွင်းဆေး ကွင်းထားတော့ ဘွားရဲ့ကိုယ်ပွား ထွက်တာကို မြင်ရမှာပေါ့ဗျာ။

"ဟော ထွက်လာပြီ၊ ထွက်လာပြီဗျို့၊ ဘွားမယ်ထုံရဲ့ ကိုယ်ပွားက ဘွားအိပ်နေတဲ့အတိုင်း ပက်လက်ကလေး ထွက်လာတာဗျ။ ဟော အပေါ်ကို တက်သွားပြီ၊ ဟာ ပျောက်သွားပြီဗျို့။ မြန်လိုက်တဲ့ ဘွားမယ်ထုံဗျာ၊ အပေါ်ကို လေးတောင်လောက် မြောက်တက်လာပြီး တစ်ခါတည်း ပျောက်သွားတာဗျ။ အဲ့



www.burmeseclassic.com

www.burmeseclassic.com



လောက်ဆိုရင် ဘွားမယ်ထုံ ထနောင်းကုန်းသင်္ချိုင်းထဲကို ရောက်နေလောက်ပြီပေါ့ဗျာ”

အိပ်ရာပေါ်မှာတော့ ခန္ဓာကိုယ်က အိပ်လို့ပေါ့ဗျာ။ ကျုပ်အချိန်မဆိုင်းတော့ဘဲ ချက်ချင်းထွက်လာတယ်။ လက်ထဲမှာလည်း ခွေးနို့ပန်းကန်ကို မမှောက်အောင် သေသေချာချာ ကိုင်လာတယ်ဗျ။ ကိုယ်မှာလည်း ကျုပ်ရဲ့ ဆေးလွယ်အိတ်ကို စလွယ်သိုင်းထားရသေးတာလေဗျာ။ ကျုပ်ရောက်တော့ အောက်လမ်းက ဖယောင်းတိုင်တစ်တိုင် ထွန်းထားတယ်ဗျ။ ဇရပ်ကလေးတစ်ခုလုံး လင်းနေတာပေါ့ဗျာ။ ဖယောင်းတိုင်ကလည်း ဇရပ်ကြမ်းပြင်မှာ ထွန်းထားတာ မဟုတ်ဘူးဗျ။ လူခေါင်းခွံတစ်ခုပေါ်မှာ ထွန်းထားတာဗျ။ သူ့ဘေးမှာလည်း လူလက်ဖျံရိုးကြီးတစ်ချောင်း ချထားသေးတယ်။ ကျုပ်က ဘွားမယ်ထုံကို မသိမသာ ရှာကြည့်တော့ ဘွားက ဇရပ်ရဲ့ တောင်ဘက်ထောင့်မှာ အသာလေး ငြိမ်ပြီး ရပ်နေတယ်ဗျ။ ခပ်လှမ်းလှမ်းက အုတ်ဂူပေါ်မှာ မဖဲဝါကြီးက ဆောင့်ကြောင့်ကြီး ထိုင်လို့ဗျာ။ နက်ကျော်ကြီးကလည်း ဂူကြီးဘေးမှာ ဝပ်ပြီး အောက်လမ်းကြီးကို ကြည့်နေတယ်ဗျ။

ကျုပ်က ဇရပ်ရဲ့လှေကားထစ်မှာ ရပ်လိုက်တယ်။

“ဟဲ့ ကလေး၊ မင်း ဘယ်ကတုံး”





“ကျုပ် ထနောင်းကုန်းကပါ ဆရာ”

“ဟုတ်လား၊ ဘာလာလုပ်တာတုံး”

“လေးလေးဘရီ ခိုင်းလိုက်လို့ပါ၊ ဆရာ မှာထားတဲ့ ခုနစ်နံ့ အပျိုနို့ရည် လာပို့တာပါ ဆရာ”

“ဟေ ဟုတ်လား၊ မင်းနာမည်က ဘယ်သူတဲ့တုံး”

“ကျုပ်နာမည် တာတေပါ ဆရာ”

“တာတေ ဟုတ်လား၊ တယ်ကောင်းတဲ့ နာမည်ပါလား၊ မင်း ဒီအချိန်ကြီး သင်္ချိုင်းကုန်းကိုလာတာ မကြောက်ဘူးလား တာတေ”

“ကျုပ် မကြောက်တတ်ပါဘူး ဆရာ”

“ဟား ဟား၊ ကောင်းတယ်ကွာ၊ နို့ မင်း ငါ့တပည့် မခံချင်ဘူးလားကွ”

“ဟာ ဆရာရယ်၊ ကျုပ်က ဆရာတို့လို ဆရာကြီးတွေရဲ့ တပည့် သိပ်ဖြစ်ချင်တာပေါ့ဗျာ”

ကျုပ်ကလည်း အလိုက်အထိုက်တွေ ပြောနေရတာပေါ့ဗျာ။

ဟား၊ ဟား၊ ဟား၊ သိပ်ကောင်းတာပေါ့ တာတေရာ၊ သိပ်ကောင်းတာပေါ့၊ နို့ နေပါဦးကွ၊ ဒီနို့ရည်တွေ ပေးလိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်မတွေက ချောချောလှလှတွေရော ဟုတ်ရဲ့လားကွ”

“ဟာ ဆရာရယ်၊ ကျုပ်တို့ရွာရဲ့ အချောဆုံးတွေလေဗျာ၊ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်တွေချည်းပဲဗျ”

“ဟား၊ ဟား၊ ဟား၊ ကောင်းလိုက်တာကွာ၊ နို့ နေပါဦး တာတေရဲ့၊ ဒီနို့ရည်ကို ကျေကျေနပ်နပ် ပေးလိုက်ကြတာရော ဟုတ်ရဲ့လား”

“ဟာ ဆရာ့ပေးလိုက်တဲ့ ဆီရေလိုလိုဆေးက တယ် လည်းစွမ်းတာကိုး ဆရာရဲ့၊ အဲဒီဆေးကို ထိလိုက်တာနဲ့ တန်းပေး ကြတာ၊ ပြီးတော့ ဆရာ့ကို မြင်ဖူးချင်တယ်ချည်း တန်းပြောကြ တာဗျ”

“ဟာ၊ ဒါကို မင်းကိုယ်တိုင် လိုက်ယူလာတာလား”

“ဟုတ်တယ် ဆရာ၊ လေးလေးဘရီက ကျုပ်ကို တာဝန် ပေးလို့ ကျုပ် လိုက်ယူရတာဗျ”

“ဟား၊ ဟား၊ ဟား၊ ဟား၊ တာတေ မင်းကတော့ တကယ့်ကောင်ပဲကွာ၊ ဘာတဲ့ သူငယ်မတွေက ဆရာ့ကို မြင်ဖူး ချင်သတဲ့လား၊ ဟား၊ ဟား၊ ဟား၊ ဟား၊ မြင်ဖူးရမှာပါ၊ မြင်ဖူး ရမှာပါ၊ ဟား၊ ဟား၊ ဟား၊ ဟား”

အောက်လမ်းကောင်က နှုတ်ခမ်းမွေးလေး ကားသွား





အောင် အားရပါးရ ရယ်နေတာဗျို့။ ပြီးတော့ နို့ကို နမ်းကြည့် တယ်။ ကျုပ်ရင်ထဲမှာ ဒိတ်ကနဲ ဖြစ်သွားတာပေါ့ဗျာ။ နမ်းလိုက် လို့ ခွေးနို့တွေမှန်း သိသွားရင် ကျုပ်ကို သတ်တော့မှာပေါ့ဗျာ။

“ဟား၊ ဟား၊ ဟား၊ ဟား၊ ဒီနို့ရည်ကို နမ်းကြည့်ရုံနဲ့ သူငယ်မတွေရဲ့ အနံ့လေးတွေကိုတောင် ရနေပြီ တာတေရေ၊ ကဲ ရော့၊ ဟောဒီလက်ဖျံရိုးကို ကိုင်ပြီး ဟောဒီခေါင်းခွံကို ခပ် ဖြည်းဖြည်း မှန်မှန် ခုနစ်ချက် ဆက်တိုက်တီးပေတော့၊ ဆရာက ဒီနို့ကို သောက်မယ်၊ အောက်လမ်းကလူ လက်ဖျံရိုးကြီးကို ကျုပ် ဆီကို တိုးပေးလိုက်တယ်။ ပြီးတော့ သူထိုင်နေတဲ့နောက်က လူခေါင်းခွံကြီးတစ်ခုကိုယူပြီး ကျုပ်ရှေ့မှာ ချပေးလိုက်တယ်။ ဟာ ခေါင်းခွံကြီးက တော်တော်ကြီးတာဗျ။ လူဝကြီးတစ်ယောက် ရဲ့ ခေါင်းခွံကြီးဖြစ်မယ် ထင်တယ်ဗျို့။

အောက်လမ်းက ကျုပ်ယူလာတဲ့ နို့ပန်းကန်ကို လက်နဲ့ ကောက်ကိုင်ပြီး နှုတ်ခမ်းမှာ တေ့တယ်။ ကျုပ်က လူလက်ဖျံရိုးနဲ့ ခေါင်းခွံကို တီးပေးလိုက်တယ်။

“တုံ၊ တုံ၊ တုံ၊ တုံ၊ တုံ၊ တုံ၊ တုံ”

အားလုံး ခုနစ်ချက်။ ကျုပ်လည်း ခုနစ်ချက်တီးပြီးရော အောက်လမ်းလည်း နို့ပန်းကန်ကို သောက်ပြီးရောဗျ။ ဒီအောက်



www.burmeseclassic.com

www.burmeseclassic.com



လမ်း ခွေးနို့မှုန်း မသိတာ ကျုပ် အံ့သြတယ်ဗျာ။ ဒါပေမဲ့ ကျုပ် ချက်ချင်းသတိရသွားတယ်ဗျ။ ဒါ ဘွားမယ်ထုံရဲ့ ပညာနဲ့ လုပ်ပေး လိုက်လို့ လူနို့လို့ ထင်သွားတာဖြစ်မယ်ဗျ။ တော်သေးတာပေါ့ ဗျာ။ မဟုတ်ရင် ကျုပ်ကို အောက်လမ်းက အသေသတ်မှာဗျို့။

"ဟား၊ ဟား၊ ဟား၊ ဟား၊ အောင်ပြီဟေ့ တာတေရေ အောင်ပြီကွ၊ ကဲ ငါ့တပည့် မင်းကို လက်ဆောင်ပေးမယ်၊ တုတ် ပြီး၊ စားပြီး ဆေးတောင့်ကွ၊ ရော့ ယူသွား၊ မနက်ကျတော့ မင်းစိတ်ကြိုက် စမ်းကြည့်ပေတော့၊ သူများကို မပေးရဘူး၊ ရောင်း မစားရဘူး၊ ကြားလား တာတေ"

"ဟုတ်ကဲ့ ဆရာ"

ကျုပ်က သူပေးတဲ့ ဆေးတောင့်ကိုယူပြီး ဇရပ်ပေါ်က ခပ်သုတ်သုတ် ဆင်းလိုက်တယ်။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

ဘွားမယ်ထုံရဲ့ အော်ရယ်တဲ့ အသံကြီးဗျ။ ကျုပ်က သချိုင်းဇရပ်ဘေးက ကုက္ကိုပင်ဘေးကို ပြေးကပ်လိုက်တယ်။

"နင် ဘယ်သူတုံး၊ ဘာကိစ္စ ဒီကိုလာတာတုံး စုန်းမ၊ နင့်အဆင့် ဘယ်လောက်ရှိလို့တုံး ဟဲ့ကောင်မကြီး"

"ငါ့နာမည် မှတ်ထား အောက်လမ်းစုတ်၊ ငါ့နာမည်က





မယ်ထုံတဲ့၊ ဟောဒီထနောင်းကုန်းရွာသူစစ်စစ်၊ ပညာအဆင့်က မောက်ကတော်ကိုးဟေ့၊ ကဲ ငါ့ရွာကို လာပြီး စော်ကားတဲ့ အကောင် အခုချက်ချင်း ဇရပ်ပေါ်က ဆင်းခဲ့စမ်းဟေ့"

"ဩော် နင်က တယ်စွာတဲ့ ကောင်မကြီးပါလား၊ ဟား၊ ဟား၊ ဟား၊ ဟား၊ စောစောက ငါသောက်လိုက်တဲ့ နို့ရည်ထဲမှာ နင့်နို့ရည်ကော ပါနေသလား စုန်းမ၊ ငါက နင့်လို အိုကြီးအိုမကို စိတ်ကူးတာ မဟုတ်ဘူးနော်၊ နင် ကြားတယ်မို့လား၊ စောစောက နို့ရည်လာပို့တဲ့ ကောင်လေး ပြောသွားတာ၊ သူငယ်မလေးတွေက ငါ့ကို မြင်ချင် တွေ့ချင်နေကြပြီ ဆိုတာလေ၊ ဟား၊ ဟား၊ ဟား၊ နင် မပူနဲ့၊ ငါ ဒီမှာ နှစ်ညပဲနေမှာ၊ သူတို့တွေ ငါ့မယား လေးတွေ ဖြစ်သွားပြီးရင် ငါ ဒီကနေ ထွက်သွားမှာ ကြားလား၊ နင် ဘာမှမနာလိုဖြစ်မနေနဲ့ သေနာမကြီး၊ ငါ ဘာကောင်တုံးဆို တာ သိချင်ရင် ရော့ ဟောဒီအမြည်းလေး စမ်းကြည့်လိုက်"

အောက်လမ်းက ပြောပြောဆိုဆိုနဲ့ သူ့လက်နှစ်ဖက်ကို ခေါင်းပေါ်မှာဝှေ့ပြီး ရမ်းလိုက်တယ်။ ပြီးတော့ သူ့လက်တွေကို ငုံ့ကြည့်တယ်။ လက်ထဲမှာ ဘာမှပါမလာဘူးဗျ။ အောက်လမ်း တစ်ချက်တွေသွားတယ်ဗျ။ ဟော နောက်တစ်ခါ ထပ်လုပ်ပြန်ပြီ ဗျို့။ လက်နှစ်ဖက်ကို ခေါင်းပေါ်မှာ ဝှေ့ဝိုက်ပြီး လုပ်ပြန်ရောဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ကလည်း ပွစိ ပွစိနဲ့ ရွတ်လို့ဗျ။ ဘွားမယ်ထုံက အောက်လမ်းလုပ်တာကို ပြုံးပြီးကြည့်နေတယ်။ ဘွားက ဇရပ်ရှေ့က မြေကွက်လပ်မှာ ရပ်နေတာဗျ။ အောက်လမ်းက ဇရပ်ပေါ်မှာ။ လကွေးကွေးလေးက သာနေတော့ သချိုင်းတစ်ခုလုံးကို ဝါးဝါးလေး မြင်နေရတာပေါ့ဗျာ။

ကျုပ်ကြည့်နေတုန်းမှာ ဘွားက လက်ကို ဖျတ်ကနဲ ရမ်းလိုက်တယ်။ ဟာ အောက်လမ်းလက်ထဲမှာ သစ်ကိုင်းချောက်ကြီးတစ်ခုဗျ။ အောက်လမ်းက လက်ထဲက သစ်ကိုင်းချောက်ကြီးကို ကြည့်ပြီး ကြမ်းပြင်ပေါ် ပစ်ချလိုက်တယ်။

"ဟား၊ ဟား၊ ဟား၊ နင့်မြွေတွေကို ခေါ်နေတာလား ဟဲ့အောက်လမ်းကောင်ရဲ့၊ သုံးလောကထွတ်တင် ဘုရားရှင်ရဲ့ ပုံတော်ကို ခြေဖဝါးမှာ ထိုးရဲတဲ့ အဝီစိငရဲဆင်းမယ့်အကောင်၊ နင် စောစောက သောက်လိုက်တာ အပျိုစင်ခုနစ်ယောက်ရဲ့နို့ မဟုတ်ဘူးဟဲ့၊ ငါ့ဝိုင်းတောင်ဘက်ဝိုင်းက သားပေါက်နေတဲ့ ခွေးသအုပ်မကြီးရဲ့ နို့တွေ၊ ငါကိုယ်တိုင် ညှစ်ပြီး လူနို့နံ့ဖြစ်အောင် ငါပညာနဲ့ စီရင်ထားတာ သိပြီလား။ နင် ခွေးနို့သောက်ပြီးမှတော့ ဘယ်မြွေကို ခေါ်လို့ရတော့မှာတုံး။ နင့်ထက်မကတဲ့ အကောင်တွေတောင် ငါ့နယ်ကိုလာရင် ငါ့ကို အကြောင်းပြုပြီးမှ လာကြ





တာ၊ နင်က ဘာကောင်မို့လို့ ငါ့ကို ပမာမခန့်လုပ်ပြီး ငါ့ရွာကို စော်ကားဖို့ ကြံစည်တာတုံး။ အခု နင့်ပညာဟာ သုံးပုံတစ်ပုံပဲ ကျန်တော့တယ်မို့လား၊ ဒီတော့ ငါ နင့်ကိုပြောမယ်၊ နင် အခု ချက်ချင်း ငါ့ကို တောင်းပန်၊ ပြီးရင် ဒီရွာက ချက်ချင်းထွက်သွားပေတော့"

"ဟား၊ ဟား၊ ဟား၊ ဟား၊ နင့်ဖာသာနင် မောက်ကတော်ဖြစ်ဖြစ်၊ မောက်ပြားဖြစ်ဖြစ် ငါ ဂရုမစိုက်ဘူး၊ စုန်းမ၊ နင့်ကို ငါသတ်မယ်၊ အခုချက်ချင်း သတ်မယ်"

ပြောပြောဆိုဆိုနဲ့ အောက်လမ်းက စောစောက ကျုပ်ခေါင်းခွံတီးပေးတဲ့ လူလက်ဖျံရိုးကြီးကို ကောက်ကိုင်လိုက်တယ်ဗျို့။ ပြီးတာနဲ့ ဇရပ်လှေကားက ပြေးဆင်းလာတယ်။ ဘွားမယ်ထုံရဲ့ ရှေ့တစ်လံအကွာလောက်မှာ ခြေစုံရပ်ပြီး ဘွားမယ်ထုံက အယုတ္တ အနတ္တ စုံအောင် ဆဲတော့တာပဲဗျာ။

ဟော ရိုက်ပြီဗျို့၊ ပြေးရိုက်လိုက်ပြီ။ ဘွားမယ်ထုံကို လက်ဖျံရိုးကြီးနဲ့ ပြေးရိုက်တာဗျာ။ ဘွားက လူ့ရဲ့ရုပ်ခန္ဓာနဲ့ လာတာမှ မဟုတ်တာ။ ကိုယ်ပွားနဲ့ လာတာပဲ။ လှစ်ကနဲ ပျောက်သွားတာပေါ့ဗျာ။

"မပြေးနဲ့ မသာမ၊ နင့်ကို ငါသတ်ပြီးမှ ဒီက ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



မယ်''

ဘွားက အဝေးကြီးသွားတာ မဟုတ်ဘူးဗျ။ သူ့နောက်နားမှာ ဖျတ်ကနဲ ပြန်ပေါ်လာတယ်။

''ဟဲ့အကောင် ငါ ဒီမှာ၊ ငါက ပြေးတဲ့အစားမဟုတ်ဘူး''

ဟာ ရိုက်ပြန်ပြီဗျို့။ အောက်လမ်းက ဒီတစ်ခါ လှစ်ကနဲ ပြေးရိုက်တာဗျို့။ ဟော ဘွားက ပျောက်သွားပြန်ပြီဗျာ။

''မသာမကြီး မပုန်းနဲ့၊ နင် ငါ့ကို ဖြောင်ရင်ဆိုင်စမ်း''

''ဟဲ့ ငါ ဒီမှာ၊ နင်ကြိုက်သလောက် ရိုက်စမ်းဟေ့၊ အဝီစိကောင်''

ဘွားက သူ့တောင်ဘက်က ပေါ်လာပြန်ရောဗျို့။

ဟာ အောက်လမ်းက ဘွားကို လွှဲလွှဲပြီး ရိုက်တာဗျို့။ ဒါပေမဲ့ သူ ဘယ်လောက်ပြေးပြေး ရှေ့ကို မရောက်ဘူးဗျို့။ သူကတော့ သူပြေးပြီးရိုက်တာ ရှေ့ကို ရောက်သွားတယ်ထင်ပြီး ဘွားကို လွှဲရိုက်နေတာဗျ။

အောက်လမ်းက ဘွားကို ရိုက်ရင်းနဲ့ မောနေပြီဗျို့။

''မသာမ၊ နင် ဦးသွားလို့ ငါခံလိုက်ရတာဟေ့၊ မဟုတ်ရင် နင် အခုလောက် အသက်ရှင်မှာ မဟုတ်ဘူး စုန်းမရဲ့''





''ဟဲ့အကောင် ခွေးနို့သောက်မှတော့ နင့်ပညာ ပျယ်ပြီပေါ့ဟယ်၊ ကဲ နင် မသေချင်သေးရင် အခုချက်ချင်း ငါ့ကို တောင်းပန်ပြီး ဒီကနေ ထွက်သွားပေတော့၊ ပြီးတော့ ဒီနယ်ကို ဘယ်တော့မှ မလာပါဘူးလို့ ငါ့ကို ကတိပေးရမယ်''

''ဟဲ့ကောင်မ နင် ငါ့ကို သတ်နိုင်ရင် သတ်လိုက်၊ နင့်ကို ငါ မတောင်းပန်ဘူး၊ ဘာကတိမှလည်း ငါ မပေးဘူးမှတ်ပါ''

''ဩော် ဒီလိုလား၊ နယ်လှည့်ပြီး ကာမေသုမိစ္ဆာကျူးလွန်နေတဲ့ နင့်လိုအကောင်ဟာ လူ့လောကနဲ့ မတန်ဘူးဟဲ့၊ အဝီစိနဲ့ပဲ တန်တယ်''

ဟာ၊ ဘွား စက်တွေ လွှတ်ပြီဗျို့။ ဘွားရဲ့ လက်ချောင်းတစ်ချောင်းစီက လက်ကနဲ လက်ကနဲဖြစ်ပြီး စက်တွေ ထွက်လာတာဗျို့။ ဟော စက်တွေက အောက်လမ်းကို ပတ်သွားပြီဗျို့။ ဟော အောက်လမ်းကောင်က အတင်းရုန်းနေပြီ။ ဟော လက်ထဲက လူ့လက်ဖျံရိုးကြီး လွှတ်ကျသွားပြီဗျို့။

''သတ်စမ်း၊ နင်သတ်နိုင်ရင် သတ်စမ်း၊ စုန်းမစုတ်''

''နင့်လိုအကောင်ကို ငါ သာသာလေး သတ်လို့ရတယ်၊ ဒါပေမဲ့ ငါက လူမသတ်ဘူးဟဲ့၊ နင်သိသလား၊ အခု နင့်ကိုသတ်



www.burmeseclassic.com

www.burmeseclassic.com



မယ့်သူ ရောက်နေပြီ၊ နင် တွေ့လား''

ဘွားက ပြောလိုက်တော့ အောက်လမ်းက မျက်လုံးပြူး ကြီးနဲ့ ဟိုကြည့် ဒီကြည့် ကြည့်နေရောဗျာ။

''ဟင်…မ…မ…မဖဲဝါ''

အောက်လမ်းရဲ့ စကားတောင် မဆုံးသေးပါဘူးဗျာ။ မဖဲဝါကြီးက လွှားကနဲ ခုန်လိုက်ပြီး လက်ဝါးကြီးနဲ့ အောက်လမ်း ရဲ့ ကျောကုန်းကို ရိုက်တော့တာပဲဗျာ။

''ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း''

''ဝေါ့'' ''ဝေါ့'' ''အား''

အောက်လမ်းက ဒူးထောက်ရက်ကြီး ကျသွားပြီး သွေး တွေ အန်တော့တာပဲဗျာ။ 'အား' ဆိုပြီး အော်လိုက်တဲ့ အသံကြီး က အသံနက်ကြီးပါဗျာ။ ရှေ့ကို မှောက်ခုံကြီး ထိုးကျသွားပြီဗျို့။ ယောဆန့်ငင် ဆန့်ငင်နဲ့ ဖြစ်ပြီးတော့မှ ငြိမ်သွားတာဗျို့။ မဖဲဝါရဲ့ ခွေးနက်ကြီးက ဂူဘေးမှာ မတ်တတ်ရပ်ပြီး သေသေချာချာ ကြည့် နေတာဗျို့။ မသေသေးရင် သူပါ ဝင်ကိုက်မယ့်ပုံဗျ။ ဒါပေမဲ့ အောက်လမ်းက မလှုပ်တော့ပါဘူးဗျာ။ ဘွားမယ်ထုံက သူ့စက် တွေကို ပြန်သိမ်းလိုက်ပြီး ပျောက်သွားတယ်ဗျို့။

မဖဲဝါလည်း ချာကနဲ လှည့်ထွက်သွားပြီ။





''ဂူး၊ ဂူး၊ ဂူး၊ ဂူး၊ အီး၊ အီး၊ အီး''

နက်ကျော်ကြီးရဲ့ အူသံလည်း တဖြည်းဖြည်း ဝေးသွားပြီ ဗျို့။ ကျုပ်လည်း မှောင်ရိပ်ခိုပြီး ရွာထဲကို ဝင်လာခဲ့တယ်။ အဖိုးစင် ခုနစ်ယောက်ရဲ့ နို့ရည် မသောက်လိုက်ရဘဲ ဘွားမယ်ထုံကိုယ်တိုင် ညစ်တိုက်တဲ့ ခွေးနို့တွေသောက်ရင်း ပညာတွေ ပျက်သွားတဲ့ အောက်လမ်းရဲ့ အလောင်းကို ကျုပ်တို့ရွာသားတွေ ညတွင်းချင်း ကျင်းတူးပြီး မြှုပ်ပစ်လိုက်ကြတယ်။ ဘယ်သူ ဘာလုပ်လိုက်တယ် ဆိုတာ သူတို့ မသိလိုက်ကြဘူးဗျ။ မဖဲဝါ သတ်ပစ်လိုက်တာလို့ ကျုပ်က သူတို့ကို တစ်ခွန်းပဲ ပြောလိုက်တာလေဗျာ။ ကျုပ်ပြောတဲ့ အထဲမှာ ဘွားမယ်ထုံဆိုတဲ့ စကားလေး တစ်ခွန်းတောင်မှ ပါခဲ့တာ မဟုတ်ဘူးလေဗျာ။

ကျုပ်တို့ ထနောင်းကုန်းသားတွေက တာတေ့ကို ယုံပြီး သားပါဗျာ။ အဲ ပြောရဦးမယ်ဗျို့၊ လေးလေးဘရီကို တစ်တောင့်၊ ကျုပ်ကို တစ်တောင့် ပေးခဲ့တဲ့ အောက်လမ်းရဲ့ ဓားပြီးဆေးကြီးက လည်း အောက်လမ်း မရှိတော့တဲ့ အချိန်ကစပြီး နည်းနည်းမှကို မစွမ်းတော့ဘူးဗျို့။ တစ်ပွဲထိုး လှည့်စားတဲ့ ဆေးတွေပေါ့ဗျာ။ အောက်လမ်း ပေးခဲ့တဲ့ ဆေးတွေအားလုံးကို ဖျက်ဆီးပစ်လိုက်ကြ တယ်။ ဘယ်သူမှ မသိတဲ့ ကျုပ်တို့ရွာက ဝမ်းတွင်းစုန်းမကြီး

www.burmeseclassic.com



ဘွားမယ်ထုံက ရွာအပေါ်ကို အန္တရာယ်ပြုမယ့် အောက်လမ်းတစ်ယောက်ရဲ့ရန်ကို ပိပိရိရိနဲ့ ကာကွယ်ပေးခဲ့တာကို ကျုပ်တစ်ယောက်ကလွဲရင် ဘယ်သူမှ မသိကြဘူးပေါ့ဗျာ။

ကျုပ်ကတော့ ဘွားမယ်ထုံ ဝက်သားချက်တိုင်း ထမင်းသွားစားနေတုန်းပါပဲဗျာ။

တာတေ

□□□





BURMESE CLASSIC .com

## အင်းကြီးတရွှေ

ကျုပ်တို့အညာမှာတော့ အင်းမရှိဘူးပေါ့ဗျာ။ အဲ·· မန္တလေးမှာတော့ တက်သေးအင်းတို့၊ တောင်သမန်အင်းတို့ရှိတာပေါ့ဗျ။



www.burmeseclassic.com

www.burmeseclassic.com



တာတေ··အောက်ပြည်ကအင်းတွေရှိတဲ့ဒေသကိုသွားတုန်းကပေါ့။ ကျုပ်က ကိုဆိပ်ဖွားနဲ့လိုက်သွားတာဗျ။ လေးလေးဆိပ်ဖွားအကြောင်းကို ကျုပ်ရေးခဲ့တဲ့ ပင်လယ်စုန်းဝတ္ထုမှာ ဖတ်ကြည့်ရင်သိမှာပါ။

လေးလေးဆိပ်ဖွားက အောက်ပြည်က ငပိ၊ ငါးခြောက်တွေယူပြီး ကျုပ်တို့ဘက်က အညာရွာတွေမှာရောင်းတာလေဗျာ။ ငပိဖိုး၊ ငါးခြောက်ဖိုးတွေကို အောက်ပြည်ဆင်းခါနီးတော့မှ လိုက်သိမ်းတာဗျ။ ဒီတော့လည်း လူတိုင်းကဝယ်ကြတာပေါ့။ တချို့ကလည်းလက်ငင်းပေးကြတာပါ။ လေးလေးဆိပ်ဖွားက ငပိ၊ ငါးခြောက်အဝယ်သွားတော့ ကျုပ်ကလိုက်သွားတာဗျ။ ရွာနာမည်ကိုက 'အင်းရွာကြီး' တဲ့ဗျ။ ရွာလည်မှာ လယ်လုပ်သူတွေက များပါတယ်။ ဒါပေမယ့် အင်းကြီးတွေ ငါးအင်း၊ ခြောက်အင်း ရှိတယ်ဗျ။ ဗျက်ကြီးအင်း၊ ကုလားပုအင်း၊ ရိုးကြီးအင်း၊ ရေပြန်အင်း၊ ဖောင်းတလားအင်း၊ ခေါင်းပြတ်အင်းတဲ့ဗျို့။ အင်းတစ်အင်းစီမှာ အင်းသူကြီးတစ်ယောက်စီရှိတာပေါ့။ ဒီအင်းတွေကိုနှစ်တိုင်း အစိုးရဆီမှာလေလံဆွဲယူကြရတာ။ လေလံအောင်မှ အင်းလုပ်ခွင့်ရတာလေဗျာ။

ဒီနယ်တွေမှာတော့ အင်းသူကြီးဆိုတာ လူချမ်းသာတွေချည်းပဲဗျ။ အင်းသူကြီးသား၊ အင်းသူကြီးသမီးဆိုရင် မျက်နှာပွင့်





လိုက်ကြတာလွန်ရောဗျာ။ ဒါပေမယ့် တောင်သူလယ်လုပ်၊ ငါးခုတ်သူတွေကတော့ သူတို့ကိုရှောင်ကြတယ်ဗျ။ အကုသိုလ်ကြောက်ကြလို့ပေါ့။ သူတို့ပြောတဲ့ အင်းသူကြီး ဇာတ်လမ်းတွေကများသား။ ဘုရားမမြင်ရတော့လို့ အင်းတိုင်ကိုရွှေချပြီး ရှိခိုးတဲ့အင်းသူကြီးတို့ဘာတို့ပေါ့ဗျာ။ တကယ်ဟုတ်မဟုတ်တော့ ကျုပ်လည်းမသိဘူးဗျ။

အင်းရွာကြီးကိုရောက်တော့ လေးလေးဆိပ်ဖွားကသူ့မိတ်ဆွေတစ်ယောက်အိမ်မှာတည်းတယ်ဗျ။ သူတို့ကတော့ လယ်သမားတွေပါ။ ယောက်ျားကကိုဘမောင်တဲ့၊ မိန်းမက မဒေါင်းတဲ့။ လွတ်သဘောကောင်းတဲ့ လင်မယားပါဗျာ။ သားသမီးလည်း မရှိကြဘူး။ တူတွေ မောင်တွေကိုပဲ သားသမီးလို သဘောထားပြီး ကျွေးမွေးနေကြတာ။ ကိုဘမောင်ဆိုတာက အရပ်ရှည်ရှည်ကြီး၊ နှုတ်ခမ်းမွေးကုတ်ကုတ်ကြီးနဲ့၊ သူ့မိန်းမ မဒေါင်းက အသားခပ်လတ်လတ် ရုပ်ကလည်းရွှက်ကြမ်းရေကြည်ပဲဗျ။ နေတာကတော့ အိမ်ကောင်းယာကောင်းနဲ့။ လယ်ပိုင်ချောင်းပိုင်ဆိုပဲဗျ။

လေးလေးဆိပ်ဖွားက အင်းသူကြီးတွေအိမ်မှာ ငါးခြောက်တွေ၊ ငါးပိတွေဝယ်တာပေါ့ဗျာ။ ကိုဘမောင်ကပဲဦးဆောင်ပြီး လိုက်ပို့တာဗျ။ ကျုပ်လည်းတကောက်ကောက်ပေါ့ဗျာ။

www.burmeseclassic.com



လှိုင်းကြက်ခွပ်လေးတွေ တဖျပ်ဖျပ်ထနေတဲ့ အင်းရေပြင်ကျယ်ကြီးကိုမြင်ရတာနဲ့တင် ကျုပ်ပျော်နေတာဗျို့။ တစ်ခုပြောရဦးမယ်။ ကိုဘမောင်က လေးလေးဆိပ်ဖွားကိုနာမည်အရင်းပဲခေါ်တာဗျ။ လေးလေးဆိပ်ဖွားရဲ့နာမည်အရင်းကကိုသောင်းလေဗျာ.။

"ဟော့ကောင် ငသောင်းငါတို့ဒီနေ့ ဇောင်းတလားအင်းမှာသွားဝယ်မယ်။ ဇောင်းတလားအင်းသူကြီးက ဦးစံခိုတဲ့ကွ၊ ငါနဲ့တော်တော်ရင်းနှီးတယ်။ သူ့မိသားစုစားဖို့ရော၊ သူ့အလုပ်သမားတွေစားဖို့ပါတစ်နှစ်စာ ငါ့ဆီမှာဆန်ပိုစားအပ်ထားတာကွ၊ နှစ်လတစ်ခါလောက်ဘောက်တူနဲ့ မြို့ကဆန်စက်တွေမှာ ဆန်ပိုစားသွားကြိတ်ရတယ်"

"ဟော--ဟုတ်လား၊ အင်းသူကြီးနဲ့မင်းနဲ့ကလူခင်တွေဆိုတော့ ကောင်းတာပေါ့ကွ ဘမောင်ရ။ သွားကြမယ်လေ"

ကျုပ်ကခင်ဗျားနားလည်အောင်ပြောချင်တာတစ်ခုရှိတယ်။ 'ဆန်ပိုစား' ဆိုတာက အောက်ပြည်အောက်ရွာတွေရဲ့ဓလေ့တစ်ခုပေါ့ဗျာ။ ဒီလိုဗျ။ ခင်ဗျားက ဆန်ပိုစားကြိတ်တဲ့သူဆိုရင် ခင်ဗျားမှာ ဘောက်တူဖြစ်ဖြစ်၊ သမ္ဗာန်ဖြစ်ဖြစ်ရှိရတယ်။ ရွာထဲကခင်ဗျားနဲ့ရင်းနှီးတဲ့လူတွေက ခင်ဗျားဆီမှာဝမ်းစာအတွက်ဆန်ပိုစား အပ်ထားကြတယ်။ သူတို့မိသားစုမှာဆန်လိုပြီဆိုရင် ခင်ဗျားက ဆန်ပိုစားအပ်ထားတဲ့လူတွေရဲ့အိမ်ဆိပ်မှာ လှေကြီး





ကပ်ပြီးစပါးအိပ်တွေထမ်းတင်ရတယ်။ အဲ့ဒီလိုတစ်အိမ်ပြီးတစ်အိမ်လိုက်ပြီး စပါးတွေတင်ပြီး သွားကြိတ်ခွဲပေးရတယ်။ ကြိတ်ခွဲပြီးရင် ဆန်ကိုသွားပြန်အပ်ပေးရတယ်။ စပါးဆယ်တင်းကိုဆန်လေးတင်းပြန်အပ်ရတယ်။ ပိုတဲ့ဆန်နဲ့၊ ဆန်ကွဲတွေကိုခင်ဗျားရောင်းစားလို့ရတယ်။ အဲ့ဒါကြောင့် ဆန်ပိုစားလို့ခေါ်တာလေဗျာ။ ကျုပ်ရယ်၊ ကိုဘမောင်ရယ်၊ လေးလေးဆိပ်ဖွားရယ် 'ဇောင်းတလားအင်း' ကိုရောက်တော့ အင်းသူကြီးဦးစံခိုက ခင်ခင်မင်မင်နဲ့ကြိုဆိုတယ်ဗျ။ ကိုဘမောင်နဲ့က တော်တော်ခင်သလိုပဲ။ အင်းသူကြီးက အသက်သိပ်မကြီးသေးဘူး။ ကျုပ်စိတ်ထင်တော့ ငါးဆယ်တောင်ကျော်မယ်မထင်ဘူးဗျ။

"ဟာ..ကိုဘမောင်လာဗျ...ထိုင်ကြပါ။"

စားပွဲခုံမည်းမည်းကြီးရဲ့တစ်ဘက်ကစ်ချက်မှာ ခုံတန်းလျားကြီးနှစ်လုံးချထားတာဗျ။ အင်းသူကြီးကတစ်ဘက်မှာထိုင်လို့၊ ကျုပ်တို့သုံးယောက်က ဒီဘက်တန်းလျားမှာထိုင်လို့ပေါ့ဗျာ။

"အင်းသူကြီး...ဒါကျွန်တော့်သူငယ်ချင်းမောင်သောင်းပါ။ ဒါကမောင်သောင်းနဲ့ပါလာတဲ့သူငယ် မောင်တာတေတဲ့ဗျ။ သူတို့က အညာထနောင်းကုန်းကပါ။ ငါးပိ၊ ငါးခြောက်လေးတွေဝယ်ချင်လို့တဲ့။ အဲ့ဒါနဲ့ကျွန်တော်က အင်းသူကြီးဆီကိုလိုက်ပို့တာ"



www.burmeseclassic.com

www.burmeseclassic.com



“ဩော်...အညာကလာကြတာကိုး...။ ရှိပါတယ်ဗျာ၊ ရှိပါတယ်။ ငါးပိကောင်ဆိုရင်လည်း ငါးဖယ်ငပိကောင်၊ ငါးခူငပိကောင်၊ ငါးရံ့ငပိကောင် ကြိုက်တာရပါတယ်။ ငါးခြောက်ဆိုရင်လည်း ငါးခုံးမခြောက်ကစပြီး၊ ငါးရံ့ခြောက်ကြီးတွေအထိ အစုံရှိပါတယ်။ ဈေးကတော့ အစားစားပေါ့ဗျာ။ ကျုပ်ဆီမှာဝယ်လို့ကတော့ဈေးမများစေရဘူး။ အခုဟာက ကိုဘမောင်လည်း ပါလာတာဆိုတော့ တတ်နိုင်သလောက်ကျုပ် လျှော့ပေးပါ့မယ်”

လေးလေးဆိပ်ဖွားကို ငပိတွေ၊ ငါးခြောက်တွေပြတယ်။ ဈေးညှိကြ၊ ဈေးဆိုကြနဲ့အရောင်းအဝယ်စကားတွေပြောကြတာပေါ့ဗျာ။ နောက်ဆုံးတော့ လေးလေးဆိပ်ဖွားက သူ့မှာပါလာသမျှငွေတွေ အကုန်လုံးနဲ့ဝယ်လိုက်ရောဗျို့။ အင်းသူကြီး ဦးစံခိုရဲ့ ငပိ၊ ငါးခြောက်တွေကို လေးလေးဆိပ်ဖွားတော်တော်သဘောကျသွားပုံရတယ်။ အင်းသူကြီးရဲ့အလုပ်သမားတွေက ‘ရာဇူ’ကြီးနဲ့ ချိန်တာပေါ့ဗျာ။ ‘ရာဇူ’ဆိုတာ သစ်သားမောင်းတံမည်းမည်းကြီးနဲ့ချိန်ခွင်အကြီးကြီးကိုပြောတာဗျ။ တောင်းတစ်လုံးထည့်ပြီးချိန်နိုင်တာပေါ့။ အလေးဆိုရင်လည်း ငါးပိသသာအလေး၊ ဆယ်ပိဿာအလေးတင်နိုင်တယ်ဗျ။ ကျုပ်တို့တွေ ငပိ၊ ငါးခြောက်တွေချိန်တုန်းပဲရှိသေးတယ်ဗျ...။

“အင်းသူကြီး..အင်းသူကြီး ငထော်ဘာဖြစ်မှန်း





မသိလို့ဗျ”

အသက်သုံးဆယ်လောက်ရှိတဲ့လူတစ်ယောက် မျက်လုံးပြူး၊ မျက်ဆန်ပြူးနဲ့ အင်းသူကြီးရဲ့တိုက်ခံအိမ်ကြီးထဲကို အပြေးအလွှားဝင်လာတာဗျ.။ အပေါ်ပိုင်းမှာကဘာအင်္ကျီမှဝတ်မထားဘူး။ အလုပ်လုပ်ရင်းနဲ့ပြေးလာတဲ့ပုံပဲ။ ကျုပ်တို့သုံးယောက်လည်း လှည့်ကြည့်ကြတာပေါ့ဗျာ။

“ဟေ့ကောင်..ငရွှေ့ရှင်းရှင်းပြောစမ်း ငထော်ကဘယ်လိုဖြစ်တာတုန်း”

ငရွှေ့ဆိုတဲ့လူက မျက်လုံးကြီးပြူးပြီးအလန့်တကြားနဲ့ပြောတာဗျို့။

“ကျုပ်ရယ် ငထော်ရယ် စံမြတို့ညီအစ်ကိုရယ် အင်းကြီးမြောက်ဘက်က လမုတောဘက်မှာ ပိုက်ဆွဲနေကြတာဗျ။ ငထော်ကလှေကိုပဲ့ကိုင်ပေးနေတာ၊ အကောင်းသားကနေ အောင်မလေးဗျသေပါပြီလို့ အသံနက်ကြီးနဲ့ထအော်ပြီး လှေပေါ်ကနေရေထဲကိုပြုတ်ကျသွားတာဗျ။ ကျုပ်တို့လည်းလန့်ပြီးဆွဲလက်စပိုက်ကိုပစ်ချ၊ ငထော်ကိုရေထဲဆင်းစမ်းပြီး လှေပေါ်ကိုဆွဲတင်ကြရတာဗျ။ လှေပေါ်ရောက်ကတည်းက ပါးစပ်ကအမြှုတ်တွေထွက်ပြီး ဆန့်ငင်ဆန့်ငင်ဖြစ်နေတာသူကြီးရဲ့။”

“ဟေ..အခုဘယ်မှာတုန်း”

www.burmeseclassic.com



အင်းသူကြီးဦးစံခိုကထိုင်နေရာကနေချက်ချင်းဝုန်းကနဲထ တော့တာဗျို့။

"ဟိုနားမှာလှေဆိုက်ထားတယ်သူကြီး၊ ကုလားမန်ကျီး ပင်ကြီးအောက်မှာဗျ။"

အင်းသူကြီးကရှေ့ကနေပြေးထွက်သွားတယ်။ လာပြောတဲ့ ငရွှေဆိုတဲ့လူကနောက်ကလိုက်တယ်။ အဲ့နောက်က ကိုဘမောင်ကပြေးလိုက်သွားတယ်။ ကျုပ်နဲ့လေးလေးဆိပ်ဖွား လည်း ပြေးလိုက်ခဲ့ကြတာပေါ့ဗျာ။ ကျုပ်တို့နောက်မှာ ရာဇ္ဇချိန် နေတဲ့ အလုပ်သမားနှစ်ယောက်လည်းပါလာကြတယ်။ ကုလား မန်ကျီးပင်အောက်ရောက်တော့ ပိုက်ဆွဲတဲ့လှေကြီးပေါ်မှာ စန့်စန့် ကြီးလဲနေတဲ့လူရဲ့ဘေးမှာ လူနှစ်ယောက်ထိုင်ပြီးကြည့်နေကြ တယ်။

"ဟော့ကောင်စံမြ‥ငထော်လှုပ်သေးလား"

အင်းသူကြီးကလှေဘေးကိုဆင်းပြီး ငထော်ဆိုတဲ့လူကို ငုံကြည့်တယ်။ ကျုပ်တို့လည်းဝိုင်းကြည့်နေတာပေါ့ဗျာ။

"မင်းတို့ဟာက မဟုတ်သေးပါဘူး ငထော်ကအသက်မှ မရှိတော့တာဟ။ နေပါဦးကွ ဒီကောင့်ဗိုက်ကြီးကဘယ်လိုဖြစ်လို့ ပြားချပ်နေတာတုန်း"

"ကျုပ်တို့လည်းမသိဘူးဗျ၊ သူကြီးရ။ အကောင်းသား





ကြီးလှေလှော်နေရင်းကနေ အသံနက်ကြီးနဲ့အော်ပြီး ရေထဲကိုဝုန်း ကနဲပြုတ်ကျသွားတာပဲဗျ။"

"ဟော့ကောင် ငရွှေ့လှေထဲကခေါသွားယူစမ်း ငါမသက်ာ ဘူး"

အင်းသူကြီးရဲ့အမိန့်နဲ့ ငထော့်အလောင်းကိုမြေပေါ်ချပြီး အင်းသူကြီးကိုယ်တိုင်ဗိုက်ခွဲကြည့်တယ်ဗျ။ အင်မတန်ခေါင်တဲ့ ဒေသကအင်းကြီးတစ်အင်းထဲမှာပဲဗျာ။ ကိုယ်ကြိုက်တာလုပ်လို့ ရတာပေါ့။ ပုလိပ်တွေ၊ ရဲတွေ ဘယ်ရှိမတုန်း"

"ဟာ‥‥"

ဒီအသံက အင်းသူကြီးဦးစံခိုရဲ့အသံဗျ။

"ဟာ‥ဟာ‥မှာ‥ဟာ"

ဒီအသံတွေကတော့ ကျုပ်တို့ဝိုင်းကြည့်နေကြတဲ့ လူတွေ ရဲ့အံ့ဩတဲ့အသံတွေပေါ့ဗျာ‥။ အံ့ဩမယ်ဆိုရင်လည်း အံ့ဩစရာ ပဲလေ။ ငထော့်ဗိုက်ကိုခွဲကြည့်တော့ ဗိုက်ထဲမှာ အူတွေ၊ အသည်းတွေဟာ ဘာမှမရှိတော့ဘူးဗျ။ ဒါကြောင့် ငထော့်ရဲ့ဗိုက် ကပြားချပ်နေတာကိုး။ အင်းသူကြီးက မျက်မှောင်ကြုပ်ပြီးခေါင်း ရမ်းတယ်။ ပြီးတော့ ပုဆိုးဟောင်းတစ်ထည်ယူပြီး ငထော့် အလောင်းရဲ့ဗိုက်မှာတင်းတင်းစီးလိုက်တယ်။ နောက်တော့ အင်းသူကြီးက အနောက်ဘက်က သဲဘော့တောထဲမှာ ဂျုင်း



www.burmeseclassic.com

www.burmeseclassic.com



နက်နက်တူးပြီး ငထော့်အလောင်းကို သဂြိုလ်လိုက်ကြတယ်။ သဘော့တောဆိုတာ သဘော့ပင်တွေချည်းပေါက်တဲ့နေရာလေဗျာ။ သဘော့ပင်ဆိုတာ အောက်ပြည်မှာ ဖျာကြမ်းကြီးတွေရက်တဲ့ အပင်ပေါ့ဗျ။

"သနားပါတယ်ဗျာ ငထော်ဆိုတဲ့ကောင်လေးက ဆွေမရှိမျိုးမရှိ တစ်ကောင်ကြွက်ဗျ။ ဟိုး..ပင်လယ်ဘက်နေ ကျုပ်အင်းကိုရောက်လာပြီးအလုပ်လုပ်နေတာ။"

အင်းသူကြီးက ငထော့်အတွက်စိတ်မကောင်းဖြစ်ပြီးပြောတာဗျ။ ကျုပ်ဖြင့်ဒီအဖြစ်မျိုးကိုတစ်ခါမှ မမြင်ဘူးတာပါ။ လူတစ်ယောက်အကောင်းကနေ အသံနက်ကြီးနဲ့အော်ပြီးသေသွားတယ်။ သေတော့ ဗိုက်ထဲမှာ အူတွေ၊ အသည်းတွေ၊ နှလုံးတွေ ဘာမှမရှိတော့ဘူးဖြစ်သွားတယ်။

ငထော့်ကိုသဂြိုလ်ပြီးတော့ အင်းသူကြီးက သူ့အလုပ်သမားတွေအားလုံးကိုစုလိုက်တယ်။ အလုပ်သမားတွေနေတဲ့တဲကြီးက အကြီးကြီးဗျ။ ခြေတံရှည်ဆောက်ထားတာ။ ဒါမှမိုးတွင်းဘက် ရေဝင်ရင်ရေလွတ်မှာပေါ့ဗျာ။ အလုပ်သမားတွေအားလုံးစုံတော့ အင်းသူကြီးကသူ့လူတွေကိုမေးတယ်။

"မင်းတို့ငါ့ကိုအမှန်အတိုင်းပြောကြစမ်းကွာ၊ ညက ငထော်ဘာလုပ်တုန်း"





အင်းသူကြီးမေးတာကို ဘယ်သူမှမဖြေကြဘူးဗျ၊ ငြိမ်နေကြတယ်။

'ဝုန်း...ဝုန်း...'

'ကျွီ...ကျွီ...ကျွီ..'

'ဝုန်း...ဝုန်း...ဝုန်း..'

"ဟာ..ဘာဖြစ်တာတုန်း၊ အောင်မလေး ငလျင်လှုပ်တာများလား"

ခြေတံရှည်တဲအိမ်ကြီးက ဒွက်ဒွက်ခါအောင်ကိုရမ်းနေတာဗျို့။ အလုပ်သမားတွေဆိုတာလန့်ပြီးအော်တာ ကျွတ်ကျွတ်ကိုညံ့ရော။

"ဟေ့ကောင်တွေ မြန်မြန်ပြော မပြောရင်မင်းတို့တဲပြိုကျလိမ့်မယ်။"

အင်းသူကြီးကဒေါသနဲ့အော်ပြောတယ်ဗျ။

"ငထော်ညက အင်းသူကြီးတင်ထားတဲ့လမုတောက ကြက်ကြော်နဲ့အရက်ပုလင်းကို သောက်ပစ်လိုက်တယ်ဗျ။ ကျုပ်တားတာကျုပ်ကိုထိုးမယ်ကြိတ်မယ်လုပ်လို့ မပြောတော့ဘဲကြည့်နေလိုက်ရတာဗျ။ ကြက်ကောင်လုံးကြော်ကြီးလည်းကုန်ကော အရက်ပုလင်းလဲကုန်ကောပဲဗျ။"

"ဘာကွ...ငရွဲ့၊ ငထော်က ငါ့အင်းကြီးတစ္ဆေတင်ထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကြက်ကောင်လုံးကြော်ကြီးကို အကုန်စားပစ်ပြီး အရက်တစ်ပုလင်းလုံးကုန်အောင်သောက်ပစ်တယ်ဟုတ်လား..။ ဖြစ်မှဖြစ်ရလေကွာ...''

''ဝုန်း..ဝုန်း..ကျွိ..ကျွိ..''

ခြေတံရှည်တဲ့အိမ်ကြီးက သွက်သွက်ကိုခါနေတော့တာပဲဗျို့။ နေ့ခင်းကြောင်တောင်ကြီးမှာဒီလိုမျိုးဖြစ်တာ ကျုပ်တော့ မကြုံဘူးပါဘူးဗျာ။

''တစ္ဆေကြီးကျုပ်တောင်းပန်ပါတယ်။ ကျုပ်လူကတစ္ဆေကြီးကိုစော်ကားသလိုဖြစ်သွားတဲ့အတွက် တောင်းပန်ပါတယ်ဗျာ။ ဒီနေ့ညနေနွားရိုင်းသွင်းချိန်ကျရင် ကြက်နှစ်ကောင်ကြော်ပြီး အရက်နှစ်ပုလင်းနဲ့ နှစ်ဆတင်မြှောက်ပါ့မယ်။ ကျေနပ်ပါဗျာ.. ကျေနပ်ပါ..ကျေနပ်ပါ..အင်းကြီးတစ္ဆေခင်ဗျား''

ဟော...ငြိမ်သွားပြီဗျို့။ တဲအိမ်ကြီးကိုကိုင်ပြီးမလှုပ်တော့ဘူးဗျ။ ကျုပ်တို့လည်း အင်းသူကြီးနဲ့အတူတူပဲ သူ့ရဲ့တိုက်ခံအိမ်ကြီးကိုပြန်လာခဲ့ကြတယ်။ အိမ်ရောက်တာနဲ့ သူ့လူတွေကို ကြက်ကြီးကြီးနှစ်ကောင်ဝယ်ပြီးကြော်ခိုင်းတယ်။ အရက်လည်း ကောင်းကောင်းနှစ်ပုလင်းဝယ်ခိုင်းတယ်ဗျ။

''ကျုပ်ဒီအင်းကိုမရခင်ကတည်းက ဒီတစ္ဆေကြီးက ဒီဇောင်းတလားအင်းမှာရှိနေတာဗျ။ ကျုပ်ကိုအိမ်မက်ပေးတယ်။





သူ့ကိုတစ်လတစ်ခါ အရက်နဲ့ကြက်ကြော်ကြွေးပါတဲ့ သူဒီအင်းကြီးကိုစောင့်ရှောက်ပါ့မယ်တဲ့ဗျာ။ ကျုပ်ဖြင့်ဒီတုန်းက အိမ်မက်မှုံ့သာပေါ့ ကြောက်လိုက်တာကိုဘမောင်ရာ အိမ်မက်ထဲမှာမြင်ရတဲ့ အင်းကြီးတစ္ဆေဆိုတဲ့ကောင်ကြီးက နည်းတာကြီးမဟုတ်ဘူးဗျ''

''အဲဒါနဲ့ သူကြီးကအမြဲတင်နေရတာပေါ့''

''ဒါပေါ့ဗျ...၊ ကျုပ်ကသူ့ကိုစေတနာနဲ့ကိုကျွေးတာပါဗျာ။ ခုချိန်ထိတစ်လမှကို မပျက်သေးဘူး။ ကျုပ်တို့ကိုလည်း စောင့်ရှောက်ပါတယ်။ ကျုပ်တို့မှာသူစောင့်ရှောက်ပေးလို့ စီးပွားဆိုတာလည်းတတ်လိုက်တာ မပြောပါနဲ့ဗျာ။''

''နို့..နေပါဦးသူကြီးရဲ့ သေသွားတဲ့ကိုထော်ကအရူတွေ အသဲတွေမရှိတော့တာဘာဖြစ်လို့တုန်းဗျ။''

ကျုပ်က အင်းသူကြီးကိုမေးလိုက်တာဗျ။ ဒီတော့ ကိုဘမောင်ကမျက်နှာပျက်သွားပြီး အတင်းပြာပြာသလဲ ဝင်ပြောတယ်ဗျ။

''ဒါက ဟောဒီငပိကုန်သည်မောင်သောင်းနဲ့ပါလာတဲ့ မောင်တာတေပါအင်းသူကြီး၊ မောင်တာတေကဆရာသမားတွေ နဲ့မကြာမကြာလိုက်ဖူးတော့ ဒီကိစ္စတွေမှာဗဟုသုတရှိသင့်သလောက်ရှိတဲ့သူပါသူကြီး ပြီးတော့သူက ဒါမျိုးတွေကို တော်တော်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားတာဗျ သူကြီးရ”

အင်းသူကြီးက ကျုပ်ကိုသေသေချာချာကြည့်ပြီး ပြောတယ်ဗျ။

“ဩော်..ဒီလိုကွဲ့မောင်တာတေရဲ့ အင်းကြီးတစ္ဆေက တော်တော်ကြမ်းတဲ့နာနာဘာဝကောင်ကြီးကွ၊ သူ့ကိုတင်မြှောက်ကျွေးထားတဲ့ အစားအသောက်တွေကို ယူပြီးစားပစ်လိုက်တော့ ငထော်ရဲ့ အူတွေ၊ အသဲတွေ၊ နှလုံးတွေကို ဆွဲနှုတ်ပြီးစားပစ်လိုက်တာကွဲ့ မောင်တာတေရဲ့”

“ဗျာ..အူတွေ၊ အသဲနှလုံးတွေကိုဆွဲနှုတ်စားလိုက်တယ်ဟုတ်လား...”

“အင်း..ဟုတ်တယ်မောင်တာတေ၊ ဒီလိုအင်းကြီးတွေမှာနေတဲ့ အင်းကြီးတစ္ဆေတွေက အလွန်ရိုင်းစိုင်းကြမ်းတမ်းကြတာကွဲ့၊ နဲနဲမှကို အမှားမခံကြဘူး။ မှားတာနဲ့ အသေသတ်ကြတာပဲ”

“ဟာ..တယ်လည်းကြောက်စရာကောင်းပါလား”

ကျုပ်ဖြင့် အင်းသူကြီးပြောတာကို ကြားတာနဲ့တင် ကြက်သီးဖြန်းဖြန်းထမိတာဗျို့။ အဲဒီ့နေ့က ကျုပ်အကြောင်းကိုလေးလေးဆိတ်ဖွားကထပ်ပြီးပြောလိုက်တော့ အင်းသူကြီးဦးစံခိုက ကျုပ်ကို ပြောတယ်ဗျ။







“နေရာကျလိုက်လေ မောင်တာတေရယ်...၊ ဦးလည်း ဒီအကောင်ကြီးကို တစ်လတစ်ခါသာသွားပြီး ကျွေးမွေးနေတာ ကြောက်တော့ကြောက်သားကွ၊ မောင်တာတေဒီညနေကျုပ်နဲ့ အဖော်လိုက်ခဲ့နိုင်ရင်တော့ ကောင်းသားကွာ”

လေးလေးဆိတ်ဖွားကော၊ ကိုဘမောင်ကောတိုက်တွန်းတာနဲ့ ကျုပ်အဲဒီ့ညနေမှာ အင်းသူကြီးဦးစံခိုနဲ့ အင်းကြီးရဲ့မြောက်ဘက်မှာရှိတဲ့ လမုတောကိုလိုက်ခဲ့တယ်ဗျို့။ မျက်ကွင်းဆေးတော့ ကွင်းခဲ့တာပေါ့ဗျာ။

‘ကျွိ..ကျွိ..ကျွိ’

တကျွိကျွိနဲ့ ဖောက်တူလေးက လမုတောမှာလှေဦးထိုးပြီး ကပ်လိုက်တယ်။ ဖောက်တူခတ်တာ ကိုရွှဲ့ဗျ။ လမုတောကြီးထဲမှာ ဇကောကြီးတစ်ချပ်နဲ့ထည့်ထားတဲ့ကြက်ကြော်နှစ်ကောင် အရက်နှစ်ပုလင်းနဲ့ ထမင်းဖြူတွေကို တင်နေကျသစ်သားခုံတန်းမှာတင်ပြီး အင်းသူကြီးက အင်းကြီးတစ္ဆေကို ပင့်ဖိတ်ပြီးကျွေးတယ်ဗျ။

‘ဖျောင်း...ဖျောင်း...ဖျောင်း...ဝုန်း...ဝုန်း’

သစ်ကိုင်းချောက်တွေကိုနင်းပြီး ရေစပ်ထဲကိုဖြတ်လျှောက်လာတဲ့ အင်းကြီးတစ္ဆေကိုကျုပ်မြင်လိုက်ရတယ်။

‘ဟာ...’



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လို တစ္ဆေ၊ သရဲတွေကိုမြင်နေကျကောင်တောင်လန့်သွားမိတယ်ဗျ။ နည်းနည်းနောနောအကောင်ကြီးမှမဟုတ်တာဗျာ။ ကျုပ်စိတ်ထင်တော့ အရပ်ကြီးကဆယ်ပေတော့ရှိမယ်ထင်တယ်။ ကိုယ်လုံးက စပါးပုတ်ကြီးလောက်ရှိတယ်။ တကိုယ်လုံးအမွေး မည်းမည်းကြီးတွေအုပ်နေတာဗျ။ ပါးစပ်ကြီးကပြဲပြီး အစွယ်ကြီး တွေမှ ဖွေးနေတာပဲ။

ဟာ...စားပြီဗျို့။ ကြက်ကောင်လုံးကြော်ကြီးကိုပါးစပ်ပြဲပြဲကြီးထဲထည့်ပြီးစားနေတာ၊ ဟာအရက်ပုလင်းကိုကောက်ကိုင်ပြီးမော့လိုက်တာ တမော့ပဲဗျို့။ ထမင်းတွေကိုလည်းလက်ခုပ်ကြီးနဲ့ကျုံးပြီး သူ့ပါးစပ်ကြီးထဲကိုထည့်တော့တာဗျို့။ အင်းကြီးတစ္ဆေစားသောက်နေတာ ကျုပ်တစ်ယောက်ပဲမြင်တာဗျို့။ အင်းသူကြီးနဲ့လေ့ခတ်နေတဲ့ကိုရွှဲ့က ဘယ်မြင်မတုန်းဗျ။

"သူကြီးသွားစို့ဗျာ"

ကျုပ်ကလှုံ့ဆော်ပြီးလှေကို ကိုရွှဲ့ကခတ်ပြီး ပြန်ခဲ့ကြတယ်။

"မောင်တာတေဘယ်လိုတုန်း အင်းကြီးတစ္ဆေလာရဲ့လား"

"ဟာ...သူကြီးရယ်လာတာမှ နည်းတဲ့အကောင်ကြီးမဟုတ်ဘူး"





"စားရောစားရဲ့လားကွဲ့"

"အို..စားလိုက်တာမှသူကြီးရာ ဂျိုးဂျိုးဂျွတ်ဂျွတ်နဲ့တောင် နေရောဗျ။ သောက်လိုက်တာလည်းဂွပ်ကနဲဂွပ်ကနဲကိုဖြစ်နေတာဗျ။"

'ဟား..ဟား..ဟား..ဟား'

အင်းသူကြီးဦးစံခိုရဲ့ရယ်သံကြီးက အင်းရေပြင်ကြီးတစ်ခုလုံးကိုဖုံးလွှမ်းသွားတာပေါ့ဗျာ။

တာတေ

□□□

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com